# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၃၃/၂၀၂၂ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၂ ခုနှစ်၊ မတ်လ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၁၅၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ )

## မာတိကာ


– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅

– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစိန်ရတုပြတိုက်၊ MRTV News Channel နှင့် MRTV DTH စနစ် ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၇

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်း ၁၁

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂)တွင် ပြောကြားသည့်အမှာစကား ၂၇

၄။ မကွေးပြည်သူ့ဆေးရုံကြီးရှိ အသစ်ထပ်မံဆောက်လုပ်ထားရှိသည့် သားဖွားမီးယပ်နှင့် မွေးကင်းစကလေး သုံးထပ်ကုသဆောင်အတွင်း ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၃၃

၅။ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာစဉ် ပြောကြားသည့်အမှာစကား ၃၅

၆။ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့် စိုက်ပျိုးရေးတောင်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးပြောကြားသည့် အမှာစကား ၃၉

၇။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည့်အမှာစကား ၄၄

၈။ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း ၄၆

၉။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံပြောကြားသည့်အမှာစကား ၅၄
၁၀။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၆၀
၁၁။ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား စစ်ဆေးစဉ်ပြောကြားသည့်အမှာစကား ၆၄
၁၂။ တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်တို့မှ အရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံပြောကြားသည့်အမှာစကား ၆၆
၁၃။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့တို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၇၀
၁၄။ မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၇၅
၁၅။ အကြိမ် (၅၀) မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ ပေးပို့ပြောကြားသည့်အမှာစကား ၇၉

## သဝဏ်လွှာများ

၁။ (၇၅) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၈၅
၂။ ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၈၈
၃။ (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၉၁

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစိန်ရတုပြတိုက်၊ MRTV News Channel နှင့် MRTV DTH စနစ် ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁ - ၂ - ၂၀၂၂ )





(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစိန်ရတုပြတိုက်၊ MRTV News Channel နှင့် MRTV DTH စနစ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၁ ရက်၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများ၊ အနုပညာရှင်များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြားစိန်ရတုပြတိုက်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြတိုက်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်း ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားစိန်ရတုပြတိုက် Mini Theatre အတွင်း၌ MRTV စိန်ရတုပြတိုက်ဆီသို့ Video Clip ကို ကြည့်ရှုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စိန်ရတုပြတိုက် ဖွင့်ပွဲအထိမ်းအမှတ်

တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနမှ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် အဆောက်အအုံပုံစံငယ်များနှင့် တာဝါပုံစံငယ်များ၊ ရုပ်သံရိုက်ကူးထုတ်လွှင့်ခြင်းဆိုင်ရာ စက်ပစ္စည်းများနှင့် မော်တော်ယာဉ်များ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ၏ မှတ်တမ်းဓာတ်ပုံများ၊ (၇၅)နှစ် သက်တမ်းရှိ မြန်မာ့ဆိုင်းဝိုင်းကြီး၊ ခေတ်ပေါ်တီးဝိုင်းနှင့် တူရိယာပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ တူရိယာပစ္စည်းများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် ဓာတ်ပြားစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ မဟာဂီတနှင့် တေးဂီတဆိုင်ရာ စာအုပ်စာစောင်များအပါအဝင် ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့်သက်ဆိုင်သည့် အခြားစက်ပစ္စည်းကိရိယာပြခန်းများအား လှည့်လည်ကြည့်ရှုကြပြီး စိန်ရတုပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**တက်ရောက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံ Auditorium ၌ ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV News Channel နှင့် MRTV DTH စနစ်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက " MRTV နှင့် ကောင်းသောနေ့ " တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်တာဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

**လွတ်လပ်ရေးနှင့်အတူ တည်ရှိလာ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံသည် လွတ်လပ်ရေးနှင့်အတူ တည်ရှိလာသော ဌာနတစ်ခုဖြစ်ပြီး တစ်နိုင်ငံလုံးကို အသိပညာနှင့် ဗဟုသုတဖြန့်ဖြူးပေးသော ဌာနကြီးဖြစ်ကြောင်း၊ ယခုအခါ စိန်ရတုကာလကျော်လွန်လာပြီဖြစ်ကြောင်း၊ ယခင်နှစ်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိစဉ် စိန်ရတုပြတိုက် တည်ဆောက်ရေးစီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုတစ်နှစ်ပြည့်မြောက်သည့်နေ့တွင် အဆောက်အအုံကို ဖွင့်လှစ်နိုင်သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဦးစွာပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ပြီး တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်ကို ချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား ပြည်သူများ၏လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းစေဖို့နှင့် ရည်မှန်းချက်တာဝန်များ ပိုမိုအဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အိမ်စောင့်အစိုးရဖွဲ့စည်းပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊

**ဝိုင်းဝန်းထူထောင်ဆောင်ရွက်**

တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကို တရားမျှတသော၊ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်တစ်ခုဖြစ်အောင် ဝိုင်းဝန်းထူထောင်ဆောင်ရွက်ပေးလျက်

> မီဒီယာကဏ္ဍအနေဖြင့်
> ပြည်သူများအတွက် ဒီမိုကရေစီနှင့်
> ပတ်သက်သည့် အသိပညာ၊ အတွေးအခေါ်များ
> ရရှိစေရန်နှင့် လူငယ်လူရွယ်များအားလုံး
> ပညာရေးလမ်းကြောင်းပေါ်တွင်
> ကောင်းမွန်စွာ ရပ်တည်နိုင်ရန်၊
> ခေတ်ပညာတတ်လူငယ်များဖြစ်အောင်
> ပံ့ပိုးပေးမှု၊ စေ့ဆော်တိုက်တွန်းပေးမှု၊
> လမ်းညွှန်ပြသမှုတို့ဖြင့်
> လုပ်ဆောင်ပေးကြရမည်ဖြစ်။

ရှိပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့အခြေအနေတွင် ပြည်ပ ပယောဂအနှောင့်အယှက်များကင်းရှင်းစေရန်နှင့် ပြည်တွင်းနိုင်ငံရေးဖြစ်စဉ်များကို တရားဥပဒေဘောင်အတွင်းက အေးချမ်းတည်ငြိမ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်သကဲ့သို့ ဆူပူအုံကြွမှုများဖန်တီးပြီး အကြမ်းဖက်လမ်းစဉ်များဖြင့် တိုင်းဖျက်ပြည်ဖျက်လုပ်ဆောင်နေမှုများကို ပြည်သူအားလုံးက အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း နားလည်သဘောပေါက်ကြရန်နှင့် ဝိုင်းဝန်းဆန့်ကျင်ဟန့်တားပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မီဒီယာကဏ္ဍအနေဖြင့် ပြည်သူများအတွက် ဒီမိုကရေစီနှင့်ပတ်သက်သည့် အသိပညာ၊ အတွေးအခေါ်များရရှိစေရန်နှင့် လူငယ်လူရွယ်များအားလုံး ပညာရေးလမ်းကြောင်းပေါ်တွင် ကောင်းမွန်စွာရပ်တည်နိုင်ရန်၊ ခေတ်ပညာတတ်လူငယ်များဖြစ်အောင် ပံ့ပိုးပေးမှု၊ စေ့ဆော်တိုက်တွန်းပေးမှု၊ လမ်းညွှန်ပြသမှုတို့ဖြင့် လုပ်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများ၊ ကောလာဟလများ ထုတ်လွှင့်ပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်စေရန်၊ ဆူပူအုံကြွစေရန် သွေးထိုးလှုံ့ဆော်ထုတ်လွှင့်မှုများ မပြုလုပ်ကြရန် ဝိုင်းဝန်းဆန့်ကျင်တားမြစ်ပေးကြရမည်ဖြစ်ပြီး မှန်ကန်သည့် သတင်းအချက်အလက်များကို ပြည်သူလူထုထံရောက်အောင် ထုတ်လွှင့်ဖော်ပြပေးနိုင်ရန် လိုအပ်ပါကြောင်း။

နိုင်ငံပိုင်မီဒီယာဖြစ်သည့် MRTV အနေဖြင့် ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့်ပြည်သူအကျိုးအတွက် ဦးထိပ်ထားကာ စီစဉ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကို မီဒီယာနည်းလမ်းများဖြင့် အောင်မြင်အောင်ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်း။

**စနစ်တကျခင်းကျင်းပြသ**

MRTV အနေဖြင့် ဖြတ်သန်းခဲ့သည့် (၇၅)နှစ်တာကာလအတွင်း တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှု သမိုင်းမှတ်တမ်းများ၊ ထုတ်လုပ်တင်ဆက်ခဲ့မှုများ၊ အသုံးပြုခဲ့ကြသည့် အသုံးအဆောင်နှင့်ယာဉ်၊ စက်ပစ္စည်းကိရိယာများကို မပျောက်ပျက်အောင်ပြုပြင်ထိန်းသိမ်းပြီး စနစ်တကျခင်းကျင်းပြသပေးရန်လိုအပ်သကဲ့သို့ ပစ္စည်းကိရိယာများ ရှိသေစွာ ကိုင်တွယ်အသုံးပြုတတ်ရန်၊ တန်ဖိုးထားစုဆောင်းထိန်းသိမ်းတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် MRTV စိန်ရတုပြတိုက်ငယ်ကို ယခင်ကပင်မအဆောက်အအုံအတွင်း သီးခြားအခန်းတစ်ခုတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့တာဝန်ယူပြီးစအချိန်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို လာရောက်ကြည့်ရှုစစ်ဆေးချိန်တွင် ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ထည်ဝါခဲ့ညားသည့် ဂုဏ်ဒြပ်နှင့်အညီ MRTV စိန်ရတုပြတိုက်ကို ပင်မအဆောက်အအုံရှေ့တွင် သီးခြားတည်ဆောက်နိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျဖြင့် ခင်းကျင်းပြသရန်အတွက်လည်း အသေးစိတ်စီစဉ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သဖြင့် ယနေ့တွင် MRTV စိန်ရတုပြတိုက်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

**ခင်းကျင်းပြသထား**

ယခုအခါ MRTV စိန်ရတုပြတိုက်တွင်ပုံစံငယ်များ၊ ရိုက်ကူးရေးယာဉ်များ ထိန်းသိမ်းထားရှိမှုများ၊ စက်ပစ္စည်းနှင့် အသုံးအဆောင်များ၊ ဓာတ်ပြားနှင့် တိပ်ကြိုးခွေများ၊ တူရိယာပစ္စည်းများကို ကဏ္ဍအလိုက် လေ့လာနိုင်အောင် ခင်းကျင်းပြသထားခြင်း ဖြစ်ပါကြောင်း။

ထို့အပြင် သတင်းဖတ်ကြားထုတ်လွှင့်သည့်အခန်းများ၊ Virtual Studio အသုံးပြု ရိုက်ကူးမှုများကို လေ့လာနိုင်မည်ဖြစ်သလို MRTV မှာ ခေတ်အဆက်ဆက်က အသုံးပြုခဲ့ကြသည့် ပစ္စည်းကိရိယာများကို တစ်စုတစ်စည်းတည်းတွေ့မြင်နိုင်စေရန် ခင်းကျင်းပြသပေးထားခြင်းဖြစ်သဖြင့် တန်ဖိုးမဖြတ်နိုင်သည့် အသိပညာဗဟုသုတများနှင့် အတွေးအမြင်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

MRTV စိန်ရတုပြတိုက် ဖွင့်လှစ်မှုနှင့် တစ်ဆက်တည်း MRTV News Channel ကို စမ်းသပ်ထုတ်လွှင့်မှုမှ ပုံမှန်ထုတ်လွှင့်သွားရန်အတွက် MRTV DTH စနစ်ကိုလည်း လွှမ်းခြုံထုတ်လွှင့်နိုင်ရန် စတင်ဖွင့်လှစ်ပေးမည်ဖြစ်ပါကြောင်း၊ ယနေ့စတင်ဖွင့်လှစ်မည့် MRTV News Channel သည် တချို့ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံကိုအန္တရာယ်ရှိစေမည့်သတင်းအတုအယောင်၊ သတင်းမှားများ၊ ကောလာ

ဟာလများနှင့် တိုင်းပြည်တွင်မငြိမ်မသက်ဖြစ်စေရန်၊ ဆူပူအုံကြွစေရန် သွေးထိုးလှုံ့ဆော်လုပ်ကြံဖန်တီးလာမှုများအပေါ် သတင်းမှန်များ လျင်မြန်စွာထုတ်ပြန်ခြင်းဖြင့် ပြည်သူများ သတင်းမှန်သိရှိပိုင်ခွင့်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါကြောင်း၊ MRTV News Channel သည် နိုင်ငံတကာသတင်းများကို လျင်မြန်စွာ ဘာသာပြန်ဆို တင်ဆက်ပေးခြင်းဖြင့် ကမ္ဘာ့အရပ်ရပ်မှာ ဖြစ်ပျက်နေသည့်၊ သိသင့်သိထိုက်သည့် သတင်းများကို ပြည်သူများ လျင်မြန်စွာသိရှိခွင့်ရရှိပြီး ဗဟုသုတများစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် ယနေ့စတင်ဖွင့်လှစ်မည့် MRTV DTH စနစ်သည်လည်း မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံထုတ်လွှင့်နိုင်မည်ဖြစ်ပါကြောင်း၊ MRTV အနေဖြင့် ၁၉၈၀ ပြည့်နှစ်က Analogue စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ရာမှ ၂၀၁၃ ခုနှစ်မှာ Digital (DVB–T2) စနစ်ဖြင့် တိုးချဲ့ထုတ်လွှင့်နိုင်ခဲ့သလို ယခုအခါမှာ Digital (DTH) စနစ်ဖြင့် ထပ်မံတိုးမြှင့်ထုတ်လွှင့်နိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုများကြောင့် နိုင်ငံပိုင်ရုပ်သံထုတ်လွှင့်မှုသည် Digitalization ဖြစ်သည့် ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲမှုတွင် ခေတ်နှင့်အညီလိုက်ပါနိုင်ခြင်းဖြစ်သကဲ့သို့ နိုင်ငံအတွင်းမှာ တရားမဝင်စလောင်းများ ပပျောက်ရေးအတွက်လည်း အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

**အဓိက ဒေါက်တိုင်တစ်ခုဖြစ်**

ထို့ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ ပြည်သူများ၏ လူမှုအကျိုးစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍတွင် အဓိကဒေါက်တိုင်ကြီးတစ်ခုဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကိုဦးဆောင်မည့် မျိုးဆက်သစ်လူငယ်များကို မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်ရရှိစေရန် ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ပဓာနကျသည့် မီဒီယာကြီးလည်း ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများအကြားခိုင်မာသည့် ပေါင်းကူးတံတားသဖွယ် ဖြစ်အောင်လည်း တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံးလိုလားတောင့်တနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နေချိန်ဖြစ်သလို နိုင်ငံတော်အစိုးရအနေဖြင့်လည်း တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းသည့်နိုင်ငံ၊ သာယာဝပြောသည့်နိုင်ငံ၊ နိုင်ငံတော်ကြီးဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေမည့်ကဏ္ဍအားလုံးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့်လည်း နိုင်ငံအကျိုး၊ နိုင်ငံသားများအကျိုးကို စိတ်ကောင်းစေတနာအပြည့်၊ ဖွဲ့လုံ့လအပြည့်ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပိုမိုသယ်ပိုးစွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်း

( ၂ - ၂ - ၂၀၂၂ )



**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ဒီနေ့ဟာဆိုရင် ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်ခဲ့တာ တစ်နှစ်ပြည့်မြောက်တဲ့နေ့ဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူများအားလုံး ကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကင်းဝေးပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

တပ်မတော်က နိုင်ငံတော်တာဝန်ရယူထိန်းသိမ်းခဲ့ရတဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီး တင်ပြချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲဟာ ၅ နှစ်တစ်ကြိမ်ပြုလုပ်ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးချယ်တဲ့ အထွေထွေရွေးကောက်ပွဲဖြစ်ပါတယ်။ အဲဒီလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ပြည်ထောင်စုလွှတ်တော်ကနေ နိုင်ငံတော်ဒုတိယသမ္မတများ၊ အဲဒီထဲကမှ နိုင်ငံတော်သမ္မတကို ရွေးချယ်ရပါတယ်။ သမ္မတကအစိုးရအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းပါတယ်။ တရားသူကြီးချုပ်နဲ့ တရားသူကြီးတွေကို ခန့်အပ်ကာအတည်ပြုတာပြုလုပ်ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်စတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ အကြီးအကဲတွေ၊ ပါဝင်ကြသူတွေဟာ ရွေးကောက်ပွဲမှတစ်ဆင့် တိုက်ရိုက်/သွယ်ဝိုက် ရွေးချယ်/တာဝန်ပေးခံရသူတွေဖြစ်တဲ့အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဟာ မြန်မာ့ဒီမိုကရေစီစနစ်၊ နိုင်ငံရေးစနစ်ရဲ့အုတ်မြစ်ပဲဖြစ်ပါတယ်။ အလွန်အရေးကြီးပါတယ်။

ဒါကြောင့် ရွေးကောက်ပွဲဟာ သန့်ရှင်းစစ်မှန်ပြီး ပြည်သူ့ဆန္ဒကို အမှန်တကယ်ဖော်ပြနိုင်ဖို့ လိုပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး "လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေး"အတွက် ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲမကျင်းပမီနဲ့ ကျင်းပအပြီး အခမ်းအနားတွေမှာ ၂၄ ကြိမ် ထုတ်ဖော်ပြောကြားခဲ့ကာ တရားဝင် သတင်းထုတ်ပြန်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ ရွေးကောက်ပွဲမှာ တပ်မတော်က စိစစ်တွေ့ရှိရတဲ့ မဲမသမာမှု ၁၀,၄၈၂,၁၁၆(၁၀ သန်းကျော်၊ မဲပေးသူဦးရေရဲ့ ၄ ပုံ ၁ ပုံခန့်) ရှိကြောင်းကို ဒီဇင်ဘာလ ၂၃ ရက်နေ့ကစပြီး ထုတ်ပြန်ချက်တွေ ထုတ်ပြန်ခဲ့ပါတယ်။

မဲမသမာမှုတွေဟာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်လို့ တပ်မတော်နဲ့နိုင်ငံရေးပါတီတွေမှ UEC အဆင့်၊ အဲ့ဒီကမှ ပြည်ထောင်စုလွှတ်တော်အဆင့်၊ နောက်အစိုးရအဆင့် ဖြေရှင်းပေးဖို့ ဥပဒေနဲ့အညီတောင်းဆိုခဲ့ပါတယ်။ မဲမသမာမှုတွေကို ရင်ဆိုင်မဖြေရှင်းရဲဘဲ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကို ခေါ်ယူဖို့ မတရားကြိုးပမ်းမှုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့် ရယူဖို့ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်ရဲ့ ဒီမိုကရေစီလျှောက်လှမ်းမှုကို ကြီးမားတဲ့အခက်အခဲတွေ ဖြစ်ပေါ်လာစေမှာဖြစ်လို့ နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာကာ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခဲ့ရပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

နိုင်ငံတော်တာဝန်ကို ရယူထိန်းသိမ်းပြီးနောက် ကျွန်တော်တို့အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်မှာ ပထမဦးဆုံးအချက်ဖြစ်တဲ့ "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်း အပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနဲ့အညီ ဆက်လက်လုပ်ဆောင်ခြင်း" ကို ပြုလုပ်ခဲ့ပါတယ်။ ရွေးကောက်ပွဲကျင်းပခဲ့တဲ့မြို့နယ် ၃၁၅ မြို့နယ်ကိုစစ်ဆေးခဲ့ရာမှာ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့သူ ၄,၆၄၈,၂၇၀ ဦး(၄.၆ သန်းကျော်) အသက် ၁၈ နှစ်မပြည့်ဘဲ မဲပေးခဲ့သူ ၁၄,၄၁၂ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲပေးခဲ့သူ ၂၀,၅၆၆ ဦး၊ ၂ ကြိမ်နဲ့ ၃ ကြိမ်အထက် မဲပေးခဲ့သူ ၃,၈၉၁,၆၁၁ ဦးအပါအဝင် မဲမသမာမှုစုစုပေါင်း ၁၁,၃၀၅,၃၉၀ ဦး(၁၁ သန်း ၃ သိန်းကျော်) ရှိကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ် ရွေးကောက်ပွဲတွေကို ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်တွေမှာ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲတွေမှာ ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှု အချို့ရှိခဲ့ပေမယ့် ပြေလည်အောင်ဖြေရှင်းနိုင်ခဲ့ပါတယ်။ ဒီ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာတော့ မဲမသမာမှုတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေက ရင်ဆိုင်မဖြေရှင်းရဲတဲ့ အခြေအနေအထိ မသမာမှုများဖြစ်ပေါ်ခဲ့ပါတယ်။ ဒီလုပ်ရပ်ဟာ ၁၀ နှစ်သာရှိသေးတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီကျင့်သုံးမှုအပေါ် အလေးထားမှု လျော့ပါးစေပါတယ်။ အလွန်အကျည်းတန်တဲ့ လုပ်ရပ်ဖြစ်ပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲကို ထိခိုက်အောင် လုပ်ခဲ့သူတွေကို တည်ဆဲဥပဒေတွေအရ အရေးယူမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်တွေ ပြီးစီးပါက ရွေးကောက်ပွဲ ပြန်လည်လုပ်ဆောင်ပေးသွားမယ်ဆိုတဲ့ကတိကိုအကောင်အထည်ဖော်နိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ရဲ့ အထွေထွေရွေးကောက်ပွဲ ဖြစ်တဲ့အတွက် နိုင်ငံတစ်ဝန်းလုံး စိတ်အေးချမ်းသာစွာ ဒီမိုကရေစီအခွင့်အရေးများ မဆုံးရှုံးရအောင် မဲပေးနိုင်ဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အနက် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ၃၂၃ မြို့နယ်၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၁၅ မြို့နယ် ကျင်းပရာမှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာတော့ အနည်းဆုံးဖြစ်ပြီး မကျေနပ်မှုများနဲ့ အသံဆူညံခဲ့ပါတယ်။ ရွေးကောက်ပွဲဆိုတာ တည်ငြိမ်လုံခြုံတဲ့အခြေအနေရှိမှ ပြည်သူတွေလွတ်လပ်စွာ မဲပေးနိုင်မှာဖြစ်ပါတယ်။ သန့်ရှင်းတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် အစိုးရရဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ချက်တွေကိုတိုင်းရင်းသားပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြဖို့ ဦးစွာတိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

ကျွန်တော်တို့အစိုးရနိုင်ငံတော်တာဝန်ကို ထိန်းသိမ်းပြီးနောက် နိုင်ငံရေးအရ လုပ်ဆောင်ခဲ့မှုများကို ဆက်လက်တင်ပြသွားပါ့မယ်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ အရေးပေါ်အခြေအနေ ကြေညာပြီးတဲ့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ တိုင်းပြည်တည်ဆောက်မှု လုပ်ငန်းစဉ်တွေကို ပါဝင်ဆောင်ရွက်နိုင်ရေး နေပြည်တော်၊ စည်ပင်သာယာရိပ်သာမှာရှိနေတဲ့ စောင့်ကြည့်ခံ လွှတ်တော်အမတ်တွေကို လက်ရှိနိုင်ငံ့ဖြစ်စဉ်အပေါ် ဥပဒေနဲ့အညီ ဖြေရှင်းနိုင်စေဖို့အတွက် ရှင်းလင်းပြောပြခဲ့ကာ ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၄ ရက်နေ့အတွင်း နေရပ်ဒေသ အသီးသီးကို ပြန်လည်စေလွှတ်ပေးခဲ့ပါတယ်။ ဒါဟာ သူတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ရန် အခွင့်အရေးပေးခဲ့ခြင်းဖြစ်ပါတယ်။

ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ ဒီမိုကရေစီကျင့်စဉ်များအတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တပ်မတော်သားများ၊ အရပ်သားများ(တိုင်းရင်းသားလူမျိုးစုံအပါအဝင်)ဖြင့် မျှတစွာဖွဲ့စည်းခဲ့ကာ တိုင်းဒေသကြီး/ပြည်နယ်မှသည် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့် အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းပြီးတော့ အရပ်ဘက်ပုဂ္ဂိုလ်တွေကိုသာ ဦးစီးလုပ်ဆောင်စေခဲ့ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီ စတဲ့ကော်မတီ ၃ ရပ်ကို ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်နေလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ညှိနှိုင်းရေးကော်မတီဟာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ၁၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးတဲ့ EAO တွေနဲ့ ၉ ကြိမ်၊ နိုင်ငံရေးပါတီတွေနဲ့ ၇ ကြိမ်၊ ဘာသာရေးခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေနဲ့ ၂ ကြိမ်၊ စုစုပေါင်း ၃၄ ကြိမ်တွေ့ဆုံခဲ့ပါတယ်။

တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ်နဲ့ တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်မှာ ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီလိုအဆင့်လိုက်ဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဒေသခရီးစဉ် ၁၇ ခု သွားရောက်ခဲ့ပြီး ဆွေးနွေးမှာကြားချက်များ ပြုလုပ်ခဲ့ပါတယ်။ ပေါင်းစပ်ညှိနှိုင်းပေးခဲ့တယ်။ ရေရှည်အနာဂတ်အတွက် အစီအမံတွေ လမ်းညွှန်ပေးခဲ့ပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့မှာ ကျွန်တော်တို့နဲ့အတူ လက်တွဲလုပ်နေတဲ့ တိုင်းရင်းသားကောင်စီအဖွဲ့ဝင်တွေဟာလည်း ဒေသအကျိုးဆောင်ရွက်ပေးဖို့ သက်ဆိုင်ရာဒေသအလိုက် ခရီးစဉ် ၂၉ ခုသွားရောက်ခဲ့ပြီး ဒေသရဲ့လိုအပ်ချက်တွေကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံစာရင်းဝင်ဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ မိမိတို့ နိုင်ငံတိုးတက်ဖို့အတွက် ကြိုးပမ်းနေကြချိန်မှာ ကျွန်တော်တို့သည်လည်း ရပ်နေလို့မရပါဘူး။ မိမိတို့မှာရှိတဲ့ လူသားအရင်းအမြစ် သယံဇာတများ၊ တိုင်းရင်းသား ပြည်သူလူထုရဲ့ အားတို့ကိုရယူပြီး တိုင်းပြည်တိုးတက်စေရေး ဆောင်ရွက်ကြရပါမယ်။ ကိုယ် ရပ်နေရင်တော့ သူများတိုင်းပြည်များက ကျော်တက်သွားပါလိမ့်မယ်။ ဒါ့ကြောင့် ကျွန်တော်တို့အစိုးရအနေဖြင့် ဆက်လက်ဦးစားပေးလုပ်ဆောင်မှာကတော့–

အမျိုးသားရေးလုပ်ငန်းစဉ်(၂)ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနဲ့ စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ဦးစားပေးလုပ်ဆောင်သွားမှာပဲ ဖြစ်ပါတယ်။

နိုင်ငံရေးလုပ်ငန်းစဉ်(၂)ခုအဖြစ် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်အဖြစ် ၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက်

နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာပိုမိုခိုင်မာစေဖို့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ပြည့်စုံဖို့ အရေးကြီး ပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်း သစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက် ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေး အတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်လိုပါတယ်လို့ ၂၀၂၂ ခု နှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားမှာ ကျွန်တော်ပြော ကြားခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ အသင့်ရှိနေကြောင်း ဖြည့်စွက်ပြောကြားလို ပါတယ်။

ဖက်ဒရယ်ဆိုတာဟာ မတူကွဲပြားနေတဲ့ တိုင်းဒေသ ကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံး တဲ့ အယူအဆ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင် ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီ များအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကိုထောက် ခံတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီ တွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျ ကိုယ်စားပြုစနစ်(PR) ကို သွားမှာဖြစ်ပါတယ်။ ဖက်ဒရယ်နဲ့ပတ်သက်ပြီး ဘယ်လိုပဲအယူအဆအမျိုးမျိုး ကွဲပြားနေပါစေ မိမိတို့

**နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့ လူသားအရင်းအမြစ် (Humen Resources) က အဓိကဖြစ်တာကို လက်ခံထားကြပါတယ်။ လူသားအရင်းအမြစ် ဆိုတာ “ပညာ” အပေါ် အဓိကမူတည် တည်ဆောက်ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိကအလေးထား လုပ်ဆောင်ကြပါတယ်။**

နိုင်ငံနဲ့သဟဇာတဖြစ်တဲ့စနစ်မျိုးကို ရွေးချယ်ဆောင်ရွက် ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်သလို လူနည်းစုရဲ့ဆန္ဒကိုလည်း အလေးထားဖို့လိုအပ်မှာ ဖြစ် ပါတယ်။ အာဏာသုံးရပ်ကို ခွဲဝေကျင့်သုံးခြင်းနဲ့ ဒီလို ဆောင်ရွက်ရာမှာ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည် နယ်တွေအကြား ဥပဒေအရ အာဏာခွဲဝေဆောင်ရွက် သွားခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေရရှိစေမှာ ဖြစ်ပါတယ်။

အချိုးကျကိုယ်စားပြုခြင်းစနစ်ကို ပြောင်းလဲကျင့်သုံး ခြင်းနဲ့ တိုင်းရင်းသားပြည်သူတွေ ဥပဒေပြုလွှတ်တော်မှာ ပိုမိုကိုယ်စားပြုခွင့်ရရှိမှာဖြစ်သလို ပြောရေးဆိုခွင့်လည်း ပိုမိုရရှိလာမှာဖြစ်ပြီး မိမိတို့ရဲ့ ဒေသအကျိုး၊ လူမျိုးအကျိုး ကိုလည်း ယခင်ကထက် ပိုမိုထိရောက်အောင် ဆောင်ရွက် နိုင်ခွင့်ရရှိလာမှာဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင် စုကိုတည်ဆောက်ရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အားလုံးရှိ တိုင်းရင်းသားအားလုံး တူညီတဲ့အခွင့်အရေး တွေရရှိဖို့ အချိုးကျကိုယ်စားပြုခြင်းစနစ် (Proportional Representation–PR) ကို ကျင့်သုံးနိုင်ရေး နိုင်ငံရေးပါတီ ကိုယ်စားလှယ်တွေ၊ စိတ်ပါဝင်စားသူတွေနဲ့ စုပေါင်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ လေးကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ နိုင်ငံသားကတ် မရှိဘဲ မဲပေးသူ ၄,၆၄၈,၂၇၀ ဦး (၄ ဒသမ ၆ သန်းကျော်) ရှိပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနဲ့ အကျုံးဝင် သော (ဥပဒေအရ နိုင်ငံသားတွေ)အားလုံးကို “ပန်းခင်း” စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနဲ့ ကိုင်ဆောင် သင့်တဲ့ ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ဖို့အတွက် ၃–၅–၂၀၂၁ ရက်နေ့မှစပြီး စစ်ဆင်ရေးတစ်ရပ်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မှတ်ပုံတင်ပြုလုပ်ရမည့်လူဦးရေ ၃,၄၉၁,၃၆၄ ဦး (၃ ဒသမ ၄ သန်းကျော်)အနက် ၂၁–၁–၂၀၂၂ ရက်နေ့အထိ ၁,၉၀၅,၈၄၃ ဦး(၂ သန်းနီးပါး) ဆောင်ရွက်ပေးနိုင်ခဲ့ပြီး (၅၅ ရာခိုင်နှုန်းနီးပါး) ပြီးစီးပြီဖြစ်ပါတယ်။ မှတ်ပုံတင် ဆောင်ရွက်မှုအချိန်ကာလအနေဖြင့် ၁၈ လတာ ကြာမြင့်

မှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားဆက်ဆံရေးနဲ့ ပတ်သက်ပြီးကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်၍တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက် ဆက်ဆံရေးရှေးရှုသည့် မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းတဲ့ မူဝါဒ သုံးရပ်ကို အလေးအနက်ထားပါတယ်။ ဒါကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ–၄၁ မှာ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ ပထမတစ်နှစ်တာကာလအတွင်းမှာ နိုင်ငံတကာဆက်ဆံရေး ကောင်းမွန်အောင် အမြဲရှေးရှုလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ပရဲ့ ပထမဦးဆုံးခရီးစဉ်ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမှာ ကျင်းပတဲ့ အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ ဒုတိယခရီးစဉ်အဖြစ် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၀ ရက်ကနေ ၂၇ ရက်အထိ ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေး ဆိုင်ရာညီလာခံ တက်ရောက်ရန်အတွက် ရုရှားနိုင်ငံသို့ ခရီးစဉ်များထွက်ခွာခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မိတ်ဆွေနိုင်ငံပဲရှိပါတယ်။ ရန်သူနိုင်ငံရယ်လို့ မရှိပါဘူး။ ကျွန်တော်တို့နိုင်ငံအပေါ် ရန်သူသဖွယ်ဆက်ဆံနေရင်တောင် အဲဒီနိုင်ငံတွေရဲ့သဘောထားကို ပြောင်းလဲလာအောင်၊ မိတ်ဆွေဖြစ်လာအောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပါမယ်။

အိမ်နီးချင်းနိုင်ငံများနဲ့ဆက်ဆံရာမှာ နိုင်ငံရဲ့နယ်စပ်ဒေသတွေကို ထာဝရတည်ငြိမ်အေးချမ်းတဲ့ နယ်စပ်ဒေသဖြစ်ဖို့ ငြိမ်းချမ်းချစ်ခင်တဲ့ အိမ်နီးနားချင်းဆက်ဆံရေးကို ထူထောင်သွားမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်တည်ရှိခဲ့တဲ့ အိမ်နီးချင်းဆက်ဆံရေးကို ပိုမိုခိုင်မာမှုရှိစေဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခုနှစ်ဆန်းပိုင်းမှာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ရဲ့ မြန်မာနိုင်ငံကို အလုပ်သဘော ရောက်ရှိခဲ့တဲ့ ချစ်ကြည်ရေးခရီးစဉ်မှာ အာဆီယံထိပ်သီးအစည်းအဝေး ဘုံသဘောတူညီချက်ငါးရပ်နဲ့ပတ်သက်ပြီး ဦးတည်ဆွေးနွေးခဲ့ပါတယ်။ အကြမ်းဖက်မှုမှာ ပါဝင်ပတ်သက်နေသူတွေအနေနဲ့ အကြမ်းဖက်မှုရပ်ဆိုင်းဖို့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ EAO ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် အာဆီယံလူသားချင်းစာနာထောက်ထားမှုနဲ့ သက်ဆိုင်တဲ့ အထောက်အပံ့ပစ္စည်းတွေ ကူညီထောက်ပံ့နိုင်ရေး ဆိုင်ရာကိစ္စတွေကိုလည်း လက်ခံပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဒီခရီးစဉ်ဟာ ကောင်းမွန်ထူးခြားတဲ့ရလဒ်တွေ ရရှိစေခဲ့ပါတယ်။ ခရီးစဉ်နဲ့ပတ်သက်ပြီး ပူးတွဲသတင်းထုတ်ပြန်ချက်တွေကိုလည်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် အာဆီယံအလှည့်ကျဥက္ကဋ္ဌနဲ့ ဇန်နဝါရီလ ၂၆ ရက်နေ့ Video Conferencing နဲ့ တွေ့ဆုံဆွေးနွေးရာမှာလည်း အာဆီယံအဖွဲ့မှာ မြန်မာနိုင်ငံရဲ့ပါဝင်ဆောင်ရွက်မှု၊ အာဆီယံနိုင်ငံတွေအတွင်း အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ဆောင်ရွက်ရန် လိုအပ်တဲ့အခြေအနေတွေ၊ မြန်မာနိုင်ငံအနေနဲ့ အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားမယ့်အခြေအနေတွေ၊ အာဆီယံအထူးကိုယ်စားလှယ်ကို မြန်မာနိုင်ငံသို့ စေလွှတ်သွားမယ့်အခြေအနေတွေနဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်လာရောက်ရေးဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ မိမိနိုင်ငံရဲ့အချုပ်အခြာအာဏာ၊ အမျိုးသားအကျိုးစီးပွားနဲ့ အစိုးရရဲ့ရှေ့လုပ်ငန်းစဉ်များကိုမထိခိုက်စေဘဲ နိုင်ငံတကာနဲ့အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း မိဘပြည်သူများကို အသိပေးလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စများအနေဖြင့် တပ်မတော်က နိုင်ငံတော်တာဝန်မရယူမီ အခြေအနေမှာ မဲမသမာမှုတွေ၊ UEC ရဲ့ ဖြေရှင်းမပေးမှုတွေကြောင့် UEC ကို ကန့်ကွက်ဆန္ဒပြမှုတွေ၊ ပါတီတွေက ဖြေရှင်းပေးဖို့တောင်းဆိုမှုတွေကြောင့် နိုင်ငံရေးအရ တည်ငြိမ်မှုမရှိတဲ့ အခြေအနေဖြစ်ပါတယ်။ အခြေခံဥပဒေနဲ့အညီ မဲမသမာမှုတွေကို ဖြေရှင်းနိုင်ရေးနဲ့ ဒုတိယအကြိမ် လွှတ်တော်မှာမပြီးပြတ်သေးတဲ့ကိစ္စရပ်တွေ ဆွေးနွေးနိုင်ဖို့ အဲဒီအချိန်က လွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၄ အရ ဥပဒေနဲ့အညီ တောင်းဆိုမှုကို ငြင်းပယ်ခဲ့သဖြင့် ဥပဒေပြုရေး

မဏ္ဍိုင်ယိမ်းယိုင်ခဲ့ကာ အငြင်းပွားမှုတွေကတစ်ဆင့် တည်ငြိမ်မှု ပျက်ပြားခဲ့ရပါတယ်။

တပ်မတော်က နိုင်ငံတော်တာဝန် ရယူထိန်းသိမ်းပြီးနောက်မှာ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာကာ နိုင်ငံတော်တာဝန်ကိုရယူခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ နိုင်ငံတစ်ဝန်း ဆန္ဒပြမှုတွေမရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ၄ ရက်နေ့ မန္တလေးမြို့၊ ဆေးတက္ကသိုလ်ရှေ့မှာ ဆန္ဒပြသူ ၂၀ ဦးက စတင်ကာ ကျင့်ဝတ်စည်းကမ်းချိုးဖောက်တဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေကိုစည်းရုံးပြီး CDM လှုပ်ရှားမှုစတင်ခဲ့တယ်။

ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့် မရှိသူတွေက ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)အမည်ဖြင့် တရားမဝင်ကော်မတီတစ်ခု ဖွဲ့စည်းခဲ့ပြီး လူစုလူဝေးဖြင့် ဆန္ဒပြမှု(Riot)အသွင်မှ ဆူပူအကြမ်းဖက် ဆန္ဒပြမှု (Anarchy Mob)ကို ကူးပြောင်းလာခဲ့ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အနိမ့်ဆုံးအဆင့် အနည်းဆုံးအင်အားဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရပါတယ်။ မတ်လ ၂၇ ရက်နေ့ကို CRPH အမည်ခံ အကြမ်းဖက်အဖွဲ့က ပြည်သူ့တော်လှန်ရေးနေ့ဟု အမည်တပ်ကာ တစ်နိုင်ငံလုံး အကြမ်းဖက်တိုက်ခိုက်မှုတွေဖြစ်ပေါ်စေရန် လှုံ့ဆော်လာခဲ့ပါတယ်။ အလုံးစုံပျက်သုဉ်းရေးအတွက် အကြမ်းဖက်တိုက်ခိုက်ခြင်း(Terrorism) ပြုလုပ်လာပါတယ်။ ဥပဒေနဲ့မညီတဲ့ CRPH အကြမ်းဖက်အဖွဲ့က NUG အမည်ခံ စင်ပြိုင်အစိုးရဖွဲ့စည်းပြီး အကြမ်းဖက် တိုက်ခိုက်မှုတွေကို အားပေးထောက်ပံ့ခြင်း၊ ဦးဆောင်မှုပြုခြင်းတွေ ဆောင်ရွက်လာခဲ့ပါတယ်။

လူငယ်တွေကို NLD ပါတီအစွန်းရောက်တွေနဲ့ ၎င်းပါတီကို အစွန်းရောက် ထောက်ခံအားပေးသူတွေက အသုံးချပြီး EAO နယ်မြေတွေဖြစ်တဲ့ KNU ၊ KIA ၊ KNPP စတဲ့ နယ်မြေတွေမှာ စစ်သင်တန်းတွေ တက်ရောက်စေခဲ့ပါတယ်။ CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းတွေဟာ စက်တင်ဘာလ ၇ ရက်နေ့မှာ အကြမ်းဖက်လုပ်ငန်းတွေ အရှိန်မြှင့်ဆောင်ရွက်ဖို့ကြေညာခဲ့ပြီး ချင်းပြည်နယ်ဒေသအချို့၊ မကွေးတိုင်းဒေသကြီးဒေသအချို့၊ စစ်ကိုင်းတိုင်းဒေသကြီးဒေသအချို့နဲ့ ကယားပြည်နယ်ဒေသအချို့တွေမှာ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်တဲ့အထိ အကြမ်းဖက်လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ပြစ်မှုကျူးလွန်သူ အကြမ်းဖက်သမားတွေဟာ အရပ်သားတွေနဲ့ရောနှောပြီး အရပ်ဝတ်များနဲ့ တိုက်ခိုက်တာမို့ အပြစ်မဲ့ပြည်သူတွေထိခိုက်မှုမရှိစေရေး ခက်ခဲစွာထိန်းသိမ်းဆောင်ရွက်ခဲ့ရပါတယ်။ EAO အဖွဲ့အချို့တွေရဲ့ သင်ကြားပေးမှု၊ ထောက်ပံ့ပေးမှုတွေနဲ့ လက်လုပ်ဗုံး/မိုင်းတွေ တွင်တွင်ကျယ်ကျယ် အသုံးပြုတိုက်ခိုက်လာကြပါတယ်။

အကြမ်းဖက်သမားတွေရဲ့ လုပ်ဆောင်မှုကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ကနေ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့အထိ တစ်နိုင်ငံလုံးအနေနဲ့ ပျက်စီးဆုံးရှုံးမှုအနေဖြင့် လမ်း၊ တံတားဖျက်ဆီးခံရမှု ၅၂၅ ခု၊ ဆေးရုံ၊ ဆေးခန်းတွေဖျက်ဆီးခံရမှု ၂၇ ခု၊ စာသင်ကျောင်းနဲ့ ပညာရေးအဆောက်အဦတွေ ဖျက်ဆီးခံရမှု ၅၀၄ ခုအပါအဝင် ပြည်သူပိုင်၊ အစိုးရပိုင် အဆောက်အဦများစွာ ပျက်စီးခဲ့ရပါတယ်။ သေဆုံးမှုတွေအနေဖြင့် ရဟန်း/သံဃာ ၂၀ ပါး၊ အစိုးရဝန်ထမ်း ၉၅ ဦးနဲ့ ဒဏ်ရာရရှိမှုအနေဖြင့် အစိုးရဝန်ထမ်း ၁၅၃ ဦးအပါအဝင် အရပ်သားတွေ သေဆုံး/ဒဏ်ရာရခဲ့ပါတယ်။ တစ်နှစ်တာကာလပတ်လုံး အကြမ်းဖက်မှု ၉,၄၃၇ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး လက်နက်မျိုးစုံ ၅,၆၀၆ လက်၊ ခဲယမ်းမျိုးစုံ ၁၆၁,၅၅၆ တောင့်၊ လက်ပစ်ဗုံး ၁,၈၉၀ လုံးနဲ့ လက်လုပ်မိုင်း/ဗုံး ၁၁၄၂၄ လုံး သိမ်းဆည်းရမိခဲ့ကာ အကြမ်းဖက်သူ ၄,၃၃၈ ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

ပညာရေးဆိုင်ရာကိစ္စများကို တင်ပြပါမယ်။ နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့ လူသားအရင်းအမြစ် (Humen Resources)က အဓိကဖြစ်တာကို လက်ခံထားကြပါတယ်။ လူသားအရင်းအမြစ်ဆိုတာ "ပညာ" အပေါ်အဓိကမူတည် တည်ဆောက်ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိကအလေးထား လုပ်ဆောင်ကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၈ အရ နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမှာဖြစ်ပါတယ်။ ပုဒ်မ ၃၆၆ အရ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒ

များနဲ့အညီ (က) ပညာသင်ကြားပိုင်ခွင့် ရှိသည်၊(ခ)ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်” ဖြစ်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၂၅ နှစ်နဲ့အထက် အရွယ်ရောက်ပြီးသူတွေထဲမှ အလယ်တန်းအဆင့်နဲ့ ၎င်းအဆင့်အောက်ပညာမသင်ကြားခဲ့ရသူပေါင်း ၁၈ ဒသမ ၂ သန်းနီးပါးခန့်ရှိတာကို တွေ့ရှိရတဲ့အတွက် နိုင်ငံ့လူဦးရေရဲ့ ၃ ပုံ ၁ ပုံခန့်ဖြစ်ပါတယ်။ ဒါ့ကြောင့် ပညာရေးမြှင့်တင်ရေးလုပ်ငန်းတွေကို အလေးထားဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အခြေခံပညာအထက်တန်းအဆင့်ကျောင်းပေါင်း ၆,၁၇၈ ကျောင်း၊ အလယ်တန်းအဆင့်ကျောင်းပေါင်း ၁၅,၈၇၇ ကျောင်း၊ မူလတန်းအဆင့်ကျောင်းပေါင်း ၂၅,၇၀၅ ကျောင်း၊ စုစုပေါင်း အခြေခံပညာအဆင့်ကျောင်းပေါင်း ၄၇,၇၆၀ ကျောင်းရှိပါတယ်။ စာသင်ကျောင်းတွေကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပိတ်ထားခဲ့ပါတယ်။ ယခုအခါမှာတော့ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်တဲ့အတွက် စာသင်ကျောင်းတွေ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဖွင့်လှစ်ရာမှာ အထက်တန်းအဆင့် ၅,၂၀၉ ကျောင်း၊ အလယ်တန်းအဆင့် ၁၂,၇၈၆ ကျောင်း၊ မူလတန်းအဆင့် ၂၁,၂၄၇ ကျောင်း၊ စုစုပေါင်း ၃၉,၂၄၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ကျောင်းတွေပြန်လည်ဖွင့်လှစ်နိုင်ချိန်မှာ ကျောင်းတက်ဖို့ လာရောက်စာရင်းသွင်းထားသူတွေ အနက် ၈၀ ရာခိုင်နှုန်းကျော် ကျောင်းလာရောက် တက်နေကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ကြေညာထားတဲ့ အတိုင်း မတ်လနောက်ဆုံးပတ်နဲ့ ဧပြီပထမအပတ်အတွင်း အတန်းတင် စာမေးပွဲတွေ စစ်မေးမှာဖြစ်တဲ့ အတွက် ကျောင်းတက်ဖို့နှောင့်နှေးနေတဲ့ ကျောင်းသားတွေနဲ့ မိဘတွေအနေနဲ့ နစ်နာမှုမရှိစေဖို့ အသိပေးလိုပါတယ်။ ကျွန်တော်တို့ကတော့ ကြိုဆိုနေပါတယ်။ ပညာသင်ကြားခြင်းဟာ အစိုးရအတွက်မဟုတ်ပါဘူး၊ ကာယကံရှင်ရဲ့ ဘဝတိုးတက်စေဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ NUG၊ CRPH နဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေရဲ့ ကျောင်းမတက်ရေးလှုံ့ဆော်ချက်တွေဟာ တိုင်းရင်းသားပြည်သူလူထုရဲ့ သားသမီးတွေကို ပညာမဲ့တွေဖြစ်စေပြီး တိုင်းပြည်နဲ့လူထုကို ကျွန်ဘဝရောက်အောင် လုပ်ဆောင်နေတာပဲဖြစ်လို့ သတိရှိကြဖို့ပြောလိုပါတယ်။

ကျောင်းနေအရွယ်ကလေးငယ်တိုင်း (KG+9) (အခြေခံပညာအလယ်တန်းအဆင့်) အဆင့်ပြီးဆုံးတဲ့အထိ ပညာသင်ကြားနိုင်ဖို့ ကျွန်တော်တို့အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ (KG+9) အဆင့်အနည်းဆုံးပြီးမြောက်မှ Vocational Training ကို ကူးပြောင်းနိုင်မှာ ဖြစ်ပါတယ်။ (KG+9) ဟာ မိမိတို့အစိုးရရဲ့ ပညာရေးရည်မှန်းချက်သာ ဖြစ်ပါတယ်။ ပညာရေးဟာ မြန်မာ့ဒီမိုကရေစီအရေးနဲ့ အနာဂတ်အတွက် အထူးအရေးပါတာကြောင့် နိုင်ငံသားတွေအနေနဲ့ မိမိတို့ရဲ့ ပညာသင်ယူမှု အခွင့်အလမ်းတွေမဆုံးရှုံးစေဖို့ အလေးထား ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတင်ပြပါမယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ ကျွန်တော့်မူဝါဒကတော့ “ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်” ဖြစ်လို့ ပြည်သူလူထုရဲ့ ကျန်းမာရေးသည်သာ အဓိကဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်က စတင်တွေ့ရှိခဲ့ပါတယ်။ ကူးစက်မှုအမြင့်ဆုံးကာလ ဇူလိုင်လတတိယပတ်နဲ့ စတုတ္ထပတ်တွေမှာ တစ်ရက်လျှင် ပျမ်းမျှပိုးတွေ့လူဦးရေ ၅,၀၀၀ ကျော်ခန့်(၄၁ ရာခိုင်နှုန်း) အထိ ဖြစ်ပွားခဲ့ပါတယ်။ ကျွန်တော်က “လက် တွေ့ကျကျ မြန်မြန်ဆန်ဆန်လုပ်၊ လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ” ဆိုတဲ့ မူဝါဒချမှတ်ပေးပြီး လုပ်ဆောင်ခဲ့ပါတယ်။ ကျွန်တော်တို့ အစိုးရအနေဖြင့် နည်းလမ်းပေါင်းစုံနဲ့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေကို နေ့မနားညမနား ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်ဦးဆောင်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီအစည်းအဝေးတွေကို (၁၃)ကြိမ်တိုင်တိုင်ကျင်းပကာ လိုအပ်တဲ့အုပ်ချုပ်ထောက်ပံ့ရေးကိစ္စရပ်တွေကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တွေနဲ့ Video Conferencing ပြုလုပ်ပြီး လိုအပ်ချက်တွေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်တုံ့ပြန်ရေးကော်မတီအစည်းအဝေးတွေကို ကျွန်တော်တို့အစိုးရရဲ့ ဒုတိယဝန်ကြီးချုပ်ကိုယ်တိုင် တစ်ပတ်လျှင် ၃ ကြိမ် ဦးစီးဆောင်

ရွက်ကာ အနီးကပ်ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကွင်းဆက်ပြတ်တောက်စေရေးအတွက် Stay at Home မြို့နယ်ပေါင်း ၁၁၉ မြို့နယ်အထိ သတ်မှတ်ပေးခဲ့ရာမှာ လက်ရှိအခြေအနေတွင် မြို့နယ်အားလုံးကို ကန့်သတ်ချက်ဖယ်ရှားပေးခဲ့ပြီးဖြစ်တဲ့အတွက် Stay at Home မြို့နယ်တွေ ကျန်ရှိခြင်းမရှိတော့တာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတကာနဲ့ အဖျက်သမားတွေရဲ့ ဝိုင်းဝန်းဝေဖန်အနှောင့်အယှက်ပေးမှုတွေကို ကျော်လွှားနိုင်ပြီး လက်ရှိအခြေအနေမှာ ကိုဗစ်-၁၉ ရောဂါတွေ့ရှိမှုဟာ ၁ ရာခိုင်နှုန်းဝန်းကျင် ပျမ်းမျှသာ ကျန်ရှိပါတယ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ပုံငွေအသုံးပြုမှုအခြေအနေအနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူမှု ကုန်ကျစရိတ်အနေနဲ့ အိန္ဒိယနိုင်ငံက ကာကွယ်ဆေး ၁၅ ဒသမ ၄ သန်း Dose အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၇၅ သန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကာကွယ်ဆေး ၂၉ သန်း Dose အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၉၃ ဒသမ ၉ သန်း၊ ရုရှားနိုင်ငံမှ ကာကွယ်ဆေး သုည ဒသမ ၆ သန်း Dose အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၇ ဒသမ ၇၄ သန်း၊ စုစုပေါင်း ဒေါ်လာ၂၇၆ ဒသမ ၆၄ သန်းတန်ဖိုး ဝယ်ယူခဲ့ပါတယ်။ တရုတ်နိုင်ငံမှ Dose ၉ ဒသမ ၂ သန်း (တန်ဖိုးအမေရိကန်ဒေါ်လာ ၆၃ ဒသမ ၅ သန်း)၊ အိန္ဒိယနိုင်ငံက Dose ၅ ဒသမ ၅ သန်း (တန်ဖိုးအမေရိကန်ဒေါ်လာ ၃၅ ဒသမ ၅ သန်း)၊ ရုရှားနိုင်ငံက Dose သုည ဒသမ ၄ သန်း (တန်ဖိုးအမေရိကန်ဒေါ်လာ ၅ ဒသမ ၁၆ သန်း)၊ (နီပွန်ဖောင်ဒေးရှင်း)က Dose ၂ သန်း (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ သန်း)၊ စုစုပေါင်း ကိုဗစ်ကာကွယ်ဆေး Dose ၁၇ ဒသမ ၁ သန်း (တန်ဖိုးအမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၁၂ သန်း) လှူဒါန်းလက်ခံရရှိခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘောဒီးယား၊ ထိုင်းစတဲ့နိုင်ငံတွေကလည်း ကိုဗစ်ကာကွယ်ရေးပစ္စည်းတွေ လှူဒါန်းခဲ့ပါတယ်။ အားလုံးကို အသိအမှတ်ပြုကျေးဇူးတင်ပါတယ်။ ကာကွယ်ဆေးတွေဝယ်ယူရာမှာ သယ်ယူစရိတ်အနေနဲ့ ပြည်ပငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၉၇ သန်းခန့်နဲ့ မြန်မာကျပ်ငွေ ၂၄၆ ဒသမ ၅၃၂ သန်း ကျော်သုံးစွဲခဲ့ရပါတယ်။ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူမှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၆၀၈ သန်းနဲ့ မြန်မာကျပ်ငွေ ၂၄၆ ဒသမ ၅၃၂ သန်းကျော် သုံးစွဲခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ဆေးနဲ့ဆေးပစ္စည်းဝယ်ယူမှုအနေနဲ့ ကုသရေးဦးစီးဌာနကဝယ်ယူမှု မြန်မာကျပ်ငွေ ၂၈ ဘီလီယံကျော်နဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကဝယ်ယူမှု ၃၆ ဘီလီယံခန့်၊ စုစုပေါင်း မြန်မာကျပ်ငွေ ၆၄ ဘီလီယံကျော်သုံးစွဲခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးမှာ ဆေးရုံတွေ အဆင့်မြှင့်တင်ဖို့အတွက် မြန်မာကျပ်ငွေ ၆၀ ဒသမ ၃ ဘီလီယံကျော် သုံးစွဲခဲ့တဲ့အနက် ကိုဗစ်ဖြစ်သူတွေအတွက် အရေးပေါ်လိုအပ်တဲ့ အောက်စီဂျင်နဲ့ဆက်စပ်ပစ္စည်းတွေဝယ်ယူမှုအနေနဲ့ မြန်မာကျပ်ငွေ ၁၂ ဒသမ ၂၃ ဘီလီယံ ပါဝင်သုံးစွဲခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါလူနာတွေအတွက် ကျွေးမွေးမှုစုစုပေါင်း ကုန်ကျစရိတ်အနေနဲ့ ကိုဗစ်-၁၉ ဗဟိုကော်မတီရန်ပုံငွေက ကျပ် ၂၃ ဒသမ ၁၂ ဘီလီယံနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ကျပ် ၄ ဘီလီယံ၊ စုစုပေါင်းမြန်မာကျပ်ငွေ ၂၇ ဒသမ ၁၂ ဘီလီယံ သုံးစွဲခဲ့ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ဒီဇင်ဘာလမှာ ၅၀ ရာခိုင်နှုန်းအပြီး မျှော်မှန်းထားပေမယ့် ၅၁ ရာခိုင်နှုန်း ထိုးနှံပြီးစီးခဲ့ပါတယ်။ လက်ရှိကာလအထိ ၅၃ ရာခိုင်နှုန်း ထိုးနှံပြီးဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆေးရုံ ၁,၀၇၇ ခု၊ ဆေးပေးခန်း ၁၁,၄၂၇ ခုရှိပြီး ဆေးရုံ ၇၆၅ ရုံ၊ ဆေးပေးခန်း ၇,၄၃၀ ခု လုပ်ငန်းဆောင်ရွက်နိုင်မှုရှိပါတယ်။ တစ်နိုင်ငံလုံး ခန့်အပ်ဆရာဝန် ၁၄,၆၇၈ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၀၅,၈၃၄ ဦးရှိပြီး အဲဒီအထဲမှ အချို့ဆရာဝန်နဲ့ ကျန်းမာရေးဝန်ထမ်းများဟာ နိုင်ငံရေးဝါဒမှိုင်းတွေကြောင့် ပြည်သူများရဲ့ အသက်နဲ့ကျန်းမာရေးကိုမငဲ့ကွက်ဘဲ မိမိတို့ရဲ့ လုပ်ငန်းခွင်ကို စွန့်ခွာသွားခဲ့ကြပါတယ်။ ဒါ့ကြောင့် ကိုဗစ်-၁၉ ကာလမှာ ကျန်းမာရေးဝန်ထမ်းတွေဟာ သူတို့ရဲ့လူနာရှင်တွေကိုမပစ်ခွာဘဲ တာဝန်သိသိ သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့လို့ ကျွန်တော်တို့အစိုးရအနေနဲ့ အသိအမှတ်ပြုပါတယ်။ ဆေးရုံအသီးသီးမှာလိုအပ်တဲ့ ကျန်းမာရေးဝန်ထမ်းများနေရာများမှာ တပ်မတော်သားဆေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ကူညီဆောင်ရွက်ပေးတာနဲ့ တပ်မတော်ဆေးရုံအသီးသီးမှာ ပြည်သူများဆေး

ကူသပေးနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အငြိမ်းစားကျန်းမာရေးဝန်ထမ်းများနဲ့ အငြိမ်းစားတပ်မတော်ဆေးတပ်ဖွဲ့ဝင်များလည်း ဝင်ရောက်အားဖြည့် ကူညီပေးခဲ့ကြပါတယ်။ ကိုဗစ်-၁၉ ကာလအတွင်း ကျန်း မာရေးဝန်ထမ်းတွေအပေါ် တာဝန်ထမ်းဆောင်မှုအသိအမှတ်ပြုတဲ့အနေနဲ့ အစိုးရအနေဖြင့် ၁၀,၉၄၄,၅၄၅,၀၀၀ ကျပ် (၁၀ ဒသမ ၉၄ ဘီလီယံ)အား ဆုချီးမြှင့်ခဲ့ပါတယ်။

ကျွန်တော်တို့အစိုးရဟာ ကာကွယ်ဆေးထုတ်လုပ်နိုင်ဖို့အတွက် တရုတ်နိုင်ငံထုတ် (Sinopharm) ကာကွယ်ဆေးကို ပုလင်းအတွင်းဖြည့်သွင်းရန်အသင့်(Ready to Fill Bulk) စနစ်နဲ့ ဝယ်ယူထုတ်လုပ်နိုင်ရေး သဘောတူစာချုပ်တွေကို လက်မှတ်ရေးထိုးခဲ့ပါ တယ်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေ စတင်ဆောင်ရွက်နိုင်မှာဖြစ်ပြီး ၂၀၂၂ ခုနှစ်အတွင်း Doses ၁၀ သန်းခန့် ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်မှုကြောင့် ကာကွယ်ဆေးဈေးနှုန်းမှာလည်း မူလကုန်ချောဈေးနှုန်းရဲ့ ထက်ဝက်မျှသာရှိတဲ့ဈေးနှုန်းဖြင့် ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ်၊ နှစ်ကုန်ပိုင်းမှာ ကိုဗစ်-၁၉ ရောဂါရဲ့ မျိုးကွဲစိတ် အိုမီခရွန်ကို တွေ့ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ပြည်ပက ပြန်လည်ဝင်ရောက်သူတွေထဲမှ အိုမီခရွန်ရောဂါပိုးစတင်တွေ့ရှိခဲ့ကာ ၂၉-၁-၂၀၂၂ ရက်နေ့အထိ ၂၈၃ ဦးတွေ့ရှိခဲ့ပါတယ်။ ဒါ့ကြောင့် ကိုဗစ်ရောဂါနဲ့ ပတ်သက်လို့ မပေါ့ဆကြဖို့နဲ့ လိုက်နာဖို့သတ်မှတ်ထားတဲ့ တစ်ကိုယ်ရည် အကာအကွယ် စည်းမျဉ်းတွေကိုလိုက်နာသွားဖို့ တိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

တပ်မတော်က နိုင်ငံတော်တာဝန်ရယူမထိန်းသိမ်းမီ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်တင်ပြလိုပါတယ်။ ဒီမိုကရေစီအစိုးရပထမသက်တမ်းကာလမှာ ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးမှုအတွက် အရေးပါတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေချမှတ်ပြီး စီးပွားရေးမူဝါဒ ၄ ရပ်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် နှစ်ဆန်း ပိုင်းမှာ ပဲရစ်ကလပ်အဖွဲ့ဝင် နိုင်ငံတွေနဲ့ဆွေးနွေးပြီး ကြွေးမြီပမာဏ ဒေါ်လာ ၅ ဒသမ ၉၅၆ ဘီလီယံကို သက်သာစေခဲ့ပါတယ်။ ၅ နှစ်တာကာလအတွင်း ပျမ်းမျှ GDP တိုးတက်မှုနှုန်းဟာ ၇ ဒသမ ၂၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နိုင်ငံခြားငွေ သန်းပေါင်း ၁၁,၆၂၈ ဒသမ ၁ သန်း (၁၁ ဒသမ ၆၃ ဘီလီယံခန့်) တိုးတက်ခဲ့ပြီး ကုန်သွယ်မှုလိုငွေ ၁၂,၀၉၆ ဒသမ ၈၈ သန်း (၁၂ ဒသမ ၀၉ ဘီလီယံကျော်) ရှိခဲ့ပါတယ်။

ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလ ၅ နှစ်သက်တမ်းကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခွင့်ပြုစီမံကိန်းလျှောထားချက်တွေနဲ့ ဆောင်ရွက်နိုင်မှုဟာ နောက်ဆုံးနှစ်ဖြစ်တဲ့ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံအထိ ကျဆင်းခဲ့ပြီး GDP တိုးတက်မှုနှုန်းပျမ်းမျှ ၃ ဒသမ ၃၈၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နိုင်ငံခြား ငွေ သန်းပေါင်း ၁၄,၉၆၁ ဒသမ ၃ သန်း (၁၄ ဒသမ ၉၆ ဘီလီယံ) ရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၂,၆၁၄ ဒသမ ၁၇ သန်း (၁၂ ဒသမ ၆၁ ဘီလီယံကျော်) ရှိခဲ့ပါတယ်။

**တပ်မတော်က နိုင်ငံတော်တာဝန်ရယူထိန်းသိမ်းပြီးနောက် အခြေအနေတွေအနေဖြင့်-**

နိုင်ငံတကာရဲ့ ဝိုင်းဝန်းပိတ်ဆို့မှုတွေအနေဖြင့် ပြည်တွင်းစီးပွားရေးအခြေအနေနဲ့ ပြည်ပသွေးထိုးလှုံ့ဆော်မှုတွေအရ ဘဏ်လုပ်ငန်းတွေကို ယုံကြည်မှုကျဆင်းပြီး ပုံမှန်မလည်ပတ်နိုင်တဲ့အတွက် ဘဏ်လုပ်ငန်းဟာ ငွေသားလည်ပတ်စီးဆင်းမှု ခက်ခဲလာကာ လုပ်ငန်းရှင်၊ ကုန်သည်တွေအတွက် ငွေပေးချေမှု၊ ကုန်စည်စီးဆင်းမှုတွေခက်ခဲစေခဲ့ပါတယ်။ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းပြီး ကမ္ဘာတစ်ဝန်းဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွေကြောင့် သယ်ယူပို့ဆောင်ရေးနဲ့ သွင်းကုန်(လောင်စာဆီနှင့် ကုန်ကြမ်း) ဈေးနှုန်းမြင့်တက်ခြင်း၊ ဈေးကွက်မှာ ဝယ်လိုအားကျဆင်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေဖို့အတွက် ဈေးကွက်အတွင်းလိုအပ်တဲ့ နိုင်ငံခြားငွေဖြည့်တင်းဖို့နဲ့ စက်သုံးဆီ၊ စားသုံးဆီ၊ ကိုဗစ်ဆေးဝါး၊ လျှပ်စစ်နဲ့ Telecom Sector တွေအတွက် သွင်းကုန်လုပ်ငန်းရှင်တွေကို အမေရိကန်ဒေါ်လာ လိုအပ်ချက်ဖြစ်တဲ့ အထူးနိုင်ငံခြားငွေ ဈေးပြိုင်လေလံမှတစ်ဆင့် ၂၁-၁-၂၀၂၂ ရက်နေ့အထိ USD ၅၀၈ ဒသမ ၈ သန်း ကို ရောင်းချပေးခဲ့ပါတယ်။

ကျွန်တော်တို့ အစိုးရလက်ထက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မြန်မာနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှု စာရင်းအရ ပြည်ပသို့ပို့ကုန် ဒေါ်လာ ၁၅ ဒသမ ၃၆ ဘီလီယံ၊ ပြည်ပ

သွင်းကုန် ဒေါ်လာ ၁၄ ဒသမ ၆၉ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၀ ဒသမ ၀၅ ဘီလီယံ ဖြစ်တဲ့အတွက် ယာယီစာရင်းတွေအရ ကုန်သွယ်မှုပိုငွေဟာ ၆၇၇ သန်းကျော် ပိုမိုခဲ့ပါတယ်။

ပြည်တွင်း၊ ပြည်ပကြွေးမြီအနေနဲ့ ဒီမိုကရေစီပထမအစိုးရ သက်တမ်းကာလ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၁၆,၂၇၃ ဘီလီယံကျပ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပ ကြွေးမြီ ၁၈,၁၂၅ ဘီလီယံကျပ်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၂၁,၅၇၅ ဘီလီယံကျပ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၂၂,၀၃၂ ဘီလီယံကျပ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၂၇,၉၇၀ ဘီလီယံကျပ် ရှိခဲ့ပါတယ်။ ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၂၈,၈၆၁ ဘီလီယံကျပ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၃၄,၆၉၈ ဘီလီယံကျပ်၊ ၂၀၁၈(၆)လ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၃၅၅၅၀ ဘီလီယံကျပ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၄၀,၇၄၉ ဘီလီယံကျပ်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၄၇,၆၃၆ ဘီလီယံကျပ်၊ ၂၀၂၀-၂၀၂၁ (၆လ) ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၅၂,၄၈၈ ဘီလီယံကျပ် ရှိခဲ့ပါတယ်။ ပြည်တွင်း၊ ပြည်ပကြွေးမြီတွေဟာ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်လာတာကို တွေ့ရှိရပါတယ်။ ရေရှည်မှာ ကြွေးမြီခံနိုင်ရည်ရှိမှုကို သုံးသပ်တွက်ချက်ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျဆင်းနေတဲ့ နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာစေဖို့ ရေရှည်အစီအမံတွေကို ကျွန်တော်တို့ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

သွင်းကုန်တွေလျှော့ချနိုင်ရေးနဲ့ ပြည်တွင်းအလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ရေးအတွက် ပြည်တွင်းဖြစ်ကို အားပေးမှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှုတွေ အထူးလိုအပ်ပါတယ်။ ဥပမာအားဖြင့် ၂၀၂၁ ခုနှစ်မှာ နိုင်ငံတွင်း ဘိလပ်မြေစက်ရုံတွေက အမှန်တကယ်ထုတ်လုပ်နိုင်ရင် ပြည်တွင်းဖူလုံမှုသာမက ပိုလျှံနိုင်ပေမယ့် ဘိလပ်မြေတင်သွင်းမှုဟာ ၉၅၆,၈၂၅ တန် တန်ဖိုးဒေါ်လာ ၇၃ ဒသမ ၆၁၀ သန်းရှိကြောင်းတွေ့ရပါတယ်။ သံနှင့်သံမဏိတင်သွင်းမှုအနေနဲ့ ၂၀၂၁ ခုနှစ်ကာလအတွင်းမှာ ဒေါ်လာသန်း ၈၅၉ ဒသမ ၄၆ တန်ဖိုးရှိခဲ့ပါတယ်။ နိုင်ငံတွင်းမှာ ဘိလပ်မြေနဲ့ သံမဏိထုတ်လုပ်နိုင်တဲ့ ထုံးကျောက်၊ သံရိုင်း၊ ကျောက်မီးသွေး၊ ဒိုလိုမိုက်စတဲ့ကုန်ကြမ်းတွေ လုံလောက်စွာရှိနေပေမယ့်လည်း စက်ရုံတွေလည်ပတ်ဖို့ အားပေးမှု၊ ကြိုးစားအားထုတ်မှု မရှိခဲ့တဲ့အတွက် ပြည်ပမှ မှာယူတင်သွင်းခဲ့ရပါတယ်။ ပြည်တွင်းမှာလည်း အလုပ်အကိုင်တွေ ဆုံးရှုံးခဲ့ရပါတယ်။ မိမိနိုင်ငံသားတွေ ပြည်ပနိုင်ငံတွေကို ထွက်ခွာအလုပ်လုပ်ကိုင်ခဲ့ရပါတယ်။ သူများနိုင်ငံတွေမှာ အလုပ်လုပ်ကိုင်နေရတဲ့ မိမိတို့နိုင်ငံသားတွေဟာ အဲဒီနိုင်ငံတွေရဲ့ ဥပဒေနဲ့စည်းကမ်းတွေအတိုင်း နေထိုင်ကြရပါတယ်။ သူများအရိပ်အောက်မှာ နေရတာပါ၊ ကိုယ့်နိုင်ငံရဲ့အရိပ်အောက်မှာ လုံခြုံစိတ်ချမ်းသာစွာ လုပ်ကိုင်နိုင်ဖို့လိုပါတယ်။ ဒါ့ကြောင့် ပြည်တွင်းစီးပွားရေးကို အားပေးကြဖို့လိုပါတယ်။ ကျွန်တော်တို့အစိုးရလက်ထက်မှာ ယခင်ကရပ်ဆိုင်းထားတဲ့ သံနဲ့သံမဏိစက်ရုံတွေကို ပြည်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ အနိမ့်ဆုံးအဆင့်အဆောက်အအုံဆောက်လုပ်ရေးမှာအသုံးပြုတဲ့ သံချောင်း၊ သံလုံးအဆင့်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားပါမယ်။ ၂၀၂၁ ခုနှစ်မှာ စားအုန်းဆီအပါအဝင် ဆီတင်သွင်းမှုမှာ ၈၅၈,၆၈၅ ဒသမ ၂၇၁ တန်(တန်ချိန် ၈ ဒသမ ၅ သိန်းကျော်ခန့်) တန်ဖိုး ဒေါ်လာ ၈၆၆ ဒသမ ၇၁၁ သန်း ဖြစ်ပါ တယ်။ ဒါကြောင့် ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်ပမှ တင်သွင်းမှုလျှော့ချနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ခန့်မှန်းလူဦးရေ ၅၅ သန်းခန့်ရှိပါတယ်။ ကျန်းမာရေးအရ လူတစ်ဦးတစ်ရက်မှာ အနည်းဆုံးစားသုံးသင့်တဲ့ဆီ ၂ ဒသမ ၂ ကျပ်သားဖြစ်ပြီး တစ်နှစ်တာစားသုံးဆီ ၈ ပိဿာနဲ့တွက်ရင် တစ်နှစ်မှာ ကျွန်တော်တို့နိုင်ငံအတွင်းမှာရှိတဲ့ ခန့်မှန်းလူဦးရေအရ စားသုံးသင့်တဲ့စားသုံးဆီဟာ တန်ချိန် ၇ သိန်းမျှသာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ပန်းနှမ်းနဲ့ ဆီအုန်းများကနေ စားသုံးဆီများထုတ်လုပ်နေတဲ့အတွက် ကျွန်တော်တို့ ပြည်သူပြည်သားတွေဟာ လူတစ်ဦးတစ်ရက်မှာ အနည်းဆုံးစားသင့်တဲ့ စားသုံးဆီထက် ပိုမိုစားသုံးနေ

တာ တွေ့ရှိရပါတယ်။ စားသုံးဆီအလွန်အကျွံစားသုံးမှုကြောင့် တစ်ဦးချင်းကုန်ကျမှုများ၊ ၎င်းမှ နိုင်ငံအဆင့်ကုန်ကျမှုများ များပြားလာမှာဖြစ်တဲ့အပြင် တစ်ဦးချင်းရဲ့ကျန်းမာရေး နိုင်ငံအဆင့် အမျိုးသားကျန်းမာရေးကိုပါ ထိခိုက်စေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုရဲ့ တစ်ဦးချင်း ကျန်းမာရေး၊ တစ်ဦးချင်းဝင်ငွေတိုးတက်ရေးကိုရှေးရှုပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီ ပမာဏကိုသာသုံးစွဲနိုင်ရေး အသိပညာပေးမှုတွေ၊ စားသောက်မှုပုံစံပြောင်းလဲနိုင်ရေး ဆောင်ရွက်ချက်တွေကို လုပ်ဆောင်လျက် ရှိပါတယ်။

အလားတူ စက်သုံးဆီသုံးစွဲမှုကို အသိပေးလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မော်တော်ကားမျိုးစုံ ၁ သန်းကျော်ခန့်နဲ့ ဆိုင်ကယ်က ၆ သန်းကျော်ခန့်ရှိပါတယ်။ ၂၀၂၁ ခုနှစ်မှာ စက်သုံးဆီ တင်သွင်းခဲ့မှုဟာ တန်ချိန် ၄ ဒသမ ၁၂ သန်းကျော်တန်ဖိုး အမေရိကန်ဒေါ်လာ ၂,၄၉၆ ဒသမ ၆၅၂ သန်းရှိခဲ့ပါတယ်။ ဒီလိုဖြစ်ရခြင်းဟာ ကျွန်တော်တို့နိုင်ငံမှာ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်(Public Transportation)အားနည်းလို့ ပြည်သူတွေဟာ ကိုယ်ပိုင်ယာဉ်နဲ့သာ အားကိုးသွားလာကြရပါတယ်။ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်ဖြစ်တဲ့ ရထား၊ ဘတ်စ်ကား၊ သင်္ဘောရေယာဉ်များရဲ့ ဝန်ဆောင်မှုကို မြှင့်တင်ခြင်း၊ တစ်ဦးချင်း စက်သုံးဆီသုံးစွဲမှုကို ချွေတာခြင်းဆောင်ရွက်ပြီး ဒီကိစ္စကိုဖြေရှင်းရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်ဖြစ်တဲ့ ရထားပို့ဆောင်ရေးစနစ်၊ ဘတ်စ်ကားယာဉ်တွေနဲ့ ပို့ဆောင်ရေးစနစ်၊ သင်္ဘောရေယာဉ်တွေနဲ့ ပို့ဆောင်ရေးစနစ်တို့ကို ဝန်ဆောင်မှုမြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားပြည်သူလူထုအနေနဲ့လည်း ကိုယ်တိုင်စက်သုံးဆီသုံးစွဲမှုကို ချင့်ချိန်ချွေတာသုံးစွဲခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ ဝိုင်းဝန်းကူညီကြဖို့ တိုက်တွန်းလိုပါတယ်။ ဥပမာ–ဆိုင်ကယ် ၆ သန်းဟာ တစ်ရက်ကို ဆီသုံးစွဲမှု နို့ဆီဘူးတစ်ဝက်ခန့် လျှော့ချနိုင်ရင် တစ်ရက်ကို ဂါလန် ၁၂၅,၀၀၀ သက်သာမှာဖြစ်သလို ကားတစ်စီးဟာ တစ်ရက်ကို သုံးစွဲမှုဆီပုလင်းတစ်ဝက်လျှော့ချနိုင်ရင် တစ်ရက်ကိုဂါလန် ၁၂၅,၀၀၀ လျှော့ချနိုင်မှာဖြစ်ပါတယ်။ တန်ဖိုးအားဖြင့် တစ်ဂါလန် ၆၀၀၀ ကျပ် ပျမ်းမျှဈေးနဲ့တွက်ကြည့်ရင် တစ်ရက်ကို ငွေကျပ် ၁ ဒသမ ၅ ဘီလီယံထိ လျှော့ချနိုင်မှာဖြစ်ပါတယ်။ ဒီလိုဖြစ်လာဖို့ ပူးပေါင်းဆောင်ရွက်မှု လိုပါတယ်။ ပူးပေါင်းဆောင်ရွက်ကြဖို့လည်း နှိုးဆော်လိုပါတယ်။ ဒါမှ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

ပြည်သူတွေရဲ့ လူမှုစီးပွားဘဝနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ရရှိထုတ်လုပ်နိုင်မှုဟာ များစွာအထောက်အကူပြုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သဘာဝအရင်းအမြစ်တွေဖြစ်တဲ့ ရေ၊ နေနဲ့ လေ စွမ်းအားတွေ ရှိပြီးဖြစ်ပါတယ်။ ရေအားလျှပ်စစ်စီမံကိန်းတွေ အကောင်အထည်ဖော်ရာမှာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးဟာ ကြီးမားပြီး ကုန်ကျစရိတ်တန်ဖိုးတွေကို တိကျစွာတွက်ချက်နိုင်သော်လည်း ပြန်လည်ရရှိမယ့်အကျိုးအမြတ်ကတော့ တန်ဖိုးဖြတ်၍မရအောင် ကြီးမားပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မိုးများတဲ့ဒေသတွေမှအပ ကျန်နိုင်ငံတစ်ဝန်းလုံးမှာ နေသာတဲ့ရက်ဟာ တစ်နှစ်မှာရက်ပေါင်း ၂၀၀ မှ ၂၅၀ အထိရှိပါတယ်။ ဒါ့ကြောင့် နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ရုံတွေ လုံလောက်စွာ တည်ဆောက်ရေး ဆောင်ရွက်နိုင်မယ်ဆိုရင် နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာပဲဖြစ်ပါတယ်။ နေရောင်ခြည်သုံး ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်ယူမှုဟာ အကြောင်းအမျိုးမျိုးကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ ကြီးမားသော်လည်း တည်ဆောက်မှုအချိန်ကာလဟာ နည်းပါးပြီး နောက်ပိုင်းမှာတော့ ကုန်ကျစရိတ်သက်သာတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေပါတယ်။ ရေအား၊ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုတွေကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်မယ်ဆိုရင် လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲနိုင်မှုနဲ့၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှုနည်းပါးသည့် LED စနစ်သုံး လျှပ်စစ်ပစ္စည်းများကို ပြောင်းလဲသုံးစွဲမယ်ဆိုရင် ကျွန်တော်တို့ပြည်ပကနေ မှာယူသုံးစွဲနေရတဲ့ စက်သုံးဆီလိုအပ်ချက်တွေအပေါ်မှာလည်း လျှော့နည်းသွားစေမှာဖြစ်ပါတယ်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ရောဂါနဲ့ပတ်သက်ပြီး နိုင်ငံအတော်များများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုတွေရှိပါတယ်။ ကျွန်တော်တို့နိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေးသက်ရောက်မှုတွေအပေါ် ကုစားရေးအတွက် ကျပ်ဘီ

လီယံ ၂၀၀ နှင့်ထူထောင်ထားတဲ့ ကိုဗစ်–၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးထားတဲ့ ကုမ္ပဏီ/လုပ်ငန်းတွေကို ဒုတိယ အကြိမ် နောက်ထပ်ခြောက်လ ထပ်မံသက်တမ်းတိုးမြှင့် ပေးပြီးဖြစ်တဲ့အတွက် စုစုပေါင်းသက်တမ်းတစ်နှစ်တိုး ပေးခဲ့ပါတယ်။

ကမ္ဘာ့ကပ်ရောဂါကာလအတွင်း အခြားစီးပွားရေး လုပ်ငန်းတွေရဲ့တိုးတက်မှုလျော့နည်းလျက်ရှိသော်လည်း စိုက်ပျိုး/မွေးမြူရေးကဲ့သို့ စားဝတ်နေရေးကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ပိုမိုအရေးပါလျက်ရှိတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုး/ မွေး မြူရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုး/မွေး မြူ ရေးနဲ့ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင် နေကြတဲ့ ကျေးလက်နေပြည်သူလူထု ၇၀ ရာခိုင်နှုန်းခန့် ရှိပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေမှာ အထွက် နှုန်းတိုးစေဖို့ လိုအပ်ချက်တွေဖြစ်တဲ့ "မျိုး၊ မြေ၊ ရေ၊ နည်း"ဆိုတဲ့ မျိုးကောင်းမျိုးသန့်တွေရရှိဖို့၊ သဘာဝမြေ သြဇာ၊ ဓာတ်မြေသြဇာတွေ ပေါင်းစပ်ပြီး ကောင်းမွန်တဲ့ စိုက်ပျိုးမြေများ ဖော်ထုတ်ပေးတာတွေ၊ စိုက်ပျိုးရေရရှိ စေဖို့ ဆောင်ရွက်ပေးမှုနဲ့ ကောင်းမွန်တဲ့စိုက်နည်းစနစ် တွေရရှိစေဖို့ ဆောင်ရွက်ပေးတာတွေကို လုပ်ဆောင်ပေး လျက် ရှိပါတယ်။ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံအနေနဲ့ ဒေသတွင်းစားနပ်ရိက္ခာဖူလုံနိုင် ရေးနဲ့ ပြည်ပကို ယခင်ကထက်ပိုမိုတင်ပို့နိုင်ရေး အလေး ထားဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေ စနစ်တကျခေတ်မီစေဖို့ အရေးပါတဲ့ အသိ ပညာရှင်၊ အတတ်ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေပေါ် ထွက်လာရေးအတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေ မှာရှိတဲ့ စိုက်ပျိုးမွေးမြူရေးကျောင်းတွေကို သိပ္ပံကောလိပ် အဆင့်တိုးမြှင့်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ယခုရက်ပိုင်းအတွင်း နေပြည်တော်မှာ (၇၅)နှစ် မြောက်စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုပြုလုပ်တဲ့ မွေးမြူရေးတိရစ္ဆာန် ပြပွဲ၊ ပြိုင်ပွဲမှာ နိုင်ငံအရပ်ရပ်က ကျွဲ၊ နွား၊ ဆိတ်၊ သိုးများ ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ဒေသ ပြည်တွင်းမျိုး၊ ကပြားမျိုး၊ နိုင်ငံခြားမျိုးများ အထဲမှာ ဒေသပြည်တွင်း မျိုးကောင်းများကို တွေ့ရပါတယ်။ နွေ ရာသီအစာရှားပါးတဲ့အချိန်မှာ နံစားပြောင်း၊ အဖူးစား ပြောင်း၊ မြက်၊ ကောက်ရိုးများစတဲ့ ဒေသထွက်ကုန်များ နဲ့ တိရစ္ဆာန်အစာ ကောင်းမွန်စွာထုတ်ပေးနိုင်ကြောင်း တွေ့ရတဲ့အတွက် ကျယ်ပြန့်စွာ ဆောင်ရွက်သွားမယ်ဆို ရင် တောင်သူများအတွက် အကျိုးများစွာရှိပါတယ်။ စနစ် တကျ ကျွေးမွေးပြီး မွေးမြူမယ်ဆိုရင် တိုင်းပြည်အတွက် များစွာ အကျိုးဖြစ်တာမို့ ခေတ်မီမွေးမြူရေးပညာရှင်များ မွေးထုတ်ဆောင်ရွက်ရန် ကြိုးစားဖို့လိုကြောင်း ဖြည့်စွက် ပြောလိုပါတယ်။

မြန်မာနိုင်ငံမှာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြသူတွေ ဖြစ်လို့ နိုင်ငံ တော်အစိုးရနေနဲ့ ကျေးလက်နေပြည်သူတွေရဲ့ ဆင်းရဲ နွမ်းပါးမှု လျှော့ချနိုင်စေဖို့အတွက် ထိရောက်တဲ့နည်း လမ်းတွေအသုံးပြုပြီး ဒေသတစ်ခုနဲ့တစ်ခု၊ ဒေသတွင်း ကွာခြားမှု အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပြည်တွင်းဖြစ်အားပေးမှုအနေနဲ့ ပြည်တွင်းထုတ် ကုန်တွေအားပေးဖို့နဲ့ ပြည်တွင်းထုတ်လုပ်နိုင်တဲ့ ကုန် ပစ္စည်းတွေကို ပြည်ပကလျှော့ချတင်သွင်းနိုင်ဖို့ ဆောင် ရွက်ခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်

နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အစွမ်းကုန် ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ နိုင်ငံတော် ထာဝရအစွန့်ရှည်တည်တံ့ရေးနဲ့ နိုင်ငံသားများနဲ့ နိုင်ငံတော်ကာကွယ်ရေး တာဝန်များဟာ ကျွန်တော်တို့ တပ်မတော်အတွက် အကြီးမားဆုံး တာဝန်ဖြစ်ကြောင်း ခံယူထားပါတယ်။ " စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် " နဲ့ " ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး "ကို အာမခံပါတယ်။

ပေးမှု၊ ဖြေလျှော့ရေးအစီအစဉ်တွေအရ ပြည်ပမှကုန်ကြမ်းတွေ တင်သွင်းခွင့်နဲ့ပြည်တွင်းမှာ ပြုပြင်တပ်ဆင်ထုတ်လုပ်ထားတဲ့ ကုန်ချောပစ္စည်းတွေကို လွယ်ကူစွာတင်ပို့နိုင်ဖို့ ပို့ကုန်လိုင်စင်လျှောက်ထားဖို့မလိုဘဲ တင်ပို့ခွင့်ပြုခြင်း၊ ရေကြောင်းကြန့်ကြာမှုရှိခြင်းကြောင့် နယ်စပ်ဒေသရှိ ကုန်သွယ်ရေးစခန်းတွေမှ တင်သွင်းခွင့်ဖြေလျှော့ခွင့်ပြုထားသလို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍအလိုက် ကဏ္ဍ(၁၂)ခုမှ လုပ်ငန်း ၂၇ ခုအတွက် ခွင့်ပြုခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၃,၅၅၂ ဒသမ ၃၉၆ သန်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုကဏ္ဍအလိုက် ခွင့်ပြုပြီးလုပ်ငန်းများအနေနဲ့ ကဏ္ဍပေါင်း (၁၂)ခုမှ လုပ်ငန်းပေါင်း ၃၇ ခုအတွက်ကို ကျပ်သန်းပေါင်း ၃၃၂,၉၆၆ ဒသမ ၃၈၀ သန်း ခွင့်ပြုပြီးဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ဆက်လက်ပြီးလူမှုရေးဆိုင်ရာကိစ္စရပ်တွေကို တင်ပြလိုပါတယ်။ တပ်မတော်က နိုင်ငံတော်တာဝန်ရယူမထိန်းသိမ်းမီဘာသာ၊ သာသနာဆုတ်ယုတ်မှုအနေနဲ့ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ) ကဲ့သို့ဘာသာ၊ သာသနာရေးနဲ့ ပရဟိတတွဲဖက်ဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေကို အကြောင်းအမျိုးမျိုးပြပြီး ဖျက်သိမ်းခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါကို အကြောင်းပြပြီးဘုရားပုထိုးတွေဖူးမြော်ခွင့်နဲ့ ဘာသာရေးအဆောက်အဦအတွင်း ဘုရားဝတ်ပြု ကြည်ညိုခွင့်တွေကို ပိတ်ပင်ခဲ့ပြီးသာသနာ့ဝန်ထမ်းရဟန်းတော်တွေကြောင့် နိုင်ငံ့စီးပွားရေး ကျဆင်းသယောင်ကိုလည်း ဝါဒဖြန့်ခဲ့ပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပညာရပ်တွေဟာ National Treasure တွေ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကာလများမှာ မြန်မာ့ယဉ်ကျေးမှုအကကို ဖက်စပ်ဖန်တီးမှုတွေကြောင့် ဖက်စပ်အကတွေခေတ်စားလာရပြီး မြန်မာ့ယဉ်ကျေးမှုအတွက် စိုးရိမ်ရေမှတ်အနေအထားထိ ဖြစ်လာပါတယ်။ ရွှေတိဂုံစေတီပုံရိပ်ပေါ်မှာ ဖိနပ်နင်းအက ကခဲ့ရတဲ့အထိ ဘာသာရေးနဲ့ယဉ်ကျေးမှုနယ်ပယ်ပျက်စီးခဲ့ရပါတယ်။ မြန်မာ့ဓလေ့ရဲ့ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဆိုတဲ့ မွန်မြတ်လှသောအလေ့အကျင့်တွေအပေါ် Online Media တွေ အသုံးချကာ လူငယ်တို့ရဲ့ယဉ်ကျေးသိမ်မွေ့မှု အခြေခံစိတ်ဓာတ်တွေကို ဖျက်ဆီးခံခဲ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဗုဒ္ဓဘာသာအများစုဖြစ်ပြီး နိုင်ငံ့လူဦးရေရဲ့ ၈၇ ရာခိုင်နှုန်းခန့် ကိုးကွယ်မှုရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အစိုးရသက်တမ်းကာလမှာ ကျောင်းသားလူငယ်တွေထဲ ကိုဗစ်-၁၉ ရောဂါအကြောင်းပြပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွေကို ကန့်သတ်မှုတွေ ပြုလုပ်ခဲ့သလို မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်ပွန်းပဲ့စေတဲ့ Sex Education သင်ခန်းစာတွေကို ထည့်သွင်းသင်ကြားစေခဲ့တာတွေ့ရပါတယ်။ ဘာသာရေးကို နိုင်ငံရေးနဲ့ ရောထွေးယှက်တင် မဖြစ်စေရန်လိုသလို ကိုယ့်ဘာသာသာသနာ သန့်ရှင်းတည်တံ့ပြီး ထွန်းလင်းတောက်ပစေဖို့လည်း စည်းကမ်းတကျလုပ်ဆောင်ရမှာဖြစ်ပါတယ်။ သမိုင်းအမှန်ကို ဖုံးကွယ်ပြီး လူငယ်ထုအတွင်း တပ်မတော်ကို အမုန်းရန်ပွားများစေဖို့ နားယောင်ထိုးသွင်းလှုံ့ဆော်ခြင်းတွေ ဆောင်ရွက်စေခဲ့တဲ့အထိ နိုင်ငံရေးသမားတွေရဲ့ အသုံးချခံဖြစ်အောင် စိမ့်ဝင်စေခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

တပ်မတော်က နိုင်ငံတော်တာဝန် ရယူထိန်းသိမ်းပြီးနောက် ကိုဗစ်-၁၉ ရောဂါ အကြောင်းပြပြီး ပိတ်ထားခဲ့တဲ့ ဗုဒ္ဓဘာသာဘုရားစေတီတွေအပါအဝင် သက်ဆိုင်ရာဘာသာအလိုက် ဘာသာရေးအဆောက်အအုံတွေမှာ ဘုရားဝတ်ပြုခြင်း၊ ကြည်ညိုခြင်းတွေကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ကစပြီး ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါတယ်။ တိုးတက်လာတဲ့အခြေအနေတွေအပေါ် မူတည်ပြီး လူအများစုဝေးခွင့်၊ ပျော်ပွဲရွှင်ပွဲအခမ်းအနားတွေစည်းကမ်းနဲ့အညီပြုလုပ်ခွင့်တွေ ဆောင်ရွက်ပေးခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေးအတွက် ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နဲ့အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးအစွန်းရောက်တွေ၊ အကြမ်းဖက်အုပ်စုတွေဖြစ်တဲ့ CRPH ၊ NUG တို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် ဆူပူဆန္ဒပြမှုတွေမှာ ပါဝင်ခဲ့တဲ့အတွက် အရေးယူခံရပြီး နိုင်ငံတော်အတွင်း တရားရုံးအသီးသီးမှာ တရားစွဲဆို ခြင်းခံနေရသူတွေကို လူသားချင်းစာနာထောက်ထားမှုကို

အလေးထားသောအားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေဖို့နဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ ပါဝင်နိုင်စေဖို့အတွက် အခါကြီးရက်ကြီးတွေဖြစ်တဲ့ ၁၂-၂-၂၀၂၁ ရက် ပြည်ထောင်စုနေ့မှာ အကျဉ်းသား၊ အကျဉ်းသူ ၂၃,၃၆၉ ဦး၊ ၁၇-၄-၂၀၂၁ ရက်နေ့ မြန်မာနှစ်ဆန်း ၁ ရက်နေ့မှာ ၂၃,၁၈၄ ဦး၊ ၁၈-၁၀-၂၀၂၁ ရက်နေ့ သီတင်းကျွတ်လပြည့်နေ့မှာ ၁,၃၁၆ ဦး၊ ၂၀-၁၁-၂၀၂၁ ရက်နေ့မှာ ၁၀ ဦး၊ စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၄၇,၈၇၉ ဦးကို ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်တို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ သင့်လျော်တဲ့နေ့ရက်များမှာ နိုင်ငံတည်ငြိမ်ရေး၊ ပြည်သူ့လုံခြုံရေးများ မထိခိုက်နိုင်တဲ့သူများကိုလည်း သင့်လျော်သလို ဆောင်ရွက်ပေးသွားပါမယ်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ၇၅ နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ပဲဖြစ်ပါတယ်။ ၇၅ နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ (၁) ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်၊ (၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားရန်အတွက် (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို တိုင်းရင်းသားအားလုံးအတွက် တခမ်းတနား ကျင်းပဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်ထောင်စုစိတ်ဓာတ်ပိုမိုရှင်သန်ထက်မြက်ဖို့အတွက် လုပ်ဆောင်မယ့် လုပ်ငန်းရပ်တွေချမှတ်ခြင်း၊ တိုင်းရင်းသားတွေပါဝင်တဲ့ ဖော်ဆောင်ရေးအဖွဲ့တွေ ဖွဲ့စည်းခြင်းနဲ့ လက်တွေ့လုပ်ငန်းရပ်တွေဆောင်ရွက်ခြင်းဆိုတဲ့ အဆင့် ၃ ဆင့်ကို အဆင့်လိုက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးတွေရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနဖွဲ့စည်းပြီး တိုင်းရင်းသားလူမျိုးအပေါင်းတို့ရဲ့ ဓလေ့ထုံးတမ်း အစဉ်အလာတွေကို အလေးထားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာတွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှာ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြန်လည်ကျင်းပဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

နိုင်ငံတော်ရဲ့လက်ရှိအခြေအနေအရ နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့် အခြေအနေတွေကို ထပ်မံတင်ပြလိုပါတယ်။ ရှေ့ပိုင်းမှာ နိုင်ငံတော်ရဲ့ လက်ရှိနိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ရှေ့ဆက်လက်လုပ်ဆောင်မယ့် လုပ်ဆောင်ချက်တွေကို အကျဉ်းချုပ်တင်ပြပြီး ဖြစ်ပါတယ်။

မိမိတို့အစိုးရအနေနဲ့ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်တာဝန်ရယူထားချိန်မှာ တာဝန်တွေကို စွမ်းအားရှိသမျှ ထမ်းဆောင်ခဲ့သော်လည်း ပြည်တွင်း/ပြည်ပ နှောင့်ယှက်ဟန့်တားမှုတွေ ရှိခဲ့ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးမှာ လူလူချင်း လေးစားခြင်း၊ တန်ဖိုးထားခြင်းဟာ အရေးအကြီးဆုံးအချက်ဖြစ်ပါတယ်။ နိုင်ငံရှိမှလည်း နိုင်ငံသားတို့ရဲ့ ရပိုင်ခွင့်ကို တောင်းဆိုနိုင်ပါတယ်။

နိုင်ငံပျက်သုဉ်းသွားသော်လည်းပဲ နိုင်ငံသားတစ်ဦးချင်းရဲ့ရပိုင်ခွင့်ကို ကာကွယ်နိုင်တဲ့ နမူနာမျိုးကမ္ဘာမှာ မရှိသေးပါဘူး။ အဖျက်၊ အမှောင့်၊ အနှောင့်အယှက်များ ကင်းဝေးမှသာ နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနိုင်မှာပါ။

အများအကျိုးထက် လူတစ်ဦးတစ်ယောက်အကျိုးဖော်ဆောင် ဦးစားပေးရမယ်ဆိုတဲ့ အတွေးအခေါ်ဟာ ဒီမိုကရေစီအတွက် သူတော်ကောင်းဟန်ဆောင်ခြင်းသာ ဖြစ်ပါတယ်။

နိုင်ငံတော်ကို လက်မခံတဲ့ ရည်ရွယ်ချက်၊ လုပ်ရပ်၊ လုပ်ဆောင်ချက်တို့ဟာ နိုင်ငံတော်အတွက် တာဝန်သိသိ လုပ်ဆောင်နေတဲ့ နိုင်ငံသားများကိုလည်း လက်မခံတဲ့ သဘောဖြစ်ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကိုကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်ရန်ဖြစ်ပြီး ကျွန်တော်တို့တပ်မတော်သားများဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါတယ်။

နိုင်ငံမငြိမ်မသက်ဖြစ်ခြင်းရဲ့ အကျိုးဆက်များဟာ ကမ္ဘာတစ်ဝန်းမှာ နမူနာပေါင်း များစွာရှိနေပါတယ်။

တပ်မတော်ဟာ ကိုယ်ကျိုးရှာသည့်အဖွဲ့၊ အဖွဲ့အစည်း တစ်ခုအတွက် တည်ရှိနေသော အဖွဲ့အစည်းမဟုတ်ပါဘူး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို အကာအကွယ် ပေးဖို့ တည်ရှိတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံ့ကာကွယ်ရေးတာဝန်များကို ပြည်သူနဲ့ပူးပေါင်းပြီး ဦးလည်မသုန်ဆောင်ရွက်ခဲ့သလို ယခု ၁၀ နှစ်အတွင်း မှာလည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပီပြင်ခိုင်မာရေးအတွက် တတ်စွမ်းသလောက် သစ္စာရှိရှိဆောင်ရွက် ပေးခဲ့ပါတယ်။ ဒီလမ်းစဉ်အတိုင်း ကတိတည်စွာနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။

ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ခြုံငုံသုံးသပ်ကြည့်ပါက ပြည်တွင်း/ပြည်ပအကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကို အားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ လိုလားချက်မှာ ဒီမိုကရေစီထက် မြန်မာနိုင်ငံအလုံးစုံ ပျက်သုဉ်းရေးကိုသာ ဦးတည်နေပါတယ်။ နိုင်ငံတော် ကာကွယ်ရေးမှာ ပြည်သူများကိုကာကွယ်ရန်ဖြစ်ပြီး မင်းမဲ့ စရိုက် အဖြစ်မခံနိုင်ပါဘူး။ လျစ်လျူရှုလို့လည်း မရပါဘူး။ ဒါကြောင့် အချို့နေရာများမှာ စွန့်စားပြီးပေးဆပ် ကာကွယ်ရခြင်း ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာလည်း ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးအချို့တို့မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ဖျက်ဆီးမှုတွေရှိနေပါတယ်။ နိုင်ငံအတွင်း မြို့နယ်အချို့မှာ ရပ်ကွက်နဲ့ကျေးရွာအုပ်ချုပ်ရေးမှူးတွေ ခန့်အပ်ထားဖို့ ရှိနေပါသေးတယ်။

လွတ်လပ်၍တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပုဒ်မ ၄၂၉ အရ ကျင်းပနိုင်ဖို့အတွက် ရှေ့ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းတွေ ကျန်ရှိနေပါသေးတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်ကာလ နောက်ထပ် ၆ လ တိုးမြှင့်သွားမှာဖြစ်ပါတယ်။ အဲ့ဒီကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူ့ဘဝလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကိစ္စတွေကို အထူးဆောင်ရွက်သွားမှာဖြစ်ပြီး ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်မှသာ ပြည်သူ့လိုလားချက်ဖြစ်တဲ့ "စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်" လမ်းကြောင်းမှန်ကို ပြန်လည်ရောက်ရှိလာမှာ ဖြစ်ပါတယ်။ မြန်မာ့ဂုဏ်ကို အားလုံးကမြှင့်တင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား–**

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြည်တွင်းအားကိုပဲ ကျွန်တော် ယုံကြည်အားကိုးပါတယ်။ နိုင်ငံရဲ့ ပကတိ အခြေအနေအရ ပြည်ပအကူအညီများ လိုအပ်သည်မှန်ပေမယ့် ပြည်တွင်းအားနဲ့ လုပ်ဆောင်နိုင်တာများရှိပါတယ်။

နံပါတ်(၁)အနေနဲ့ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေးတိုးတက်မြှင့်တင်ပါမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်း အမြစ်များစွာရှိပါတယ်။ ပြည်တွင်း ကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူပြည်သားများရဲ့ လူမှုစီးပွား တိုးတက်မှု အားနည်းခဲ့ခြင်းသာ ဖြစ်ပါတယ်။

နံပါတ်(၂)အနေနဲ့ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံ ဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအားမကောင်းစရာ မရှိပါဘူး။

နံပါတ်(၃)အနေနဲ့ တိုင်းရင်းသားပြည်သူများ အားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအား လုပ်ဆောင်ရန် ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဥမကွဲ သိုက်မပျက် အေးအတူ ပူအမျှ ညီညွတ်တဲ့ အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေး စွမ်းအားတည်ဆောက်သွားပါမယ်။

တိုင်းရင်းသား မိဘပြည်သူ အားလုံး စည်းစားဆင်ခြင်ပြီး ပူးပေါင်းလုပ်ဆောင်ကြဖို့ ပြောလိုပါတယ်။

**နိဂုံးချုပ်အနေနဲ့ ကျွန်တော်ပြောလိုတာကတော့–**

နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အစွမ်းကုန် ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

နိုင်ငံတော်ထာဝရ အဓွန့်ရှည်တည်တံ့ရေးနဲ့ နိုင်ငံသားများနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များဟာ ကျွန်တော်တို့တပ်မတော်အတွက် အကြီးမားဆုံး တာဝန်

ဖြစ်ကြောင်း ခံယူထားပါတယ်။

"စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်" နဲ့ "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ကို အာမခံပါတယ်။

ကတိကဝတ်များအတိုင်း ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၊ ပြည်သူလူထုတို့ရဲ့ကောင်းသောအနာဂတ်ဖြစ်လာစေဖို့ ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ထပ်မံဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။

**ကျေးဇူးတင်ပါတယ်။**

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၂ - ၂ - ၂၀၂၂ )




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂)ကို ဖေဖော်ဝါရီလ ၂ ရက်၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာ ဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒေါက်တာငွေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြသည်။

**အထိုက်အလျောက်သာ တိုးတက်မှုရရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ ပြီးခဲ့သည့် ၂၀၂၀ - ၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မိမိတို့ အစိုးရတာဝန်ယူဆောင်ရွက်မှုမှာ ၈ လတာကာလ ရှိခဲ့ပြီး ယခင်အစိုးရမှ တာဝန်ယူဆောင်ရွက်မှု ၄ လတာ ကာလရှိခဲ့ကြောင်း၊ မိမိတို့တာဝန်ယူပြီးချိန်နောက်ပိုင်း နိုင်ငံရေးအခြေအနေများကြောင့် နိုင်ငံ၏စီးပွားရေး၊ လုံခြုံရေးအခြေအနေများတွင် အထိုက်အလျောက်သာ တိုးတက်မှုရရှိခဲ့ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ သယ်ယူပို့ဆောင်ရေး၊ ထုတ်လုပ်မှုအတွက် လိုအပ်သည့် ကုန်ကြမ်းရရှိရေး၊ သွင်းအားစုများရရှိရေး လိုအပ်ပြီး အပြည့်အဝ ဆောင်ရွက်နိုင်မှု အားနည်းခဲ့သကဲ့သို့ နိုင်ငံရေး အရဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်သမားများမှ အကြမ်းဖက်လုယက်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များအထိ အဆင့်ဆင့် လုပ်ဆောင်လာခဲ့သဖြင့် လုံခြုံရေး အဖွဲ့အစည်းများက ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ အလားတူလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်

၍လည်း တပ်မတော်အနေဖြင့် ထိရောက်စွာ ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းများရှိကြောင်း၊ အဆိုပါထိန်းသိမ်းဆောင်ရွက်သည့် ဖြစ်စဉ်များအတွင်း အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံတော်လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ ထိခိုက်သေကြေ ဒဏ်ရာရရှိခဲ့ရမှုများအတွက်လည်း မိမိအနေဖြင့် စိတ်မကောင်းဖြစ်ရပါကြောင်း၊ အဆိုပါဖြစ်စဉ်များကြောင့် နိုင်ငံ၏စီးပွားရေးနှင့် ပတ်သက်ပြီး မိမိတို့အနေဖြင့် ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုအားနည်းခဲ့ပါကြောင်း။

တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း ဝေဖန်တိုက်ခိုက်မှုများ၊ ဆူပူမှုများကြားမှ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းအောက်တိုဘာလအထိ ယာယီစာရင်းအရ ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၆၇၇ သန်းရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုလာမည့်ဘဏ္ဍာရေးနှစ်အတွင်းတွင်လည်း ကုန်သွယ်မှုပိုငွေများ ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံ၏ကုန်သွယ်မှုပိုငွေများအတိုင်းအတာတစ်ခုအထိ တိုးတက်လာသဖြင့် အောင်မြင်မှုတစ်ခုဖြစ်ပြီး ထိုသို့ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများသို့ ပို့ကုန်များ ယခုထက်ပိုမိုတင်ပို့နိုင်ရန်လိုအပ်ပြီး သယံဇာတပစ္စည်းများ တင်ပို့ရောင်းချခြင်းထက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများကိုတင်ပို့ရောင်းချနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရာတွင် လူအင်အားကို အသုံးချဆောင်ရွက်ရခြင်းဖြစ်သဖြင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ယခုထက်ပိုမိုတင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**ထုတ်ကုန်များစွာ တင်ပို့နိုင်**

ပြည်ပပို့ကုန်များနှင့်ပတ်သက်၍ မိမိတို့၏အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို များစွာတင်ပို့နိုင်ကြောင်း၊ အရည်အသွေး ပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများ တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် ပြည်ပဝင်ငွေများစွာရရှိမည်ဖြစ်ကြောင်း၊ ဆန်၊ ပဲ၊ ပြောင်းနှင့်မွေးမြူရေးထုတ်ကုန်များသည် မိမိတို့ပြည်သူများ၏ ၇၀ ရာခိုင်နှုန်းခန့်မှ ဆောင်ရွက်နေသည့် အဓိကစီးပွားရေး အသက်မွေးဝမ်းကြောင်း လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ အဓိကကျသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်၊ အရည်အသွေးမြင့်ထုတ်ကုန်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၂ ခုနှစ် အကျပ်အတည်းကာလအတွင်း၌ပင် တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခြေအနေတည်ငြိမ်ကောင်းမွန်သည့် အချိန်ကာလတွင် ပို့ကုန်များကို ပိုမိုတင်ပို့နိုင်မည်ဟု ယုံကြည်ကြောင်း။

ပြည်ပပို့ကုန်များတွင်ပါဝင်သည့် ဝါဂွမ်းစိုက်ပျိုးရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တွက်ချက်မှုအရ မိမိတို့နိုင်ငံ၏ ဝါဂွမ်းစိုက်ပျိုးမှုသည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်ထက်ကျော်လွန်ထုတ်လုပ်နိုင်မှုရှိသည်ဟု သိရှိရကြောင်း၊ သို့ရာတွင် ၂၀၂၂ ခုနှစ်အတွင်း ချည်ထည်နှင့် ဆက်စပ်ပစ္စည်းမျိုးစုံ ပြည်ပမှ အမေရိကန်ဒေါ်လာ ၁၂၈၀ ဒသမ ၁၅၂ သန်းဖိုး တင်သွင်းခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံမှပြည်ပနိုင်ငံများသို့ ဝါဂွမ်းများတင်ပို့ရာတွင် ထိုက်သင့်သည့်အခွန်အခများပေးရသကဲ့သို့ မိမိတို့နိုင်ငံရှိ အထည်ချုပ်စက်ရုံများအတွက် လိုအပ်သည့်ချည်ထည်များတင်သွင်းရာတွင်လည်း ဈေးနှုန်းကြီးမြင့်စွာပေး၍ ဝယ်ယူနေရကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့်ဝါဂွမ်းများကို ပြည်တွင်း၌ချည်ချောင်များအဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါကပြည်ပမှတင်သွင်းမှုများ လျော့ကျသွားမည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်နှင့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပထမဦးစားပေးအနေဖြင့် ပြည်တွင်းအဝတ်အထည်လိုအပ်ချက်ကိုဖြည့်ဆည်းပေးရန်ဖြစ်ပြီး ဆက်လက်၍ အထည်ချုပ်လုပ်ငန်းများမှ ပြည်ပနိုင်ငံများသို့ ပို့ကုန်များတင်ပို့နိုင်ရန်လိုကြောင်း၊ ထို့ကြောင့်ပြည်တွင်းရက်ကန်းလုပ်ငန်းများကို အဆင့်မြှင့်တင်ပြီး အရည်သွေးပြည့်မီသည့် ချည်ထည်များထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း။

**လက်ရှိခြေအနေတွင် ထုတ်လုပ်မှု ကုန်ကျစရိတ်ကြီးမြင့်မှု၊ ပို့ဆောင်ရေးစရိတ် ကြီးမြင့်မှုနှင့်ကုန်ကြမ်းဈေးနှုန်းမြင့်မားမှုတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာတာဝန်ရှိ သူများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန်လို၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၏ အဓိကအချက်အားဖြင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များပြားခြင်း ကြောင့်ဖြစ်သဖြင့် အများပြည်သူပို့ဆောင်ရေး စနစ်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်လိုအပ်၊ ယင်းစနစ်ကောင်းမွန်ရန် ဆောင်ရွက်ပေးခြင်း အားဖြင့် နိုင်ငံခြားငွေဖြင့် ဝယ်ယူသုံးစွဲနေရသည့် စက်သုံးဆီသုံးစွဲမှုကို ထိထိရောက်ရောက် လျှော့ချနိုင်မည်ဖြစ်။**

မိမိတို့နိုင်ငံတွင် ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါနှစ်မျိုး စိုက်ပျိုးပြီး အများအားဖြင့် ချည်မျှင်ရှည်ဝါကို စိုက်ပျိုးကြကြောင်း၊ ဝါနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် အီဂျစ်၊ တူရကီ၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှာ ထင်ရှားသည့် နိုင်ငံများဖြစ်ပြီး ဗဟိုအာရှနိုင်ငံများတွင်လည်း ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ အောင်မြင်သည့်နိုင်ငံများလည်းရှိကြောင်း၊ ဝါမျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ချည်မျှင်ရှည်ဝါ ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အဆိုပါနိုင်ငံများရှိ ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ဝါစိုက်ပျိုးထုတ်လုပ်မှုအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

**ထိရောက်စွာအသုံးချ**

ရေသုံးစွဲမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ရေကို စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် လူများသုံးစွဲမှုဟူ၍ သုံးမျိုးရှိကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း ရာသီဥတုကောင်းမွန်ပြီး မိုးကောင်းစွာရွာသွန်းခဲ့မှုကြောင့် နိုင်ငံတစ်ဝှမ်းရှိ ဆည်များအတွင်း ရေဝင်ရောက်မှုကောင်းမွန်၍ ရေလုံလောက်စွာရရှိခဲ့ကြောင်း၊ သို့သော် အဆိုပါ ဆည်များမှရေများကို ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများရှိကြောင်း၊ ဆည်များရှိရေများအား ရေအားလျှပ်စစ်ဓာတ်အား သုံးစွဲမှုတစ်ခုတည်းကိုသာမက စိုက်ပျိုးရေးလုပ်ငန်းများတွင်ပါ ထိရောက်စွာ အသုံးချရန် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် ပတ်သက်၍ LNG ဈေးနှုန်းများ အဆမတန်ကြီးမြင့်ခြင်းနှင့် သဘာဝဓာတ်ငွေ့များ လုံလောက်စွာရရှိမှုမရှိခြင်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်များ ပြုပြင်ရခြင်းများကြောင့် လျှပ်စစ်ထုတ်လုပ်ရေးအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့သကဲ့သို့ မဟာလျှပ်စစ်ဓာတ်အားလိုင်းများကို အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးခြင်းများရှိခဲ့ကြောင်း၊ ထို့ကြောင့် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများပြည့်ဝစွာထုတ်လုပ်နိုင်ရေးအတွက် ဆည်များအတွင်း သိုလှောင်ထားသည့် ရေများကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ရခြင်းများရှိကြောင်း၊ အဓိကအားဖြင့် ရေကိုစနစ်တကျဖြင့် အကျိုးရှိစွာအသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုရာတွင်လည်း အပေါသိကံ ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ရေသုံးစွဲမှုကိုစနစ်တကျဖြင့် ထိရောက်စွာအသုံးချရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင်မြစ်ရေတင်နှင့် ဆည်ရေသောက်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသည့် လယ်ယာမြေများစွာရှိပြီး အဆိုပါလယ်ယာမြေများတွင် ရေစနစ်တကျသုံးစွဲရေးအတွက် ပညာပေးခြင်းများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခုအခါ ကမ္ဘာပေါ်တွင် ရေချို့ရှားပါးလျက်ရှိသည့် နိုင်ငံများစွာရှိကြောင်း၊ ဧရာဝတီမြစ်ရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည့် ပင်လယ်အတွင်းသို့ ရောက်ရှိသွားပြီး ၂၀ ရာခိုင်နှုန်းကိုသာ အကျိုးရှိစွာအသုံးချနိုင် သည်ကို ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ချက်အရ လေ့လာသိရှိရကြောင်း၊ အစ္စရေးနိုင်ငံသည် ရေချို့ရှားပါးသည့်နိုင်ငံတစ်ခုဖြစ်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု၌ ကမ္ဘာပေါ်တွင် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှုနှုန်း အမြင့်ဆုံးနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝရေအရင်းအမြစ်များပေါများစွာရှိသဖြင့် အဆိုပါရေအရင်းမြစ်များအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ထိ

ရောက်အကျိုးရှိစွာအသုံးချနိုင်ရေးတာဝန်ရှိသည့် ဝန်ကြီးဌာနများအနေဖြင့်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်အသုံးပြု၍ မြစ်ရေတင်စီမံကိန်းများ ဖေါ်ဆောင်ပေးရန်လိုကြောင်း၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့်လည်း ဆောင်ရွက်၍ရကြောင်း၊ မြစ်ရေတင်စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက အညာဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏စီးပွားဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုအပ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်ရန်ရှိသည်များကို ရဲရဲတင်းတင်းဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထုတ်ကုန်များထုတ်လုပ်တင်ပို့ရောင်းချခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များပူးပေါင်းပြီး ဈေးကွက်သို့ အဆက်မပြတ်တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်နေရန်လိုကြောင်း။

## ရေသုံးစွဲမှုနှင့်ပတ်သက်၍

လူတစ်ဦးရေသုံးစွဲမှုအနေဖြင့် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ရေဂါလံ ၅၀ ခန့် သုံးစွဲသည်ကိုတွေ့ရှိရကြောင်း၊ အချို့နိုင်ငံများတွင် ရေသုံးစွဲမှုနှင့်ပတ်သက်၍ ကန့်သတ်ထိန်းချုပ်ထားကြောင်း၊ ရေသုံးစွဲမှုနှင့်ပတ်သက်၍ ပြည်သူများကို အသိပညာပေးမှုများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူဇီဝဖြစ်စဉ်အရ တိရစ္ဆာန်များအတွက်လည်း ရေများလိုအပ်သည့်အတွက် မွေးမြူရေးလုပ်ငန်းများတွင် ကောင်းမွန်သည့် ရေများရရှိရန်လိုကြောင်း၊ ရေကို အကျိုးရှိစွာဖြင့် စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း။

လျှပ်စစ်မီးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်နိုင်ရန် လိုအပ်သကဲ့သို့ ချွေတာသုံးစွဲရန်လည်းလိုအပ်ကြောင်း၊ ပြည်သူများ၏လူနေမှုဘဝမြင့်မားရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးသည် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းတွင် ပါဝင်ကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝ၊ စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ခြင်းနှင့် Public Transportation လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ လျှပ်စစ်မီးသုံးစွဲမှုနှင့် ရေသုံးစွဲမှုချွေတာနိုင်ရေးအတွက် ပြည်သူများကို အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကို ပြန်ကြားရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက် နေရန်လိုကြောင်းမှာကြားသည်။

## ရည်မှန်းချက် သုံးခု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် “ဒီနှစ် ၂၀၂၂ ခုနှစ်ဟာ ကျွန်တော်တို့အတွက် စိန်ခေါ်တဲ့နှစ်တစ်နှစ်လည်း ဖြစ်လာနေပြီ။ ဘာလို့ဆိုတော့ ဒီစီးပွားရေးကိုပြန်ပြီးတော့ မတ်လာအောင်လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့အပေါ်မှာပြည်သူက ယုံကြည်မှုရှိလာမယ်။ ကျွန်တော့်ရဲ့ ရည်မှန်း ချက် သုံးခုရှိပါတယ်။ တစ်အချက်ကတော့ တိုင်းပြည်စီးပွားရေးကို ကျွန်တော်ရအောင်ဆွဲတင်မယ်ပြောထားတယ်။ ပြီးခဲ့တဲ့နှစ်အတွေ့အကြုံအရ ကျွန်တော်တို့ မလုပ်နိုင်စရာအကြောင်းမရှိဘူး။ ၂၀၂၂ ခုနှစ်မှာ စီးပွားရေးအားကောင်းအောင် ကျွန်တော်တို့ တိုးတက်အောင်လုပ်မယ်။ ပြီးရင် ဒုတိယကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံရေး၊ ရှေ့လုပ်ငန်းစဉ်မှာဖော်ပြထားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းရပ်တွေမှာ ကျွန်တော်တို့ရတဲ့လမ်းကြောင်းတွေမှာ ကျွန်တော်တို့ အကုန်လုပ်မှာ။ အဲ့ဒီနှစ်ခု နိုင်ငံရေးကလည်း ကောင်းနေတယ်။ စီးပွားရေးကလည်း အားကောင်းလာပြီဆိုရင် ဒီဘက်ကနိုင်ငံတော်ကာကွယ်ရေးအတွက်ကို အားလုံးပါဝင်တဲ့ ကာကွယ်ရေးစနစ်ကို နောင်ကျွန်တော်တို့သွားရမယ်။ အားလုံးပါဝင်တဲ့။ ဥပမာ – ကျွန်တော်တို့ဆီမှာ အမျိုးသားစစ်မှုထမ်းဥပဒေ မကျင့်သုံးရသေးဘူး။ နိုင်ငံသားတိုင်းဟာ စစ်မှုထမ်းဖို့တာဝန်ရှိတယ်။ အမျိုးသားစစ်မှုထမ်းဥပဒေ ကျွန်တော်တို့မကျင့်သုံးရတာ ဘာဖြစ်

လို့လဲဆိုတော့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေရှိလို့ ကျွန်တော်တို့လုပ်လို့မရဘူး။ ခုနကပြောတဲ့ တစ်ရယ်၊ နှစ်ရယ် ကျွန်တော်တို့က ကောင်းကောင်းထိန်းနိုင်ပြီ၊ လုပ်နိုင်ပြီ၊ လက်ထဲမှာပိုင်ပိုင်နိုင်နိုင်ရှိပြီဆိုလို့ရှိရင် တတိယဖြစ်တဲ့ ကာကွယ်ရေးစွမ်းပကားတွေကိုရအောင် ကျွန်တော်တို့က မြှင့်တင်ရမယ်။ အဲ့ဒီမှာ အမျိုးသားစစ်မှုထမ်းဥပဒေအရ နိုင်ငံသားတွေ စစ်မှုထမ်းရမယ်။ နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည်၊ ဒါသူ့ရဲ့သတ်မှတ်ထားတဲ့ဟာအတိုင်း စစ်မှုထမ်းရမယ်။ တစ်နှစ်လည်း ဖြစ်ရင်ဖြစ်မယ်၊ တစ်နှစ်ခွဲလည်းဖြစ်ရင်ဖြစ်မှာပေါ့။ အခြေအနေပေါ်မူတည်ပြီးတော့ တိုင်းပြည်ရဲ့အခြေအနေပေါ်မူတည်ပြီးတော့ လုပ်ရမှာပေါ့။ ဒါကလုပ်ရမှာ၊ မလုပ်လို့မရဘူး။ ကာကွယ်ရေးစွမ်းအားမကောင်းရင်တော့ ကျွန်တော်တို့ခံသွားရမှာပေါ့။ သူများက ဖင်ပုတ်၊ ခေါင်းပုတ်လာလုပ်သွားမှာပေါ့။ စီးပွားရေးအားမကောင်းရင်လည်း ပိုက်ဆံမရှိတော့ မျက်နှာငယ်ရတယ်။ နိုင်ငံရေးအား မကောင်းတဲ့အခါကျတော့ သူများတွေ ကျွန်တော်တို့ကို မျိုးစုံပြဿနာတွေရှာမှာ။ စစ်ရေးအရ ကာကွယ်ရေးစွမ်းအားမကောင်းတော့ ဖင်ပုတ်၊ ခေါင်းပုတ်လာလုပ်မယ်။ ကျွန်တော်တို့တွေ စော်ကားခံရလိမ့်မယ်။ ခြိမ်းခြောက်တွေလုံးမှာ မဟုတ်ဘူး။ ဒီ ၃ ခုက ကျွန်တော်တို့ မဖြစ်မနေလုပ်ရမယ့် ကိစ္စရပ်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က ဒီနှစ်မှာ တတ်နိုင်သလောက် ဆွဲတင်ပြီးတော့ ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်”ဟု ပြောကြား သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

**နိုင်ငံခြားသုံးငွေကို ခြိုးခြံချွေတာ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နိုင်ငံခြားငွေသုံးစွဲမှုနှင့်စပ်လျဉ်း၍ ယခင်အစိုးရများလက်ထက်တွင် ကုန်သွယ်မှုလိုငွေများရှိခဲ့ပြီး ရေရှည်တွင် ကြွေးမြီပြဿနာများ ကြီးမားလာနိုင်ပါကြောင်း၊ ယင်းကို ကြိုတင်တွက်ဆ၍ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံခြားသုံးငွေကို ခြိုးခြံချွေတာပြီး မဖြစ်မနေသုံးစွဲရမည့် ကိစ္စများတွင်သာ သုံးစွဲကြစေလိုကြောင်း၊ ဖြစ်နိုင်ပါက ပြည်တွင်းငွေကြေးဖြင့်သာ သုံးစွဲကြစေလိုကြောင်းနှင့် ဝန်ကြီးဌာနများအနေဖြင့် မလိုအပ်သည့် ကိစ္စရပ်များတွင် သုံးစွဲခြင်းမပြုဘဲ အမှန်တကယ်လိုအပ်သည့် ရေရှည်တည်တံ့မည့် တည်ဆောက်ရေးလုပ်ငန်းများတွင်သာ သုံးစွဲကြရန်လိုကြောင်း။

နိုင်ငံတကာချေးငွေများနှင့်စပ်လျဉ်း၍ အကျိုးရှိစွာ သုံးစွဲကြရန်လိုအပ်ပြီး ဌာနအတွက် အမှန်တကယ်အကျိုးရှိသော ချေးငွေများဖြစ်ရန် လိုအပ်ကြောင်း၊ အခွန်အကောက်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအနေဖြင့် ရသင့်ရထိုက်သည့် အခွန်ငွေများ ရရှိရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပုဂ္ဂလိက ထုတ်လုပ်မှုကဏ္ဍ တိုးတက်မှသာ ပြည်ပပို့ကုန်ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး ယင်းဝင်ငွေမှ နိုင်ငံတော်အတွက် အခွန်ငွေများရရှိနိုင်မည်ဖြစ်ကြောင်း၊ အခွန်တိုးမြှင့်ကောက်ခံခြင်းထက် ရသင့်ရထိုက်သော အခွန်အခများ မှန်မှန်ကန်ကန်ရရှိနိုင်ရေး ဝန်ကြီးဌာနများအနေဖြင့် ကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဝန်ထမ်းများ ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ မလိုအပ်ဘဲ ဖွဲ့စည်းခန့်အပ်ခြင်းများမပြုလုပ်ကြရန်နှင့် ခန့်အပ်ပြီး ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်စေရေးနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ကြရန်အတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း။

**ကုန်ဈေးနှုန်းကြီးမြင့်မှု ထိန်းချုပ်နိုင်ရန်**

လက်ရှိခြေအနေတွင် ထုတ်လုပ်မှု ကုန်ကျစရိတ်ကြီးမြင့်မှု၊ ပို့ဆောင်ရေးစရိတ် ကြီးမြင့်မှုနှင့် ကုန်ကြမ်းဈေးနှုန်းမြင့်မားမှုတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၏ အဓိကအချက်အားဖြင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များပြားခြင်းကြောင့်ဖြစ်သဖြင့် အများပြည်သူပို့ဆောင်ရေးစနစ် ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ယင်းစနစ် ကောင်းမွန်ရန် ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံခြားငွေဖြင့် ဝယ်ယူသုံးစွဲနေရသည့် စက်သုံးဆီသုံးစွဲမှု ကို ထိထိရောက်ရောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် ကုန်ကြမ်းများ လုံလုံလောက်လောက်ရရှိနိုင်ရေးနှင့် ဈေးကွက်အတွင်း ဝယ်လိုအားကို ကာမိသည်အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရန်လိုအပ်

ကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုကို အားပေးမှသာ ကုန်ဈေးနှုန်းကျဆင်းလာမည်ဖြစ်ပြီး ငွေကြေးခိုင်မာမှု ရရှိလာမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ စီးပွားရေးကိုအထောက်အကူဖြစ်စေပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရာရောက်သည့်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ကျန်ရှိသည့် ဘတ်ဂျက်ကာလအတွင်း တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# မကွေးပြည်သူ့ဆေးရုံကြီးရှိ အသစ်ထပ်မံဆောက်လုပ်ထားရှိသည့် သားဖွားမီးယပ်နှင့် မွေးကင်းစကလေး သုံးထပ်ကုသဆောင်အတွင်း ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၉ - ၂ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ဖေဖော်ဝါရီလ ၉ ရက်၊ မွန်းလွဲပိုင်းတွင် မကွေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ အသစ်ထပ်မံဆောက်လုပ်ထားရှိသည့် သားဖွားမီးယပ်နှင့် မွေးကင်းစကလေး သုံးထပ်ကုသဆောင်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာသောင်းလှိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းနီလာလှနှင့် ကျန်းမာရေး ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက သားဖွားမီးယပ်နှင့် မွေးကင်းစကလေး သုံးထပ်ကုဆောင်ကြီးအား ဂျပန်နိုင်ငံအစိုးရအထောက်အပံ့ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်း၍ ဆောက်လုပ်ခဲ့မှုအခြေအနေ၊ ဆေးရုံသစ်ကြီးအတွင်း တပ်ဆင်ရန်ကျန်ရှိသည့် ဆေးရုံသုံးပစ္စည်းများတပ်ဆင်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေ၊ မကွေးဆေးတက္ကသိုလ်အတွက် သင်ကြားမှုအထောက်အကူပြုစေရန်အတွက် သင်ကြားရေးဆိုင်ရာများနှင့်ပတ်သက်သည့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း နေထိုင်သူများ၏ ပျမ်းမျှလူ့သက်တမ်း (Life Expectancy) သည် ၆၅ နှစ်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ ပျမ်းမျှလူ့သက်တမ်းမှာ ၆၇ ဒသမ ၄၂ နှစ်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း မွေးဖွားကလေးသေဆုံးမှုနှုန်းမြင့်မားသဖြင့် ယခုသားဖွားမီးယပ်နှင့် မွေးကင်းစကလေး သုံးထပ်ကုသဆောင်တည်ဆောက်ခြင်းကြောင့် တိုင်းဒေသကြီးအတွင်း များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ်တွင် မွေးဖွားလူနာ ၂၃၁၈ ဦးရှိကြောင်း၊ မကွေးမြို့သည် အချက်အချာကျသည့် လမ်းဆုံမြို့တစ်ခုဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ၂၀၂၁ ခုနှစ် ဧပြီလအတွင်း မကွေးမြို့သို့ မိမိရောက်ရှိစဉ် ကျန်းမာရေးဝန်ကြီး၏တင်ပြချက်အရ ဆေးရုံသစ်ကြီးတွင် တပ်ဆင်ရန်ကျန်ရှိနေသည့် ဆေးရုံသုံးပစ္စည်းများ အမြန်ရရှိရေး ဂျပန်နိုင်ငံမှတာဝန်ရှိသူများနှင့် ချက်ချင်းဆွေးနွေးခဲ့ရာ ယခုအခါ ဆေးရုံသုံးပစ္စည်းများရောက်ရှိပြီဖြစ်ကြောင်း၊

အဆိုပါ ဆေးရုံသုံးပစ္စည်းများအား ကုသရေးလုပ်ငန်းများတွင် အကျိုးရှိရှိဖြင့် အသုံးချရန်လိုကြောင်း၊ ကျန်ရှိသည့် ဆေးရုံများကိုလည်း အဆင့်မြှင့်တင်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကင်ဆာရောဂါကုသရေးအတွက် ဆေးရုံများလိုအပ်ချက်ရှိသောကြောင့် ထပ်မံဆောက်လုပ်နိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန်လိုကြောင်း၊ ဆေးရုံအတွက် လျှပ်စစ်မီးပြတ်တောက်ချိန်တွင် အရေးပေါ်မီးအတွက် အသုံးပြုနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်မီးများ တပ်ဆင်ရန်လိုကြောင်း၊ ဆေးရုံများတည်ဆောက်ရာတွင် ကျစ်ကျစ်လျစ်လျစ်ဖြင့် အကျိုးရှိစွာအသုံးချနိုင်ရေး စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

■ ■ ■

# မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာစဉ် ပြောကြားသည့်အမှာစကား

( ၉ - ၂ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးမောင်းဟာ၊ ဦးရွှေကြိမ်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကို၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့်ဇနီး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ ယနေ့ ဖေဖော်ဝါရီလ ၉ ရက်၊ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပြတိုက်ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့၏ သမိုင်းအကျဉ်းနှင့် မြို့ဟောင်းများ၏ မတူးဖော်မီအခြေအနေ၊ တူးဖော်ဆဲ အခြေအနေနှင့် တူးဖော်ပြီးအခြေအနေများ၊ တူးဖော်ရရှိပြီးနောက်ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုး ၃ ရပ်ဖြင့် ကမ္ဘာ့အမွေအနှစ်သတ်မှတ်နိုင်ရေး အဆိုပြုတင်သွင်းခဲ့သည့် အခြေအနေများနှင့် ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ပြုလုပ်သည့် (၃၈)ကြိမ်

မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက "ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများ" အဖြစ်သတ်မှတ်ခံခဲ့ရသည့်အခြေအနေနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာနန္ဒာမွန်းက သမိုင်းဝင်ရှေးဟောင်း ယဉ်ကျေးမှုလက်ရာများ၊ အဆောက်အဦများ၊ နေရာများကိုထိန်းသိမ်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာပျူမြို့ဟောင်း ၃ ခုအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများအဖြစ် သတ်မှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စနစ်တကျ ထိန်းသိမ်းဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများသည် တန်ဖိုးဖြတ်၍မရသည့်အတွက် ရှေးဟောင်းအမွေအနှစ်နေရာများနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ်ဇရိယာအတွင်း ရှေးဟောင်းပစ္စည်းများ၊ လက်ရာများကို ထိခိုက်စေနိုင်သည့် လုပ်ငန်းလုပ်ဆောင်မှုများ မရှိစေရေး ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး တားမြစ်သင့်သည်များကို တင်းတင်းကျပ်ကျပ် တားမြစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း နားလည်မှုရှိအောင် ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်း၊ မြေအောက်တွင်ရှိနေသည့် မြို့ရိုးများနှင့်ရှေးဟောင်းလက်ရာအမွေအနှစ်များသည် ထိခိုက်ပျက်စီးနိုင်မည်ဖြစ်သောကြောင့် တူးဖော်မှုများကို အမြန်ဆုံးဆောင်ရွက်ရန်လိုပြီး အချိန်မီထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများ ဆက်လက်တူးဖော်မှုနှင့် ထိန်းသိမ်းမှုများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ မိမိနိုင်ငံ၏ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်းဖြင့် တိုင်းပြည်အပေါ်တန်ဖိုးထားမှုနှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်မှု၊ တိုင်းပြည်၏ရှေးဟောင်းယဉ်ကျေးမှုကိုတန်ဖိုးထားဂုဏ်ယူမှုတို့ကိုဖြစ်ပေါ်လာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်သာမက မကွေးတိုင်းဒေသကြီး၏ အထင်ကရအထိမ်းအမှတ်နေရာ၊ ကမ္ဘာ့အမွေအနှစ် ဖြစ်သည့်အတွက် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ ဖြစ်ပေါ်စေနိုင်မည် ဖြစ်ကြောင်း။

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများ ဆက်လက်တူးဖော်မှုနှင့် ထိန်းသိမ်းမှုများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်။ ထိုကဲ့သို့ မိမိနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်းဖြင့် တိုင်းပြည်အပေါ် တန်ဖိုးထားမှုနှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်မှု၊ တိုင်းပြည်၏ ရှေးဟောင်းယဉ်ကျေးမှုကို တန်ဖိုးထားဂုဏ်ယူမှုတို့ကို ဖြစ်ပေါ်လာအောင် လုပ်ဆောင်ရမည်ဖြစ်။**

**အတုယူလုပ်ဆောင်သင့်**

အရှေ့တောင်အာရှတွင် အစောဆုံး မြို့ပြယဉ်ကျေးမှု (Civilization) သည် ပျူမြို့များဖြစ်ပြီး ၎င်းပျူမြို့များနှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများတွင်လည်း ယဉ်ကျေးမှုသမိုင်းအထောက်အထားများရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ၊ ဗီဇာကာပတ်တနန်မြို့ရှိ Bheemunipatnam တောင်ကုန်းပေါ်ရှိ Thotlakonda Buddhist Complex သို့ သွားရောက်လေ့လာခဲ့ရာတွင်လည်း ပျူမြို့ဟောင်းများကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများပုံစံများ၊ ငွေဒင်္ဂါးပြားများနှင့် ယခုဗိဿနိုးမြို့ဟောင်းတွင် ဇရိယာအကြီးဆုံးတူးဖော်ရရှိသည့် ဘာသာရေးအဆောက်အအုံပုံစံနှင့်တူညီသည့် အဆောက်အအုံပုံစံများကို တွေ့ရှိလေ့လာခဲ့ရကြောင်း၊ မိမိတို့နိုင်ငံရှိ ပျူမြို့ဟောင်းများအပါအဝင် အခြားရှေးဟောင်းသမိုင်းဝင်နေရာများ၊ အဆောက်

အဦများကိုထိန်းသိမ်းရာတွင် အခြားနိုင်ငံများ၏ ထိန်းသိမ်းဆောင်ရွက်နေမှုများမှ အတုယူသင့်သည်ကို အတုယူလုပ်ဆောင်သင့်ကြောင်း၊ သမိုင်းကိုသိမှသာလျှင် မိမိနိုင်ငံ၊ လူမျိုးတို့၏ယဉ်ကျေးမှုကိုသိမည်၊ တိုင်းပြည်ကို ချစ်မြတ်နိုးမည်၊ တန်ဖိုးထားမည်ဖြစ်သည့်အတွက် သမိုင်းအမွေအနှစ်များကို မပျောက်ပျက်ရန်နှင့် ရေရှည်တည်မြဲမှုရှိစေရန် အစဉ်အဆက် ထိန်းသိမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင်လည်း ရှေးဟောင်းယဉ်ကျေးမှုသမိုင်းအမွေအနှစ်များနှင့် ပတ်သက်သည်များကို ပညာပေးထည့်သွင်းသင်ကြားရန်လိုကြောင်း ဖြင့် ဆွေးနွေးပြောကြားသည်။

**ပေါင်းစပ်ဆောင်ရွက်**

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် ဒေါက်တာနန္ဒာမွန်းတို့၏ ဖြည့်စွက်တင်ပြချက်များအပေါ် ဆက်လက်ဆွေးနွေးကြရာ ရှေးဟောင်းသုတေသနလုပ်ငန်းများကိုဆောင်ရွက်ကြရာ၌ ရှေးဟောင်းသုတေသနအမြင်ဖြင့်သာမက ဘူမိဗေဒပညာရပ်အမြင်နှင့် ပထဝီပညာရပ်အမြင်တို့ဖြင့်ပါ ပေါင်းစပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ မြို့ပြယဉ်ကျေးမှုကို ပျူခေတ်(ဘီစီ ၃ ရာစု–၂ ရာစု)ကတည်းကစတင်ခဲ့ပြီး ၎င်းခေတ်ကတည်းက မိမိနိုင်ငံ၏ ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါဖြစ်မှု၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုတို့ကို စောစောဖော်ထုတ်၍ စုံစုံလင်လင်ပြသနိုင်ရေး ဆက်လက်ကြိုးပမ်းသွားရန်လိုကြောင်း၊ ပြည်တွင်း၊ ပြည်ပလေ့လာသူများ ပိုမိုများပြားစွာ လာရောက်လေ့လာနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ပြတိုက်အတွင်းပြသထားရှိသည့် ဗိဿနိုးမြို့ဟောင်းမြေပုံ၊ မြို့ဝင်ပေါက်မြို့ရိုး၊ ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ၊ စာပေဆိုင်ရာအထောက်အထားများ၊ ပျူခေတ်အုတ်များ၊ တော်ဝင်ဗိသုကာများနှင့် ပျူခေတ်အသုံးအဆောင်ပစ္စည်းများ၊ ပြကွက်များကို တစ်ခုချင်းအသေးစိတ် စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဓာတ်ပုံများကို အရည်အသွေးကောင်းမွန်ပြီး မြင်ကွင်းကျယ်သည့် ဓာတ်ပုံများဖြစ်ရန်နှင့် ခုနှစ်၊ သက္ကရာဇ်များ၊ တူးဖော်ရရှိသည့်နေရာများကို အလွယ်တကူလေ့လာသိရှိနိုင်ရေးအတွက်လည်း ရှင်းလင်းစွာ စာတန်းထိုးထားရန်လိုကြောင်း၊ ရှေးခေတ်လက်ရာဒင်္ဂါးပြားများ၊ လက်ဝတ်ရတနာများကို အနီးကပ်ကြည့်ရှုလေ့လာနိုင်ရေး ခေတ်မီနည်းစနစ်များအသုံးပြု၍ LED Screen များဖြင့် လေ့လာကြည့်ရှုနိုင်အောင် ဆောင်ရွက်ပေးထားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားဆွေးနွေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီး နှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဗိဿနိုးမြို့ဟောင်း အတွင်းရှိ KKG–2 ဘုန်းကြီးကျောင်းပန္နက်ပုံရှိ အဆောက်အအုံ၊ KKG–3 စေတီပန္နက်ပုံရှိ အဆောက်အအုံ၊ KKG–4 ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်အဆောက်အအုံ၊ BTO– 1၊ BTO– 2၊ BTO– 3၊ BTO– 4၊ BTO– 5 နန်းတော်ရာ အတွင်း၊ အပြင်အုတ်ရိုးများကို ကြည့်ရှုလေ့လာခဲ့ပြီး မြို့ဟောင်းအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများကို တစ်နေရာနှင့်တစ်နေရာ မြင်နိုင်ရန်၊ လျှောက်လမ်းများ၊ လမ်းညွှန်ဆိုင်းဘုတ်များကို စနစ်တကျ ပြုလုပ်ထားရှိရန်နှင့် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

**တူးဖော်သုတေသနပြု**

အဆိုပါ ဗိဿနိုးမြို့ဟောင်းသည် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ တောင်တွင်းကြီးမြို့၏ အနောက်ဘက် ၁၂ မိုင်ခန့်အကွာတွင်တည်ရှိပြီး မြောက်ဘက်တွင် ယင်းချောင်း၊ စတုံချောင်းနှင့် တောင်ဘက်တွင် တောင်ဦးချောင်း၊ ရန်ပယ်ချောင်းတို့ စီးဆင်းလျက်ရှိကာ စိုက်ပျိုးမြေကောင်းမွန်သော ယင်းလွင်ပြင်ဒေသနှင့် တောင်တွင်းကြီးလွင်ပြင်တို့ကို အမှီပြု၍ တည်ဆောက်ထားသည့် အေဒီ(၁) ရာစုမှ အေဒီ(၅)ရာစုအတွင်း ဖွံ့ဖြိုးတိုးတက်ခဲ့သည့် မြို့ဟောင်းတစ်ခုဖြစ်ကြောင်း၊ ၁၉၁၅ ခုနှစ်တွင် မြန်မာနိုင်ငံရှေးဟောင်းသုတေသနဌာနမှ စူးစမ်းလေ့လာခဲ့ပြီး ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ရှေးဟောင်းကုန်းပေါင်း(၂၅) ကုန်းကို စနစ်တကျ တူးဖော်သုတေသနပြုခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကုန်းပေါင်း(၄၁) ကုန်းကို ထပ်မံတူးဖော်သုတေသနပြုခဲ့ပြီး မြို့ဟောင်းအတွင်း စုစုပေါင်း (၆၆) ကုန်းကို တူးဖော်

သုတေသနပြုခဲ့ပြီးဖြစ်ကြောင်း၊ ဗိဿနိုးမြို့ဟောင်းကို တူးဖော်မှုများစတင်စဉ် တူးဖော်မှုကုန်းအမှတ်များကို ကုက္ကိုခွရွာအား အစွဲပြု၍ KKG ဟုအမည်ပေးခဲ့ပြီး ၁၉၉၅ ခုနှစ်မှစတင်၍ ဗိဿနိုး BTO ဟူသော ကုန်းအမည် အတိုအမှတ်ကို ပြောင်းလဲသုံးစွဲခဲ့ကြောင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာ သုတေသနပြုလေ့လာချက်များအရ ခိုင်မာစွာတွေ့ရှိရသော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများကို ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး(၃)ရပ်ဖြင့် ကမ္ဘာ့အမွေအနှစ်သတ်မှတ်နိုင်ရေး အဆိုပြုတင်သွင်းခဲ့ရာ ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ပြုလုပ်သည့် (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက "ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများ" အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများကို မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေဖော်ထုတ်ရန်၊ ထိန်းသိမ်းရန်၊ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်ရန်နှင့် ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံနှင့်လူမျိုးကို လေးစားချစ်ခင်မြတ်နိုးစေရန်ဟူသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏မူဝါဒနှင့်အညီ ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက် ရှိသည်။

■ ■ ■

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် စိုက်ပျိုးရေးတောင်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပြောကြားသည့်အမှာစကား

( ၉ - ၂ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် စိုက်ပျိုးရေးတောင်သူများအား ဖေဖော်ဝါရီလ ၉ ရက်၊ မွန်းလွဲပိုင်းတွင် မကွေးမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးမောင်းဟာ၊ ဦးရွှေကြိမ်း၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ထုတ်ကုန်များထုတ်လုပ်နိုင်မှု၊ စားသုံးဆီထုတ်လုပ်မှုနှင့်ဖူလုံမှု၊ စိုက်ပျိုးမွေးမြူရေး

အထောက်အကူပြု နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီး ထုတ်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဝါသီးနှံများအထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဆောင်ရွက်နေမှု၊ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများလျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးနေမှု၊ ပညာသင်ကြားရေးပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ရာနှုန်းပြည့်နီးပါးတာဝန်ထမ်းဆောင်နေမှုအခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ကုသရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ နိုင်ငံသားစိစစ်ရေးကတ်များရရှိရေး ဆောင်ရွက်နေမှု၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ သောက်သုံးရေ ဖူလုံမှုရှိစေရေးဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နှမ်း၊ မြေပဲ၊ ပဲစိမ်းငုံ၊ ဝါနှင့် ကြက်သွန်စိုက်တောင်သူများက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လယ်ယာသုံးစက်ကိရိယာများလိုအပ်မှု၊ သွင်းအားစုများ၊ မြေဩဇာများလိုအပ်မှု၊ ပြည်ပသို့ စိုက်ပျိုးရေးထွက်ကုန်များနှင့် ထုတ်ကုန်များ တင်ပို့ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ သီးနှံစိုက်ပျိုးရေးပညာရှင်များက စိုက်ပျိုးရေးအထွက်နှုန်း တိုးတက်စေရေးအတွက် ဆောင်ရွက်သင့်သည့်အခြေအနေနှင့် အခြားလိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးပြောကြား**

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးတင်ထွဋ်ဦး၊ ဦးကိုကို၊ ဦးလှမိုး၊ ဦးအောင်သန်းဦးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်တို့က သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုအခြေအနေများအား ပြန်လည်ရှင်းလင်းပြောကြားရာ မကွေးတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အစိုးရအဆက်ဆက် နှစ်အလိုက် စီမံချက်ချဆောင်ရွက်ခဲ့မှု၊ ကျန်းမာရေးကဏ္ဍမြင့်တင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် ခရီးသွားများလာရောက်လည်ပတ်နိုင်ရေးအတွက်ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးတောင်သူများကို သမဝါယမအသင်းများဖွဲ့စည်းဆောင်ရွက်၍ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရေးဆောင်ရွက်ပေးမည့်အခြေအနေ၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းသင်တန်းများဖွင့်လှစ်၍ အသက်မွေးပညာသင်တန်းများ သင်ကြားပေးမည့်အခြေအနေ၊ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ ဓာတ်မြေဩဇာစက်ရုံများလည်ပတ်ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လျှပ်စစ်ဓာတ်အားများလုံလောက်စွာရရှိရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် အဓိကအားဖြင့်

**အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ဖြစ်၊ ထို့ကြောင့်အတန်းပညာရှိရေးအတွက် အရေးကြီး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်လည်း အနည်းဆုံး ၉ တန်းအောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးကျောင်းများကို တက်ရောက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေး ပညာရပ်များကို ပိုမိုတတ်ကျွမ်းမည်ဖြစ်၊ သို့မှသာ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်ပစ္စည်းများကို ပိုမိုထုတ်လုပ်နိုင်ပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်။**

မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာရှိကြောင်း၊ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ကျေးလက်တွင်နေထိုင်ကြ ကြောင်း၊ အဓိကအားဖြင့် ပဲ၊ နှမ်း၊ ဝါနှင့် ကြက်သွန်များ ကို စိုက်ပျိုးကြကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်း များကိုလည်း ဆောင်ရွက်ကြကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ် သက်၍ ပဲမျိုးစုံနှင့်နှမ်းကိုစိုက်ပျိုးကြကြောင်း၊ မြေပဲနှင့် နှမ်းတို့မှ ဆီများထုတ်လုပ်သကဲ့သို့ အခြားထုတ်ကုန်များ တွင်လည်း အသုံးပြုကြကြောင်း၊ ပြည်ပသို့တင်ပို့မှုများ လည်းရှိကြောင်း၊ ဆီထွက်နှုန်းများတွင် နှမ်းသည်အနည်း ဆုံးဖြစ်ပြီး မြေပဲမှာနှမ်းထက်ဆီထွက်နှုန်းများပါကြောင်း၊ အထွက်နှုန်းများ တိုးအောင်ဆောင်ရွက်နိုင်ပါက အကျိုး ပိုမိုဖြစ်ထွန်းမည်ဖြစ်ကြောင်း။

**မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ်**

အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ်ကြောင်း၊ မျိုးကောင်းမျိုးသန့် ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် ဓာတ်မြေဩဇာများ ထည့် သွင်းရန်၊ ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန် ကန်ရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများ တွင်လည်း တိရစ္ဆာန်များကို အာဟာရပြည့်ဝစွာ ကျွေးမွေး ရန်လိုကြောင်း၊ စိုက်ပျိုးမြေများရေရရှိရေးအတွက် ရှိပြီး ဖြစ်သည့် ရေဝတီမြစ်ကိုလည်း စနစ်တကျဖြင့် အသုံးချ ရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း လယ်စိုက် ဧကပေါင်း ၆ သိန်းကျော်၊ အခြားစိုက်ပျိုးဧကပေါင်း ၂ ဒသမ ၂ သန်းကျော်ရှိကြောင်း၊ ရေကိုအကျိုးရှိစွာ အသုံးချ ရန်လိုသကဲ့သို့လည်း နေရောင်ခြည်စွမ်းအင်ကိုလည်း အကျိုးရှိရှိအသုံးချရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီး အတွင်း မိုးရွာရက်မှာ ပျမ်းမျှ ရက် ၇၀ သာရှိသဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ် ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ် ခြင်းလုပ်ခြင်းမှ စိုက်ပျိုးမြေများအတွက် လိုအပ်သည့်ရေ များရရှိရေး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်၍ရ သဖြင့် အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလား တူ မကွေးတိုင်းဒေသကြီးအတွင်း ရေဝတီမြစ်ရေအား ထိန်း၍ရသည့်နေရာများရှိပြီး အဆိုပါနေရာများ၌ တမံနိမ့် (Low head Dam) များဆောက်လုပ်၍ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ သွားလာမှုမပြတ် စေဘဲ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်၍ရနိုင်ကြောင်း။

**မြေဩဇာရရှိရေး**

မြေဩဇာရရှိရေးနှင့်ပတ်သက်၍ သဘာဝမြေဩဇာ နှင့် ဓာတ်မြေဩဇာများရှိကြောင်း၊ မကွေးတိုင်းဒေသကြီး အတွင်း နွားအကောင်အရေပေါင်း ၁ ဒသမ ၃ သန်း ကျော်၊ ကျွဲအကောင်အရေပေါင်း ၃ သောင်း ၈ ထောင်ကျော်၊ အသားစားကြက် ၁ ဒသမ ၆ သန်း၊ ဥစားကြက် ၂ သိန်း ကျော်၊ ဒေသကြက် ၃ သန်း ၃ သိန်းကျော်ရှိကြောင်း၊ အဆိုပါတိရစ္ဆာန်များမှ ထွက်ရှိသည့် နွားချေး၊ ကျွဲချေး၊ ကြက်ချေးများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုး ရှိစွာအသုံးချ၍ရကြောင်း၊ နိုင်ငံတကာတွင်လည်း အဆိုပါ နွားချေး၊ ကျွဲချေး၊ ကြက်ချေးများကို ဇီဝမြေဩဇာအဖြစ် အသုံးပြုကြကြောင်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာ တွင် လှောင်မွေးသည့်စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ဇီဝမြေဩဇာများရရှိနိုင်ကြောင်း၊ မကွေးတိုင်းဒေသကြီး တွင် တိရစ္ဆာန်အစာအတွက် အခြေခံကုန်ကြမ်းများပေါများ ကြောင်း၊ နံ့စားပြောင်းနှင့် ကောက်ရိုးများကို စနစ်တကျ ဖြင့်ပြုပြင်ပြီး တစ်နှစ်ပတ်လုံးတိရစ္ဆာန်အစာအစာ လုံလောက်စေရေး(ဥပမာ–ပြောင်း၊ ကောက်ရိုးချဉ်ဖတ် ပြုလုပ်ခြင်း)များ ပြုလုပ်၍ရကြောင်း။

ဆိတ်မွေးမြူရေးနှင့် ပတ်သက်၍လည်း မကွေးတိုင်း ဒေသကြီးအတွင်း မွေးမြူသည့် ထိန်စန်းမျိုးမှာအသား ထွက်နှုန်းကောင်းပါကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဖြစ် ထွန်းအောင်မြင်အောင် ဆောင်ရွက်ရာတွင် လူသားအရင်း အမြစ်များ လိုအပ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများရှိကြောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများလည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များကို ဇန်နဝါရီ ၆ ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက် ရေးအတွက် ပညာတတ်များပေါများရန်လိုကြောင်း၊ မကွေး တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်းနည်းပါးသည်ကို တွေ့ရှိရကြောင်း၊ တန်းစဉ်ကူး ပြောင်းမှုများ အားနည်းပြီး အတန်းပညာတတ်မြောက်မှု

များ အားနည်းနေသေးသည်ကိုတွေ့ရှိရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေမှုများမရှိသည်ကို တွေ့ရှိရကြောင်း။

အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့်အတန်းပညာရှိရေးအတွက် အရေးကြီးကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်လည်း အနည်းဆုံး ၉ တန်းအောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးကျောင်းများကို တက်ရောက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးပညာရပ်များကို ပိုမိုတတ်ကျွမ်းမည်ဖြစ်ကြောင်း၊ သို့မှသာ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်ပစ္စည်းများကို ပိုမိုထုတ်လုပ်နိုင်ပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း။

**အကျိုးရှိစွာ အသုံးချ**

ပညာသင်ရမည့်အရွယ်တွင် ပညာသင်ကြားရန်နှင့် စီးပွားရေးကောင်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့တွင် ရှိပြီးသားပစ္စည်းများကိုအကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ လူသားအရင်းအမြစ်များမွေးထုတ်နိုင်ရေး ကျောင်းများနှင့် ပညာရေးကို မြှင့်တင်ပေးရန်လိုကြောင်း၊ အလားတူ အသောက်အစားအပျော်အပါးလိုက်စားခြင်းများကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန်လိုကြောင်း၊ ကျန်းမာရေးမြှင့်တင်မှုအတွက် လူတစ်ဦးချင်းစီ၏ အကျင့်ကိုပြင်ရန်လိုကြောင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ကွမ်းစားခြင်းများကို လျှော့ချနိုင်ပါက ကျန်းမာရေးထိခိုက်မှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စားသောက်မှုပုံစံများ စနစ်တကျ ဖြစ်ရန်လိုကြောင်း၊ ဆန်စားသုံးမှုအပြင် အခြားဟင်းသီးဟင်းရွက်များ၊ အသား၊ ငါးနှင့် ဥများကိုလည်း ပြည့်ဝစွာ စားသုံးရန်လိုကြောင်း၊ ဆီစားသုံးမှုကိုလည်း ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် လျှော့ချစားသုံးရန်လိုကြောင်း၊ အစားအစာများစားသုံးရာတွင် အသိဖြင့်စားသုံးမည်ဆိုပါက ကျန်းမာရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဝမ်းစာဖူလုံရေး တိုးတက်အောင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားမြေပေါ်တွင် စနစ်တကျဖြင့်စိုက်ပျိုးပြီး အထွက်နှုန်းတိုးအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ယခုအခါ သစ်ပင်များလျော့နည်းလာသဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ချက်ပြုတ်ရေးအတွက် ထင်းအဖြစ် အသုံးပြုမှုများကိုလည်း တတ်နိုင်သမျှလျှော့ချရန်လိုပြီး နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ခြင်းများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ သစ်တောသစ်ပင်များကို ထိန်းသိမ်းခြင်းဖြင့်ရာသီဥတုများကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တစ်အုပ်တစ်မ သစ်တောစိုက်ခင်းများ၊ ကျေးရွာပိုင်ထင်းစိုက်ခင်းများ စိုက်ပျိုးရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ဝါမျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးနှင့် ရေလုံလောက်စွာရရှိရေးအတွက် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ဝါများသည် မိမိတို့နိုင်ငံတွင်သုံးစွဲရန်အတွက် လုံလောက်မှုရှိကြောင်း၊ သို့သော်အဆင့်မီသည့် ချည်မျှင်များ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်ချက်များရှိနေသေးကြောင်း၊ ထို့ကြောင့် ပြည်ပမှ မျိုးကောင်းမျိုးသန့်များရရှိစေရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ် ပြည်ပမှ ချည်မျှင်များတင်သွင်းနေရကြောင်း၊ ထို့ကြောင့် အဆင့်မီသည့် ဝါဂွမ်းများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝါစေ့မှ ဆီထုတ်လုပ်၍ရသကဲ့သို့ တိရစ္ဆာန်အစာလည်း ပြုလုပ်၍ရကြောင်း၊ ပြည်တွင်းဝါထုတ်လုပ်မှုများ တိုးတက် လာမည်ဆိုပါက ပြည်တွင်းစက်မှုလုပ်ငန်းများတိုးတက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကုန်သွယ်မှုလိုငွေများ များစွာရှိခဲ့ကြောင်း၊ ရှိပြီးသားစက်ရုံများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိဘဲ သွင်းကုန်ဦးစားပေးမှုကြောင့် ထိုသို့ကုန်သွယ်မှုလိုငွေများ များပြားနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တမာပင်များစွာရှိကြောင်း၊ အဆိုပါတမာပင်များမှ ပိုးသတ်ဆေးများထုတ်လုပ်၍စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးချ၍ရကြောင်း၊ မကွေးတိုင်းဒေသကြီးမှ မိမိတို့နိုင်ငံပြည်သူများအားလုံးအတွက် အဝတ်အထည်များ ထုတ်လုပ်ပေးနိုင်သည့် အဓိကတိုင်းဒေသကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ကြက်သွန်စိုက်ပျိုးမှုနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း ကြက်သွန် စိုက်ပျိုးထုတ်လုပ်မှုများစွာရှိကြောင်း၊ ကြက်သွန်ကိုလည်း တိုင်းဒေသကြီး၏ အဓိကထွက်ကုန်အဖြစ် စိုက်ပျိုးစေချင်ကြောင်း၊ အထွက်နှုန်းကောင်းအောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကြက်သွန်များကို ပြည်ပသို့ နှစ်စဉ်တင်ပို့နေကြောင်း၊ ကြက်သွန်ကိုအခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ပြီး အသေးစားစက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ဒေသအလိုက်ကွာခြားမှုများ များပြားကြောင်း၊ ထို့ကြောင့် ဒေသအလိုက်ကွာခြားမှုများမရှိစေရေး ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်စေရန်အတွက် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စီးပွားရေးများဖွံ့ဖြိုးတိုးတက်စေရန်နှင့် သွားလာရေးများအဆင်ပြေစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံးအနေဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ မိမိတို့ဒေသတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**အားပေးဆောင်ရွက်ပေးလျက်ရှိ**

မိမိတို့အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဃာတတရားများ၊ အငြိုးအတေးများမရှိစေရေးအတွက် ထိခိုက်မှုအနည်းဆုံး ဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာသင်ကြားရေးအတွက်လည်း အားပေးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ ဘဝတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်စေရေး ရှိပြီးသားအခြေခံကောင်းများကို အသုံးချ၍ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများအား ဆွေးနွေးပြောကြားသည့်အမှာစကား

( ၁၀ - ၂ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဖေဖော်ဝါရီလ ၁၀ ရက်၊ မွန်းလွဲပိုင်းတွင် နယ်မြေခံတပ်ဌာနချုပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် မြစ်ချောင်းများအတွင်း ငါးသားပေါက်များ စိုက်ထည့်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ဆိတ်မွေးမြူရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေ၊ ဝါသီးနှံများစိုက်ပျိုးမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပြီးစီးမှုအခြေအနေများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ပိုမိုအကျိုးဖြစ်ထွန်းမည်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြစ်ချောင်းများအတွင်း ငါးများ စနစ်တကျစိုက်ထည့်ရန် လိုအပ်ကြောင်း၊ နွားနှင့် ဆိတ်များ မွေးမြူရာတွင်လည်း လှောင်မွေးသည့်စနစ်ဖြင့် မွေးမြူမည်ဆိုပါက မွေးမြူရေးပိုင်းတွင်သာမက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝဓာတ်မြေသြဇာများပါရရှိမည်ဖြစ်သဖြင့် ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း အသားတိုးကြက်များသာမက ဥစားကြက်များကိုပါ အရေအတွက်များများ မွေးမြူသင့်ကြောင်း၊ ကြက်များမွေးမြူ

ရာတွင် ခေတ်မီမွေးမြူရေးစနစ်ဖြစ်သည့် လေအေးပေးစနစ် Evaporation Type ဖြင့်မွေးမြူပါက ပိုမိုဖြစ်ထွန်းသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ လေအေးပေးစနစ်ကို နေသာသည့်ရက်များတွင် ဆိုလာစနစ်ဖြင့်လည်း အသုံးပြု၍ရကြောင်း၊ ပြည်သူများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး အသား၊ ငါးနှင့်ဥများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သာမန်လူတစ်ဦးအနေဖြင့် တစ်ရက်လျှင် အသား ၁၀ ကျပ်သားခန့်၊ ကြက်ဥသုံးလုံးခန့်စားသုံးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မြစ်ချောင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိကြောင်း။

ဆီထုတ်လုပ်မှုနှင့်ပတ်သက်၍ ဆီကြိတ်စက်များ ခေတ်မီအောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ဆီကြိတ်စက်များသည် ဆီထုတ်လုပ်ရာတွင် ဆီကုန်အောင် ကြိတ်နိုင်မှုမရှိသေးသဖြင့် တိရစ္ဆာန်အစာအတွက် ကုန်ကြမ်းဖြစ်သည့် ကြိတ်ဖတ်များတွင် ဆီများကျန်ရှိနေသေးသည်ကို တွေ့ရှိရပြီး စနစ်တကျဖြင့် ကြိတ်ခွဲနိုင်ရေး ဆောင်ရွက်ကြရန်နှင့် ကြိတ်ဖတ်များမှ မြေဩဇာနှင့် တိရစ္ဆာန်အစာထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် မကွေးတိုင်းဒေသကြီးအတွင်း၌ထန်းပင်များ များစွာရှိသည်ကိုတွေ့ရှိရကြောင်း၊ ထန်းပင်သည် မြန်မာတို့၏ရှေးယခင်ကပင် ရှိခဲ့သည့် ရိုးရာယဉ်ကျေးမှုတစ်ခုပင်ဖြစ်ပြီး ထန်းပင်များနှင့် ထန်းထွက်ကုန်များ ပျောက်ပျက်မှုမရှိစေရေး ထိန်းသိမ်းရန်လိုကြောင်း၊ ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း တစ်ဧကအထွက်နှုန်းများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း။

**စက်မှုလယ်ယာစနစ်ဖြင့် ဆောင်ရွက်**

သစ်တောသစ်ပင်များ ပေါများစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဧကကွက်များဖြင့်စိုက်ပျိုး၍ စက်မှုလယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်ပိုင်လယ်ထွန်စက် စက်ရုံများမှ လယ်ထွန်စက်များ ထုတ်လုပ်ရန်လိုသကဲ့သို့ ပုဂ္ဂလိကပိုင်စက်ရုံများကိုလည်း မြေတောင်မြှောက်ပေးရန်လိုကြောင်း၊ ထိုသို့ထုတ်လုပ်ရာတွင်လည်း အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စက်မှုလယ်ယာစနစ်အား ဖော်ဆောင်ရာတွင် ကုန်ထုတ်လမ်းများပါ ထည့်သွင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အလုပ်သမားရှားပါးမှု ပြဿနာများကိုလည်း ပြေလည်စေမည်ဖြစ်ကြောင်း။

**ထိန်းသိမ်းရန်လို**

တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ် မတော်တဆမှုများ လျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာစေရေး ထိန်းသိမ်းရန်လိုကြောင်း၊ စည်းကမ်းများမသိရှိခြင်းနှင့် သတိလက်လွတ်ဖြစ်မှုများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိကြောင်း၊ လမ်းညွှန်အမှတ်အသားများနှင့် လမ်းညွှန်ဆိုင်းဘုတ်များကို စနစ်တကျဖြင့် စိုက်ထူထားရန်လိုကြောင်း၊ အလားတူ တရားမဝင်မော်တော်ယာဉ်များ စီးနင်းမှုမရှိစေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့်လည်း ဆိုင်ကယ်စီးဦးထုပ်များ စနစ်တကျအသုံးပြုစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ယာဉ်မောင်းလိုင်စင်များကိုလည်း စနစ်တကျဖြင့် ထုတ်ပေးရန်လိုကြောင်း၊ လမ်းများပျက်စီးမှု မရှိစေရေးအတွက် ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်မှုမရှိစေရေးနှင့်ကုန်များအား စနစ်တကျဖြင့် တင်ဆောင်မှုရှိစေရေး သတ်မှတ်စည်းကမ်းများအတိုင်း ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

တိုင်းဒေသကြီးအတွင်း မြို့ပြ၊ ကျေးလက်ကွာဟမှုများ လျော့နည်းစေရေး ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးပြီး လိုအပ်ချက်များကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်း၌ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ဖြင့်သာ ဆောင်ရွက်လျက်ရှိ၍ ဥပဒေအရ ပေးထားသည့် လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ အုပ်ချုပ်သည့်အစိုးရအဖွဲ့အနေဖြင့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ဆင့်တို့တွင် ဥပဒေနှင့်အညီ ပြည်သူများ၏ ကောင်းကျိုးအတွက် ဆောင်ရွက်ပေးရန်လိုသဖြင့် လုပ်သင့်သည့် အရာအားလုံး လုပ်ဆောင်ရန်လိုကြောင်း မှာကြားခဲ့သည်။

■ ■ ■

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၁၂ - ၂ - ၂၀၂၂ )



**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ ခင်ဗျား**

ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခါသမယမှာ ပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံသမိုင်းမှာ လွန်စွာထူးခြားလေးနက်တဲ့ စိန်ရတုပြည်ထောင်စုနေ့အခါသမယမှာ အခုလိုဂုဏ်ပြုအခမ်းအနားကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးနဲ့ ခမ်းနားစွာကျင်းပနိုင်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါတယ်လို့ ဦးစွာ ပြောကြားလိုပါတယ်။

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်းတစ်ရာကျော် ကိုလိုနီနယ်ချဲ့တို့ရဲ့ မတရားကျူးကျော်မှုကို ခံခဲ့ရပါတယ်။ ၁၉ ရာစုအတွင်းမှာ အင်အားကြီးနိုင်ငံတွေဟာ နိုင်ငံငယ်များအပေါ် အပြိုင်အဆိုင် မတရားကျူးကျော်ရန်ပြုခဲ့ကြတဲ့အတွက် မြန်မာနိုင်ငံဟာလည်း အခြားနိုင်ငံငယ်များနည်းတူ နယ်ချဲ့တို့ရဲ့လက်အောက်ကျရောက်ခဲ့ရပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဖြစ်တည်မှုတွေကို ပြန်ပြောင်းကြည့်မယ်ဆိုရင် အချုပ်အခြာအာဏာပိုင်ပြီး တည်တံ့ခိုင်မြဲတဲ့ ရေမြေပိုင်နက် နယ်နမိတ်၊ ခိုင်မာတဲ့ လူမျိုးသမိုင်း၊ နိုင်ငံ့သမိုင်းတွေနဲ့ နှစ်ပေါင်းထောင်ချီ ဖြစ်တည်လာခဲ့တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအားလုံးဟာ ပြည်ထောင်စုစိတ်ဓာတ်အခြေခံနဲ့ နှစ်ပရိစ္ဆေဒကြာမြင့်စွာ အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြသလို နယ်ချဲ့လက်အောက်ကျရောက်ခဲ့

တဲ့အချိန်မှာလည်း လွတ်လပ်ရေးအတွက် အတူတကွ လက်တွဲတွန်းလှန် တိုက်ထုတ်ခဲ့ကြတယ်ဆိုတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။

အတိတ်သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြတဲ့အခါ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး ချစ်ကြည်စည်းလုံးမှုကို တည်ဆောက်နိုင်ခဲ့တဲ့ကာလတွေမှာ နိုင်ငံ့အင်အားတောင့်တင်းခိုင်မာပြီး သာယာဝပြောခဲ့ကြပေမယ့် အချင်းချင်း စည်းလုံးမှုလျော့ပါးခဲ့ကြတဲ့အချိန်မှာတော့ နိုင်ငံ့အင်အားဆုတ်ယုတ်ခဲ့ကာ သူ့ကျွန်ဘဝကျရောက်ခဲ့တယ်ဆိုတာကို ခါးသီးစွာသင်ခန်းစာယူကြရမှာ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများခင်ဗျား**

မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့က မတရားကျူး

> **ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးဟာ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်ဦးမှာအရေးကြုံရင် တစ်ဦးကမပစ်ပယ်ဘဲ တစ်လုံးတစ်စည်းတည်း ပူးပေါင်းရင်ဆိုင်ဖြေရှင်းလိုတဲ့ စိတ်ဓာတ်၊ အရေးကြီးရင်သွေးစည်းရမယ်လို့ ခံယူထားတဲ့ စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်းရှိတယ်လို့ ခံယူတဲ့စိတ်ဓာတ် တွေကို ပေါင်းရုံးစုစည်းပြီး ခေါ်ဆိုတာဖြစ်။**

ကျော်စစ်(၃)ကြိမ်ဆင်နွှဲပြီး တိုက်ခိုက်သိမ်းပိုက်ခဲ့ကြတာကိုကြည့်ရင် ကျွန်တော်တို့ဘိုးဘွားမိဘတွေဟာ နယ်ချဲ့ကို လွယ်လွယ်ကူကူအရှုံးပေးအညံ့ခံခဲ့တာမဟုတ်ပါဘူး။ သူ့ကျွန်မခံလိုတဲ့စိတ်၊ တိုင်းတစ်ပါးလက်အောက် အညံ့မခံအရှုံးမပေးလိုတဲ့ စိတ်တွေနဲ့ ရရာလက်နက်ဆွဲကိုင်ပြီး ခုခံတော်လှန်ခဲ့ကြတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

မတတ်သာလို့သာ သူ့ကျွန်ဘဝမှာ မီးခဲပြာဖုံးဘဝနဲ့ နေခဲ့ရပေမယ့်လည်း ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ စည်းလုံးညီညွတ်မှုနဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တွေကြောင့် သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် နည်းမျိုးစုံနဲ့ ကြိုးစားဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

ကိုလိုနီကျွန်ဘဝမှာ အဆိုးရွားဆုံးသော ရက်စက်ယုတ်မာမှုကတော့ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများအကြားမှာ သွေးခွဲအုပ်ချုပ်ခြင်းပဲဖြစ်ပါတယ်။ တောင်တန်းဒေသများက တိုင်းရင်းသားတွေနဲ့ မြေပြန့်ဒေသက တိုင်းရင်းသားတွေကြားမှာ သံသယစိတ် အမျိုးမျိုးရိုက်သွင်းကာ ကျွန်သက်ရှည်အောင် ဆောင်ရွက် ခဲ့ကြပါတယ်။ မလွဲသာလို့ လွတ်လပ်ရေးပေးရတော့မယ့် အချိန်အထိ ခွဲခြားအုပ်ချုပ်မှုတွေ၊ သပ်လျှိုသွေးခွဲမှုတွေနဲ့ အချင်းချင်းစည်းလုံးမှုပြိုကွဲအောင်လုပ်ခဲ့ကြပါတယ်။

ဘယ်လိုပင် သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့သည်ဖြစ်စေ ကျွန်တော်တို့ရဲ့ ဘိုးဘွားမိဘတွေဟာ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို မွေးဖွားကာ လွတ်လပ်ရေးကြီးကို ပြန်လည်ရယူပေးခဲ့ကြပါတယ်။ ဒါပေမဲ့လည်း နယ်ချဲ့ရဲ့သွေးခွဲသပ်လျှိုအုပ်ချုပ်မှုအကျိုးဆက်ဟာ ယနေ့အချိန်ထိ ကျွန်တော်တို့ တိုင်းရင်းသားများကြားမှာ ကျန်ရှိနေဆဲဖြစ်လို့ ဒါတွေကို အထူးသတိထားပြီး နိုင်ငံတော်ပြိုကွဲပျက်စီးမှုမဖြစ်အောင် ဝိုင်းဝန်းကာကွယ်ဆောင်ရွက်ကြဖို့ သတိပေးမှာကြားလိုပါတယ်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေဟာ တောင်တန်းပြည်မ မခွဲခြားဘဲ တညီတညွတ်တည်း လွတ်လပ်ရေးအရယူမယ်ဆိုတဲ့ ခိုင်မာတဲ့သန္နိဋ္ဌာန်စိတ်ကိုချမှတ်ကာ ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဲဒီလို ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့တဲ့ နေ့ထူးနေ့မြတ်ကြီးကို ပြည်ထောင်စုနေ့အဖြစ် သတ်

မှတ်ပြီးဂုဏ်ပြုခဲ့ကြတာဟာ ယခုဆိုရင် နှစ်ပေါင်း (၇၅) နှစ် ပြည့်မြောက်ပြီး စိန်ရတုအဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ကြပြီ ဖြစ်ပါတယ်။ ယခုလို စိန်ရတုပြည်ထောင်စုနေ့ အခါသမယမှာ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ အုတ်မြစ်ချပေးခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မာလာစေရေးနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့ကြတဲ့ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးကို ကျွန်တော်တို့အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဖော်ဆောင်ပေးကြပါလို့ ထပ်လောင်းတိုက်တွန်းလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများခင်ဗျား**

နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုသမိုင်းစဉ်ကို ပြန်လည်သုံးသပ်ရမယ်ဆိုရင် ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလတစ်လျှောက်လုံးမှာ ဖွံ့ဖြိုးပြီးအင်အားကြီးနိုင်ငံအချို့ဟာ မိမိတို့ရဲ့အမျိုးသားအကျိုးစီးပွားကို အလေးပေးကြိုးပမ်းအားထုတ်ခဲ့ကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအကြား ပဋိပက္ခအသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ဒေသတွင်းစစ်ပွဲငယ်တွေ ဖြစ်ပွားအောင် ဖန်တီးဆောင်ရွက်ခဲ့ကြပါတယ်။

အဲဒီလိုဆောင်ရွက်မှုများရဲ့ အကျိုးဆက်ကြောင့် ကမ္ဘာ့မြေပုံပေါ်မှာ နိုင်ငံနယ်နမိတ် အပြောင်းအလဲတွေ ဖြစ်ပေါ်ခဲ့ကြသလို နှစ်ခြမ်းပြိုကွဲခဲ့ကြတဲ့နိုင်ငံတွေ၊ အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားခဲ့ကြတဲ့ နိုင်ငံကြီးတွေ၊ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခတွေ၊ ပြည်တွင်းစစ်အနိဋ္ဌာရုံတွေနဲ့ တဝဲလည်လည်ဖြစ်နေတဲ့ နိုင်ငံတွေများစွာ ပေါ်ပေါက်ခဲ့တာကို တွေ့ကြရမှာဖြစ်ပါတယ်။

စစ်အေးခေတ်နှောင်းပိုင်းမှာတော့ နိုင်ငံကြီးအချို့ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများကို သူတို့ရဲ့ ဩဇာခံပုဆိန်ရိုးတွေ၊ ကြိုးဆွဲခံရုပ်သေးရုပ်တွေ မွေးမြူပြီးအစပိုင်းမှာ လူမျိုးရေး၊ ဘာသာရေး၊ နောက်ပိုင်းမှာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးစတဲ့ အကြောင်းပြချက်တွေနဲ့ ပြည်တွင်းပြည်ပမှ အားပေးအားမြှောက်ပြုကာ သူတို့ရဲ့ ဩဇာခံလောင်းရိပ်အောက်ကို သွတ်သွင်းဖို့ ကြိုးစားခဲ့ကြပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ ပြည်ထောင်စုစနစ်နဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတွေအနေနဲ့ မိမိတို့ရဲ့ ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်စွာ ထိန်းသိမ်းကာကွယ်နိုင်စွမ်းမရှိပါက ဖရိုဖရဲပြိုကွဲသွားနိုင်တယ်ဆိုတဲ့ နိုင်ငံတကာသင်ခန်းစာတွေကို ရယူပြီး လေးလေးနက်နက်သတိပြုကြရမှာ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများခင်ဗျား**

နိုင်ငံတကာက ရရှိခဲ့တဲ့ သင်ခန်းစာတွေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအရှိတရားတွေအရ ပြည်ထောင်စုစိတ်ဓာတ်ဟာ အရေးအကြီးဆုံးနဲ့ အလိုအပ်ဆုံးဖြစ်တယ် ဆိုတာကို ပြောကြားလိုပါတယ်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲဖို့အတွက် တိုင်းရင်းသားပြည်သူအားလုံးမှာ ပြည်ထောင်စုစိတ်ဓာတ် ကိန်းဝပ်ရှင်သန်နေဖို့ လိုပါတယ်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုကြီး တစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ပဲဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးဟာ ဆွေမျိုးသားချင်းညီအစ်ကိုမောင်နှမများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်ဦးမှာအရေးကြုံရင် တစ်ဦးကမပစ်ပယ်ဘဲ တစ်လုံးတစ်စည်းတည်း ပူးပေါင်းရင်ဆိုင်ဖြေရှင်းလိုတဲ့ စိတ်ဓာတ်၊ အရေးကြီးရင်သွေးစည်းရမယ်လို့ ခံယူထားတဲ့စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်း ရှိတယ်လို့ ခံယူတဲ့စိတ်ဓာတ်တွေကို ပေါင်းရုံးစုစည်းပြီး ခေါ်ဆိုတာ ဖြစ်ပါတယ်။

ဒါ့အပြင် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ချစ်မြတ်နိုးလေးစားတဲ့စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ပေါ်မှာ အခြေခံပြီး မိမိတို့နိုင်ငံကို ကာကွယ်စောင့်ရှောက်လိုတဲ့စိတ်၊ နိုင်ငံတော်ရဲ့ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လိုတဲ့ မွန်မြတ်တဲ့စိတ်ရင်းစေတနာမှန်တွေဖြစ်တဲ့ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်များဟာ ပြည်ထောင်စုစိတ်ဓာတ်လို့ မှတ်ယူနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဓိကတိုင်းရင်းသားလူမျိုးကြီး ၈ မျိုးလို့ဆိုသော်လည်း တိုင်းရင်းသားမျိုးနွယ်စုများအနေနဲ့ ၁၃၅ ကျော်ရှိပါတယ်။ အချို့တိုင်းရင်းသားတွေက လူဦးရေများပြားပြီး အချို့တိုင်းရင်းသားတွေကတော့ လူဦးရေနည်းပါးပါတယ်။ ပြည်နယ်အကြီး၊ အသေးကွဲပြားခြားနားခြင်း၊ လူဦးရေနဲ့လူမျိုးစုကွဲပြားခြားနားခြင်းများ ရှိပေမယ့် တိုင်းရင်းသားအားလုံးရရှိခံစားရတဲ့ အခွင့်အရေး

ကတော့ တန်းတူညီမျှရှိပြီး ဘယ်သူ့ကိုမှ ပိုပေးထားတာ မရှိပါဘူး။ ဒီမိုကရေစီဆိုရာမှာ လူအများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ရမှာဖြစ်သလို၊ လူနည်းစုရဲ့ ဆန္ဒကိုလည်း လေးစားရမှာဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီကျင့်စဉ် ဖြစ်ပါတယ်။

အချင်းချင်းစည်းလုံးညီညွတ်မရှိဘဲ သံသယတွေ၊ ကိုယ်ကျိုးအတ္တတွေကိုသာ ဦးစားပေးစဉ်းစားလုပ်ဆောင်နေကြမယ်ဆိုရင် နိုင်ငံအတွက် အန္တရာယ်အလွန်ကြီးတာကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

## ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများခင်ဗျား

ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှဒေသမှာ အချက်အချာကျကျ တည်ရှိနေတဲ့အတွက် ပထဝီနိုင်ငံရေးအရ လွန်စွာအရေးပါတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ မြောက်ပိုင်းဒေသမှာ နှင်းဖုံးတဲ့တောင်တန်းကြီးတွေ၊ အလယ်ပိုင်းမှာ ထွန်ယက်စိုက်ပျိုးနိုင်တဲ့ မြေပြန့်လွင်ပြင်တွေနဲ့ တောင်ဘက်ပိုင်းမှာ ပင်လယ်ပြင်နဲ့ ကျွန်းစုများရှိတဲ့အတွက် ရေမြေရာသီဥတု လွန်စွာသာယာလှပသလို စားနပ်ရိက္ခာနဲ့ သဘာဝတွင်းထွက်ပစ္စည်းများ ထွက်ရှိတဲ့အတွက် သဘာဝကဖန်တီးပေးထားတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့နိုင်ငံတော်ကြီး ဖြစ်ပါတယ်။

ယနေ့အချိန်မှာ ကမ္ဘာ့နိုင်ငံကြီးအချို့ဟာ နိုင်ငံငယ်များရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ အကြောင်းအမျိုးမျိုးပြကာ ဝင်ရောက်စွက်ဖက်ပြီး တည်ငြိမ်မှုပျက်ပြားအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် နည်းလမ်းမျိုးစုံ အသုံးပြုပြီး ဆောင်ရွက်နေကြပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံလို ပထဝီနိုင်ငံရေးအရ အရေးပါတဲ့နိုင်ငံကို သူတို့အလိုကျ ပုံဖော်ဆောင်ရွက်နိုင်ရေးနဲ့ ဒေသတွင်းဩဇာကျယ်ပြန့်လာရေးအတွက် နည်းလမ်းမျိုးစုံနဲ့ ဖိအားပေးအကျပ်ကိုင်တာတွေ၊ အပြစ်ရှာဝေဖန်တိုက်ခိုက်တာတွေ၊ ပိတ်ဆို့အရေးယူတာတွေ ဆောင်ရွက်နေတာကိုတွေ့မြင်ရမှာ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် တိုင်းရင်းသားအချင်းချင်း သံသယစိတ်များဖြစ်ပေါ်ကာ နိုင်ငံပြိုကွဲအောင်၊ တည်ငြိမ်မှုပျက်ပြားပြီး ဖွံ့ဖြိုးမှုနှောင့်နှေးအောင် ဆောင်ရွက်နေကြတဲ့အတွက် **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပြည်ထောင်စုသားအားလုံးက တစ်ဦးကိုတစ်ဦးရိုင်းပင်းကူညီပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုကြီးပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေအပေါ်မှာ အစွဲကင်းကင်း၊ သံသယကင်းကင်းနဲ့ အရှိကိုအရှိအတိုင်း ရှုမြင်သုံးသပ်ကြဖို့ လိုအပ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလရွေးကောက်ပွဲမှာ မဲမသမာမှုများပြုလုပ်ပြီး နိုင်ငံတော်အာဏာကိုရယူဖို့ ကြိုးစားခဲ့လို့ ဒီလိုလုပ်တာကို ထောက်ပြပြီး ဆောင်ရွက်သင့်တာဆောင်ရွက်ဖို့ အကြံပြုတိုက်တွန်းခဲ့တာကို လျစ်လျူရှုခဲ့တဲ့အတွက် အရေးပေါ်ကာလသတ်မှတ်ပြီး တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်နေကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲဖြစ်ဖို့ဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲဖြစ်ဖို့ဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ မှန်ကန်မျှတပြီး သမာသမတ်ရှိတဲ့ ရွေးကောက်ပွဲသာဖြစ်ခဲ့ရင် ခုလိုဖြစ်ဖို့ အကြောင်းမရှိပါဘူး။ မရိုးမသားနဲ့ အဓမ္မအာဏာရယူဖို့ ဆောင်ရွက်ခဲ့တဲ့ အကြောင်းတရားတွေရဲ့ အကျိုးဆက်ဟာ ဒီနေ့ကြုံတွေ့နေရတဲ့ အခြေအနေတွေပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ အယူအဆမတူတာ သဘောထားကွဲလွဲတာတွေကို လက်ခံရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲစတဲ့ တိုင်းရင်းသားပြည်သူတွေကို ဒုက္ခဆင်းရဲဖြစ်စေတဲ့ ဆူပူအကြမ်းဖက်မှုမျိုးတွေကိုတော့ လက်ခံနိုင်စရာ မရှိပါဘူး။ နိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပအန္တရာယ်များက ကာကွယ်ဖို့၊ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်ပါက တပ်မတော်က ကူညီဆောင်ရွက်ပေးဖို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်တဲ့တာဝန်ကို တပ်မတော်က ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။

ဒါ့ကြောင့် ရွေးကောက်ပွဲမသမာမှုက စခဲ့တဲ့ တရားလက်လွတ်၊ ဥပဒေမဲ့လုပ်ဆောင်နေကြတဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ သူတို့ကိုထောက်ပံ့ကူညီနေသူများ၊ ထောက်ခံအားပေးနေသူများအနေနဲ့ နိုင်ငံနဲ့ပြည်သူအကျိုး

အတွက် အမှန်တရားကိုသိမြင်ပြီး မှားနေတာတွေကို ပြင်ဖို့အချိန်ရောက်နေပြီဆိုတာ သတိပေးလိုပါတယ်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချို့အနေနဲ့လည်း ဒီဆူပူအကြမ်းဖက်မှုတွေကို လက်ခံ၊ အားပေး၊ ကူညီပူးပေါင်းလုပ်ဆောင်နေတာတွေ ရပ်တန့်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်က ဖိတ်ခေါ်နေတဲ့ NCA လမ်းကြောင်းပေါ်ကို လှမ်းခဲ့ကြပါလို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ တာဝန်ယူထားတဲ့ကာလအတွင်းမှာ မည်မျှပင် အခက်အခဲအဟန့်အတားများ ရှိနေပါစေ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်းမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားပြည်သူအားလုံးစည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့မျှော်မှန်းတဲ့ ပြည်ထောင်စုကြီး တည်ဆောက်တဲ့နေရာမှာ ဒီမိုကရေစီနှင့်ပတ်သက်၍လည်းကောင်း၊ ဖက်ဒရယ်နဲ့ပတ်သက်၍လည်းကောင်း၊ မည်သို့ပင် အယူအဆအမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနဲ့ သဟဇာတဖြစ်သည့်စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်းသတိပြုရမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့မှာ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာထက်သန်စေရေးအတွက် ကျွန်တော်တို့အစိုးရက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ခမ်းခမ်းနားနား ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အေးအတူ၊ ပူအမျှ နေထိုင်ကြတဲ့ ပြည်ထောင်စုရဲ့ အရိပ်အာဝါသနဲ့လုံခြုံမှုဟာ ဘယ်လောက်စွမ်းအားကြီးမားတယ်ဆိုတာကို ပုံဖော်နေတာဖြစ်ပါတယ်။ နိုင်ငံရေးလုပ်နေတာမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်တဲ့ တိုင်းပြည်တည်ဆောက်ရေး (Nation Building) ကို ပုံဖော်နေတာဖြစ်ပါတယ်။ **"ငါတို့အားလုံးသည် မြန်မာ"** ဆိုတဲ့ပုံရိပ်ကို စွဲထင်ကျန်ရစ်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီကမှတစ်ဆင့် ကျွန်တော်တို့တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကို စုစည်းညီညွတ်မှုစွမ်းပကားနဲ့ တည်ဆောက်နေတာဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဆိုရင် ကျွန်တော်တို့ နိုင်ငံလွတ်လပ်ရေးရရှိခဲ့တာ ၇၅ နှစ်ပြည့်ပြီဖြစ်ပါတယ်။ နယ်ချဲ့တွေရဲ့ သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် လွတ်လပ်ရေးနဲ့အတူ ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ စည်းလုံးညီညွတ်မှုကို များစွာထိခိုက်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အရင်းအမြစ်တွေ၊ ခွန်အားတွေ၊ စွမ်းအားတွေ ဒီပဋိပက္ခအပေါ်မှာ ဆုံးရှုံးခဲ့ပါတယ်။ ဒီလိုဆုံးရှုံးမှုတွေ ထပ်မဖြစ်ဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး ဆောင်ရွက်ကြရပါမယ်။

ဒါတွေဆောင်ရွက်နိုင်ဖို့ အစိုးရနဲ့တပ်မတော်အနေနဲ့ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းမှာ တစ်ခါမှမရှိခဲ့ဖူးတဲ့ လိုက်လျောကမ်းလှမ်းချက် ၂ ခု ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ (တစ်)ကတော့ တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခြင်းနဲ့ (နှစ်)ကတော့ ထာဝရငြိမ်းချမ်းရေးကို ဦးတည်ပြီး ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်ရေး ဖိတ်ကြားခြင်းပဲဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့စပြီး ယခု ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ လေးနှစ်ကျော်ကာလ တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားပါတယ်။ ယခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ **"ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်း"** ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။

ငြိမ်းချမ်းရေးကို လိုချင်ရင် တပ်မတော်ကပစ်ခတ်တိုက်ခိုက်မှုကို တစ်ဖက်သတ်ရပ်စဲပေးသင့်တယ်ဆိုတဲ့ အဆိုပြုချက်တွေ၊ အစိုးရနဲ့ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ဆွေးနွေးရာမှာ ကြိုတင်ကန့်သတ်မှုတွေ မပြုလုပ်သင့်ဘူးဆိုတဲ့ အဆိုပြုချက်တွေအပေါ်မှာ အကောင်းဆုံးဖြေရှင်းဆောင်ရွက်ပေးခဲ့တာပဲ

ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းမှာလည်း ဒီလိုဆောင်ရွက်မှုမျိုးဟာ ရတောင့်ရခဲဖြစ်စဉ်တစ်ခုဆိုတာတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ထိထိမိမိအသုံးပြုနိုင်ဖို့ လိုအပ်ကြောင်း တိုက်တွန်းနှိုးဆော်လိုပါတယ်။

ဒီကြေညာချက်အပေါ်မှာ တိုင်းပြည်ကောင်းကျိုးကိုလိုလားတဲ့ နိုင်ငံရေးပါတီများ၊ လူမှုအစည်းအရုံးများနဲ့ ဘာသာရေးအသင်းအဖွဲ့များကလည်း ကြိုဆိုထောက်ခံအားပေးကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့တာကိုတွေ့ရပါတယ်။ ဒီနေ့အခမ်းအနားကိုလည်း NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၇ ဖွဲ့နဲ့ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းလေးဖွဲ့ တက်ရောက်လျက်ရှိနေပါတယ်။ ဒီလို တိုင်းရင်းသားပြည်သူလူထုအကျိုးကို ဦးထိပ်ထားတဲ့ အဖွဲ့အစည်းများအားလုံး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့အားလုံး ငြိမ်းချမ်းရေးပန်းတိုင်ကို ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ဆက်သွားကြပါမယ်။ သက်ဆိုင်သူအားလုံး ပါဝင်နိုင်ဖို့လည်း ထပ်မံပြီး ဖိတ်ခေါ်အပ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ညီနောင်ကြီးများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများ ခင်ဗျား**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းဟာ အလွန်အရေးကြီးပါတယ်။ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိတဲ့အတွက် ကာကွယ်ဆေးရရှိဖို့ နိုင်ငံပေါင်းစုံနဲ့ ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို ရည်မှန်းဆောင်ရွက်ခဲ့တဲ့အတိုင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ နိုင်ငံ့လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကျော်အထိ ထိုးနှံပေးခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်ရာမှာ မြန်မာတို့ရဲ့ ပကတိမူရင်းစိတ်ဖြစ်တဲ့ ကူညီလိုမှု၊ လှူဒါန်းလိုမှု၊ ပူးပေါင်းဆောင်ရွက်လိုမှုစိတ်ဓာတ်များနဲ့ တစ်ခဲနက်ဆောင်ရွက်ကြမှုများဟာ များစွာထိရောက်အကျိုးပြုခဲ့ပါတယ်။ အလားတူအားပေးကူညီနေကြတဲ့ မိတ်ဆွေနိုင်ငံများနဲ့ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများရဲ့ ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူအားလုံး ပူးပေါင်းပါဝင်မှုတွေကြောင့် လက်ရှိအချိန်မှာ ကူးစက်မှုကိုထိန်းချုပ်နိုင်တဲ့ အနေအထားဖြစ်လာပါတယ်။ သို့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသူအားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းတိုးမြင့်လာစေဖို့အတွက် ပြည်သူများအာဟာရပြည့်ဝစွာ စားသောက်ဖို့နဲ့ ကျန်းမာရေးနဲ့ညီညွတ်မျှတတဲ့ နေထိုင်သွားလာလှုပ်ရှားမှုများရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့ နိုင်ငံမှာ ကျောင်းနေသူရာခိုင်နှုန်းနဲ့ စာတတ်မြောက်သူရာခိုင်နှုန်း မြင့်မားလာစေရေးအတွက် ပညာရေးကို အလေးထားအားပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အသိပညာ၊ အတတ်ပညာပြည့်ဝတဲ့ ပညာတတ်များ ပေါ်များလာအောင် လေ့ကျင့်ပျိုးထောင်ပေးလျက် မိမိတို့ပြည်သူပြည်သားတွေရဲ့ စွမ်းပကားနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

မျိုးဆက်သစ် လူငယ်လူရွယ်တွေကို ကောင်းမွန်တဲ့ စာပေပညာအမွေအနှစ်များ ပေးအပ်ခြင်းဖြင့် တစ်ဦးချင်းစီအနေနဲ့ မိမိရဲ့ဘဝရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်မှာဖြစ်သလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

ယနေ့လူငယ်များဟာ အနာဂတ်မှာ နိုင်ငံ့တာဝန်ကိုယူကြရမည့်သူများဖြစ်တဲ့အတွက် လူငယ်တွေရဲ့ အတွေးအခေါ်၊ အယူအဆ၊ အလုပ်အကိုင်မှန်ကန်ရေးဟာ အလွန်အရေးကြီးပါတယ်။ လူငယ်တွေကို ဗလငါးတန်နဲ့ပြည့်စုံပြီး အားကိုးအားထားပြုနိုင်တဲ့ လူကောင်းလူတော်များဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်းပြုပြင်သွားကြရမှာဖြစ်ပါတယ်။ နိုင်ငံရဲ့ ပညာရည်အဆင့်အတန်းမြင့်မားစေဖို့အတွက် အားပေးဆောင်ရွက်ကြရန်လိုအပ်မှာဖြစ်ပြီး အမှန်တကယ်တတ်မြောက်အောင်လည်း လေ့ကျင့်သင်ကြားပေးကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

ယခုအခါ နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများ သာမက တက္ကသိုလ်၊ ဒီဂရီကောလိပ်နဲ့ ကောလိပ်တွေကိုလည်း ကိုဗစ်စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဖွင့်လှစ်ပေးလျက် ရှိပါတယ်။

ဒေသလိုအပ်ချက်တွေကိုဖြည့်ဆည်းပေးနိုင်တဲ့အသုံးချဘာသာရပ်များကို သင်ကြားပေးနိုင်ရေး၊ စည်းကမ်းပြည့်ဝတဲ့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးကြီးတဲ့ ဥပဒေဘာသာရပ်နဲ့ စီးပွားရေးပညာဘာသာရပ်တို့ကို တက္ကသိုလ်တွေမှာ တိုးချဲ့သင်ကြားပေးနိုင်ရေး၊ အနာဂတ်စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးပညာကို အဆင့်မြင့်တင် သင်ကြားနိုင်ရေးတို့အတွက်လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း တိုင်းရင်းသားပြည်သူများရဲ့လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှုလျော့ပါးစေရေး၊ကပ်ရောဂါအလွန်ကာလတွေမှာလည်းတိုင်းရင်းသားပြည်သူများရဲ့ လူမှုစီးပွားဘဝများ အလျင်အမြန်ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကုစားဆောင်ရွက်လျက်ရှိပါသည်။ အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို ခေတ်မီနည်းစနစ်တွေနဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍတွေကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီ၍ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ခြင်းတို့ကိုလည်း ဆက်လက်ပြီး ဝိုင်းဝန်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

> **မျိုးဆက်သစ် လူငယ်လူရွယ်တွေကို ကောင်းမွန်တဲ့ စာပေပညာအမွေအနှစ်များ ပေးအပ်ခြင်းဖြင့် တစ်ဦးချင်းစီအနေနဲ့ မိမိရဲ့ဘဝရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်မှာဖြစ်သလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်မှာဖြစ်။**

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများ ခင်ဗျား**

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲရှိပါတယ်။ ပြည်တွင်းအားကိုပဲ ကျွန်တော်တို့ ယုံကြည်အားကိုးပါတယ်။ နိုင်ငံရဲ့ပကတိအခြေအနေအရ ပြည်ပအကူအညီများ လိုအပ်သည်မှန်ပေမယ့် ပြည်တွင်းအားနဲ့ လုပ်ဆောင်နိုင်တာများရှိပါတယ်။ ပြည်ထောင်စုရဲ့အင်အားကို တည်ဆောက်နိုင်ဖို့ –

- **ကျွန်တော်တို့တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များ များစွာရှိပါတယ်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူ ပြည်သားများရဲ့ လူမှုစီးပွားတိုးတက်မှု အားနည်းခဲ့ခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် နံပါတ် (၁) အနေနဲ့ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေး တိုးတက်မြင့်တင်ပါမယ်။**
- **တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုတဲ့အတိုင်း နံပါတ် (၂)အနေနဲ့ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအားမကောင်းစရာမရှိပါဘူး။**
- **နံပါတ် (၃)အနေနဲ့ တိုင်းရင်းသားပြည်သူများအားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအား လုပ်ဆောင်ရန်ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ညီညွတ်တဲ့အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီးစွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက်သွားပါမယ်။**

တိုင်းရင်းသားမိဘပြည်သူအားလုံး ပူးပေါင်းလုပ်ဆောင်ကြပြီး မြန်မာ့ဂုဏ်ကိုမြှင့်တင်ဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူများခင်ဗျား**

နိဂုံးချုပ်အားဖြင့် မိမိတို့ပြည်ထောင်စုနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲပြီး ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ

ရပ်တည်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ယနေ့ကျရောက်တဲ့ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်တဲ့ –

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊**
- **စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး၊**
- **တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး၊**
- **စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊**
- **ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး**

စတဲ့ ဦးတည်ချက်များအတိုင်း တက်ညီလက်ညီဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို ကြိုးပမ်းဆောင်ရွက်သွားကြရေး တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

■ ■ ■

# တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၃ - ၂ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်၊ အတွင်းရေးမှူးဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုအခါသမယသည် မင်္ဂလာရှိသည့် ကာလတစ်ခုဖြစ်ပြီး စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို သိုက်သိုက်ဝန်းဝန်းဖြင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အခမ်းအနားသို့ ညှော့ပရိသတ်များမပါ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းစုစုပေါင်း ၁၀၄၀၀ ကျော်က အခမ်းအနားတက်ရောက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အခက်အခဲများကြားမှပင် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ဒေသအလိုက် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထုတ်ဖော်ပြသနိုင်ခဲ့သဖြင့် သက်ဆိုင်ရာဝန်ကြီးချုပ်များကို ကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ ဝန်ကြီးဌာနများအနေဖြင့်လည်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ အခမ်းအနားတွင် ဝန်ကြီးဌာနများအလိုက် နိုင်ငံ့ဝန်ထမ်းများအားလုံးတက်ကြွပျော်ရွှင်စွာ စည်းစည်းလုံးလုံးဖြင့် အပင်

ပန်းခံ၍ အလေးထားဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကြီးကို အားလုံးက ညီညွတ်စွာစုစည်း၍ စနစ်တကျဖြင့် ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ခဲ့သဖြင့် သမိုင်းတွင် မှတ်ကျောက်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်ချိန်နည်းပါးခဲ့သော်လည်း အားလုံး၏ညီညွတ်စွာဖြင့် စုပေါင်းလုပ်ဆောင်မှုများကြောင့် ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ညီညွတ်သည့် စုပေါင်းစွမ်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ညီညွတ်စွာဖြင့် စုပေါင်းတိုင်ပင် လုပ်ဆောင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

မိမိတို့အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်များမှာ ပထမအချက်အနေဖြင့် တိုင်းပြည်သာယာဝပြောမှုရှိရန်၊ စားရေရိက္ခာပေါများရန်ဖြစ်ကြောင်း၊ အူမတောင့်မှ သီလစောင့်နိုင်မည်ဆိုသည့်အတိုင်း စားသောက်ရေး အဆင်ပြေမှုသာ ကျန်းမာပြီး အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏လုပ်ငန်းစဉ်

> လူ့စွမ်းအားအရင်းအမြစ်များကို
> အကျိုးရှိစွာ အသုံးချနိုင်ရန်လိုအပ်ပြီး
> အချို့ပြည်နယ်များတွင် ပညာရေးအရ
> အားနည်းသဖြင့် လူ့စွမ်းအားအရင်းအမြစ်များ
> နည်းပါးသည်ကို တွေ့ရှိရ၊ ပညာရေး
> အားနည်းချက်များ ဖြစ်ပေါ်ရခြင်းမှာ
> နိုင်ငံမတည်ငြိမ်မှု၊ သွားလာရေးခက်ခဲမှု၊
> ဘာသာစကားအခက်အခဲဖြစ်မှု၊ မိဘများအား
> ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမှု၊
> ပညာသင်ကြားရန် ငွေကြေးမတတ်နိုင်မှု
> များကြောင့် ဖြစ်သည်ကိုတွေ့ရှိရ၊
> ထို့ကြောင့် ပြည်နယ်များ၏
> ပညာရည်မြှင့်တင်ရေးအတွက်
> လက်တလောကာလတွင်
> ဦးစားပေးဆောင်ရွက်ပေးရမည်ဖြစ်။

အဖြစ် ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်ရန်၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နိုင်ငံ၏ ခေအင်အားတိုးတက်လာချိန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာချိန်၊ နိုင်ငံရေးအရလည်း တည်ငြိမ်မှုရှိလာသည့်အချိန်တွင် နိုင်ငံ၏လုံခြုံရေးကို အပြည့်အဝအကာအကွယ်ပေးနိုင်သည့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အား ပြည်တွင်းအားဖြင့်တည်ဆောက်၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည်များကို နိုင်ငံတော်မှဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားအားလုံးပါဝင်သည့် စုစည်းညီညွတ်သည့် ကာကွယ်မှုဖြင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆိုပါမျှော်မှန်းချက်များကိုအကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံ၏စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်ကြောင်း၊ တိုင်းပြည်၏ အားသည်ပြည်တွင်းမှာသာရှိသည်ကို မိမိအနေဖြင့် အပြည့်အဝယုံကြည်ကြောင်း၊ တစ်ပါးသူများကို လိုအပ်သည်ထက်ပိုမိုအားကိုးနေခြင်းထက် မိမိကိုယ်ကိုရပ်တည်ပြီး ကြိုးစားဆောင်ရွက်မှသာ နိုင်ငံတိုးတက်မည်ဖြစ်သဖြင့် ပြည်တွင်း၏အားဖြင့်သာ နိုင်ငံတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**လူသားအရင်းအမြစ်များ ပေါများ**

မိမိတို့နိုင်ငံသည် ရေခံမြေခံကောင်းမွန်ပြီး လူဦးရေ ၅၅ သန်းကျော်နေထိုင်၍ အသက် ၁၈ နှစ်အထက် လူဦးရေ ၃၇ သန်းကျော်ခန့်ရှိသဖြင့် လူသားအရင်း အမြစ်များ ပေါများကြောင်း၊ အလားတူ မြေပေါ်မြေအောက်သယံဇာတများ များစွာရှိပြီး စက်မှုလုပ်ငန်းနှင့် ဆက်စပ်နေသည့် တွင်းထွက်ပစ္စည်းများ နေရာအနှံ့တွင်ရှိကြောင်း၊ စိုက်ပျိုးမြေများလည်း များစွာရှိသကဲ့သို့ သဘာဝမှပေးထားသည့် အဖိုးတန်မြေပေါ်သယံဇာတများလည်းရှိကြောင်း၊ အဆိုပါ မြေပေါ်မြေအောက် သယံဇာတများနှင့် လူသားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ချင်းပြည်နယ်အနေဖြင့် လမ်းပန်း

ဆက်သွယ်ရေးခက်ခဲခြင်း၊ ရာသီဥတုပြင်းထန်ခြင်း၊ စိုက်ပျိုးမြေရှားပါးခြင်းစသည့်အခက်အခဲများရှိပြီး သစ်တောနှင့်သယံဇာတထွက်ရှိမှုမှာလည်း နည်းပါးကြောင်း၊ အလားတူ ကယားပြည်နယ်သည်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး နေထိုင်သည့်လူဦးရေနည်းပါးကြောင်း၊ သယံဇာတအနည်းငယ် ထွက်ရှိသော်လည်း အခြားပြည်နယ်များနှင့် နှိုင်းယှဉ်ပါက ခက်ခဲမှုများရှိနေဆဲဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ အချို့ဒေသများတွင်တောတောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် ပညာရေး၊ ကျန်းမာရေးစသည့် နယ်ပယ်များတွင် ခက်ခဲမှုများရှိနေပါကြောင်း၊ ထိုသို့အခက်အခဲများရှိနေသည့် ပြည်နယ်များကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့ အစိုးရအနေဖြင့်လည်း ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် ရေခံမြေခံကောင်းမွန်သဖြင့် ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက လျှင်မြန်စွာဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိသည့် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရန်လိုအပ်ပြီး အချို့ပြည်နယ်များတွင် ပညာရေးအရ အားနည်းသဖြင့် လူ့စွမ်းအားအရင်းအမြစ်များနည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးအားနည်းချက်များ ဖြစ်ပေါ်ရခြင်းမှာ နိုင်ငံမတည်ငြိမ်မှု၊ သွားလာရေးခက်ခဲမှု၊ ဘာသာစကား အခက်အခဲဖြစ်မှု၊ မိဘများအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမှု၊ ပညာသင်ကြားရန် ငွေကြေးမတတ်နိုင်မှုများကြောင့် ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်နယ်များ၏ ပညာရည်မြှင့်တင်ရေးအတွက် လတ်တလောကာလတွင် ဦးစားပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ပညာသင်ကြားရေးသည် ပထမဦးစားပေးဖြစ်**

၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် စာသင်ကျောင်းများကို ၃ နှစ်ခန့် ပိတ်ထားခဲ့ရသဖြင့် ပညာရေးတွင် နောက်ကျခဲ့ရကြောင်း၊ လတ်တလောကာလတွင်လည်း ကိုဗစ်ရောဂါဖြစ်ပွားမှုနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် စာသင်ကျောင်းများပိတ်ထားခဲ့ရပြီး ယခုအခါ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများတွင် စာရင်းသွင်းထားသူ ကျောင်းသား၊ ကျောင်းသူပေါင်း ၉၀ ရာခိုင်နှုန်းနီးပါးခန့် တက်ရောက်ပညာသင်ကြားလျက်ရှိသော်လည်း မျှော်မှန်းထားသည့် ကျောင်းတက်ရာခိုင်နှုန်းထက် နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ အချို့ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံရေးမတည်ငြိမ်မှု၊ ပညာရေးဝန်ထမ်းများ လျော့နည်းမှုနှင့် ခြိမ်းခြောက်ခံရမှုတို့ကြောင့် ပညာသင်ကြားနိုင်မှုမရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပညာသင်ကြားရေးသည် ပထမဦးစားပေးဖြစ်ကြောင်း၊ အတန်းပညာရှိမှသာ အတတ်ပညာနှင့်အသိပညာရရှိရန်လွယ်ကူမည်ဖြစ်သဖြင့် ပညာသင်ကြားမှုသည် လူတစ်ဦးချင်းအတွက် မဖြစ်မနေအရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့် ဒေသအလိုက် ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာသင်ကြားနိုင်ရေး ဦးစားပေးအလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စာသင်ကျောင်းများ အားလုံးပြန်လည်ဖွင့်လှစ်နိုင်ရေး အားပေးကူညီဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာသင်ကြားရေးအတွက် တာဝန်ပြန်လည်ထမ်းဆောင်လိုသည့် ဝန်ထမ်းများရှိပါကလည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများသည် လေ့ကျင့်ပေးထားသည့် ဝန်ထမ်းများဖြစ်သဖြင့် တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး တိုက်တွန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးဝန်ထမ်းများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်ကြသဖြင့် အများအားဖြင့် ရက်တတ် ကြောက်တတ်မှုရှိကြောင်း၊ အဆိုပါအားနည်းချက်ကို အခွင့်ကောင်းယူအသုံးချ၍ အကြောင်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်ဆောင်ရွက်ခြင်းများပြုလုပ်၍ အနိုင်ကျင့်ဆောင်ရွက်မှုများရှိသဖြင့် မိမိတို့အနေဖြင့် ကာကွယ်

ဆောင်ရွက်ပေးရန်လိုကြောင်း။

ပညာသင်ကြားရေးနှင့် ပတ်သက်၍ ဆရာ၊ ဆရာမများကို ပညာအရည်အချင်းအလိုက် ချီးမြှင့်ငွေများ ချီးမြှင့်ပေးလျက်ရှိပြီး ဆက်လက်၍လည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများ၏ လက်ဦးဆရာများဖြစ်ကြကြောင်း၊ ထို့ကြောင့် အာစရိယဂုဏောအနန္တောဆိုသည့်အတိုင်း အာစရိယဂုဏ်ကို အသိအမှတ်ပြု၍ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆရာ၊ ဆရာမများသည် ဝါသနာ၊ အနစ်နာ၊ စေတနာစသည့် နာသုံးနာဖြင့် ကျောင်းသား၊ ကျောင်းသူများကို ပညာတတ်များဖြစ်စေရေး သင်ကြားပေးနေကြခြင်းဖြစ်ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် မျှော်မှန်းသက်တမ်းမှာ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်ကြောင်း၊ ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှသာ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဗုဒ္ဓဘာသာဝင် အများစုရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့သူများဖြစ်ကြကြောင်း၊ ထို့အပြင် မြေသယံဇာတနှင့်ရေသယံဇာတများပေါကြွယ်ဝသည့် နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးကောင်းမွန်စေရန် အသိနှင့်ယှဉ်သည့် နေထိုင်စားသောက်မှုများနှင့် လုပ်ကိုင်ဆောင်ရွက်မှုများရှိရန်လိုကြောင်း၊ အသိနှင့်ယှဉ်၍ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်နိုင်ရန်အတွက် ပညာရည်မြင့်မားမှုရှိရန်လိုကြောင်း၊ ပညာရေးနိမ့်ကျမှုများကြောင့် လူတစ်ဦးနှင့်တစ်ဦး၏ လူမှုစီးပွားဘဝများ ကွာခြားလာခြင်းဖြစ်သဖြင့် အနိမ့်ဆုံးအဆင့် အလယ်တန်းအောင်မြင်အောင်ဆောင်ရွက်၍ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများအတွက် ပညာရေးအခြေခံကောင်းများ ရရှိအောင် ဆောင် ရွက်ပေးရန်လိုကြောင်း။

**CDM ပြုလုပ်သူ များစွာရှိ**

ကျန်းမာရေး ဝန်ထမ်းများအနေဖြင့်လည်း ပြည်သူလူထု၏ ကျန်းမာရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်ပြီး ယခုနိုင်ငံရေးဖြစ်စဉ်တွင် CDM ပြုလုပ်သူများများစွာရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၉၅ ခုနှစ်ခန့်မှစ၍ မွေးထုတ်ပေးလိုက်သည့် ဆေးတက္ကသိုလ်အသီးသီးမှ ကျောင်းဆင်းဆရာဝန်များ များစွာရှိပြီး ပြည်တွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဝင်ရောက်ထမ်းဆောင်ပါက အင်အားအရ လုံလောက်သည်ထက်ပင် ပိုမိုသည့်အင်အားရှိပါကြောင်း၊ သို့ရာတွင် အများစုမှာ နိုင်ငံအတွက်တာဝန်ထမ်းဆောင်ခြင်းထက် ကိုယ်ပိုင်ဆေးခန်းများဖွင့်လှစ်ခြင်းနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုသာ ဆောင်ရွက်နေကြခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် လိုအပ်ချက်များဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်က ဝေးလံခေါင်ဖျားသည့် ဒေသများတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်အရ တပ်မတော်မှ ဆရာဝန်များကို တာဝန်ထမ်းဆောင်နိုင်ရန်စေလွှတ်ပေးခဲ့ချိန်တွင်လည်း ကန့်ကွက်မှုများရှိခဲ့ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအဆင်ပြေစေရန်အတွက် တပ်မတော်မှ ဆရာဝန်များစေလွှတ်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်များကိုသစ္စာရှိစွာဖြင့် ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း လေးနက်စွာ အသိအမှတ်ပြုပါကြောင်း၊ CDM ပြုလုပ်သွားသည့် ကျန်းမာရေးဝန်ထမ်းများ တာဝန်ပြန်လည်ထမ်းဆောင်ရေးအတွက်လည်း တာဝန်ရှိသူများက ပိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ကျန်းမာရေးကောင်းမွန်ပါက ပညာသင်ကြားရေးနှင့် အလုပ်လုပ်ကိုင်ဆောင်ရွက်မှုများအတွက် အထောက်အကူပြုမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး ကျန်းကျန်းမာမာနှင့် အသက်ရှည်ရှည် နေထိုင်နိုင်ရန်လိုကြောင်း။

ကိုယ်လက်လှုပ်ရှားအားကစားနှင့်ပတ်သက်၍လည်း ခေတ္တခဏသာပြုလုပ်ခြင်းထက် အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ အဓိကအားဖြင့် တစ်ရက်လျှင် နာရီဝက်ခန့် လမ်းလျှောက်ခြင်းဆောင်ရွက်ပါက ကျန်းမာရေးအတွက် များစွာအထောက်အကူပြုကြောင်းကို ကျန်းမာရေးပညာရှင်များ၏ ပြောကြားချက်အရ သိရှိရကြောင်း၊ အလားတူ အသောက်အစားအပျော်အပါးများကိုတတ်နိုင်သမျှလျှော့ချဆောင်ရွက်ရန်လိုကြောင်း၊အစားအသောက်နှင့်ပတ်သက်၍လည်း ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်မှုများရှိရန်အတွက် မိမိတို့ကိုယ်တိုင် ထိန်းသိမ်း

ရန်လိုအပ်သကဲ့သို့ပြည်သူများသိရှိစေရန်လည်း တိုက်တွန်း ပြောကြားပေးရန်လိုကြောင်း။

**အကျိုးရှိစွာအသုံးချ**

စီးပွားရေးနှင့်ပတ်သက်၍ မြေပေါ်မြေအောက် သယံဇာတများ၊ ရေနှင့်မြေများကို အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ ရေများသုံးစွဲရာတွင်လည်း အဟောသိကံမဖြစ်စေဘဲ ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေဩဇာများလိုအပ်ချက်ရှိသည့်အတွက် ဒေသအလိုက်မွေးမြူရေးလုပ်ငန်းများကို လျောင်မွေးသည့်စနစ်ဖြင့် နည်းစနစ်တကျ မွေးမြူဆောင်ရွက်ခြင်းဖြင့် ဇီဝမြေဩဇာများရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုတွဲဖက်၍ ဆောင်ရွက်မည်ဆိုပါက လေလွင့်ဆုံးရှုံးမှုနည်းပါးပြီး ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်အောင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးလိုအပ်ချက်အတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးထုတ်လုပ်ခြင်းကို နည်းလမ်းတစ်ခုအနေဖြင့် အသုံးပြုဆောင်ရွက်၍ရကြောင်း။

ဆန်စက်၊ ဂျုံစက်စသည့် လုပ်ငန်းများသည် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများဖြစ်ကြောင်း၊ စက်မှုလယ်ယာစနစ်ကိုဖော်ဆောင်၍ စိုက်ပျိုးရေးထုတ်ကုန်ကိုအခြေခံသည့် စက်မှုလယ်ယာစနစ်ကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုများရှိပြီး အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရေး ဝါမျိုးကောင်း မျိုးသန့်များ ရရှိရေးအတွက် ပြည်ပနိုင်ငံများမှ ရရှိနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှ ချည်ထည်များအား ယမန်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ဖိုးခန့်တင်သွင်းခဲ့ရကြောင်း၊ အဆင့်မြင့်ချည်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်ကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်၍ရကြောင်း။

မိမိတို့နိုင်ငံတွင် အဖိုးတန်သဘာဝတွင်းထွက်ပစ္စည်းများစွာရှိပြီး အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များပြားသဖြင့် အပြည့်အဝထုတ်လုပ်နိုင်မှု မရှိသေးကြောင်း၊ ပြည်တွင်းလိုအပ်ချက်အား ပြည်ပမှတင်သွင်းခြင်းထက် ပြည်တွင်းရှိစက်ရုံများကို အပြည့်အဝလည်ပတ်၍ အတတ်နိုင်ဆုံး ထုတ်လုပ်ပေးနိုင်မည်ဆိုပါက ပြည်ပငွေကုန်ကျမှု များစွာလျော့နည်းသွားမည်ဖြစ်ပြီး ပြည်တွင်းစီးပွားရေး ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်ပကြွေးမြီများစွာရှိပြီး နှစ်စဉ်ပြန်လည် ပေးဆပ်နေရမှုများပြားကြောင်း၊ ယခင်က ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ပြည်တွင်း ကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိဘဲ ပြည်ပမှတင်သွင်းမှုများအများဆုံးဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေများ များပြားခဲ့ခြင်းဖြစ်ကြောင်း၊ စီမံခန့်ခွဲမှု လွဲမှားခဲ့ခြင်းများကြောင့် မိမိတို့နိုင်ငံအတွက် ငွေကြေးမြောက်များစွာ ဆုံးရှုံးနစ်နာမှုများရှိခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံအတွက်များစွာ အကျိုးဖြစ်ထွန်းစေသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဆောက်လုပ်ရေးအတွက် လိုအပ်သည့် ဘိလပ်မြေများနှင့် သံလုံး၊ သံချောင်းများကို လုံလောက်စွာထုတ်လုပ်နိုင်ပေးနိုင်ပါက ပြည်သူများ၏ နေထိုင်မှုစနစ်များကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အချို့နေရာများတွင် ပြည်သူများ၏ လူနေမှုစနစ်မြှင့်တင်ရေးဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ ပညာရေး၊ စီးပွားရေးနှင့် လူနေမှုဘဝမြှင့်တင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်အား တာဝန်ယူဆောင်ရွက်ရာတွင် အချိန်ကာလအားဖြင့် နည်းပါးကြောင်း၊ ထို့ကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှ လွဲ၍ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအားလုံး ဒေသအလိုက် ဖွံ့ဖြိုးရေးအတွက်

စိတ်စေတနာကောင်းစွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှုအခြေအနေ၊ ကုန်စည်စီးဆင်းမှု လျင်မြန်မှန်ကန်စေရေးဆောင်ရွက်နေမှု အခြေအနေ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်မှုအခြေအနေ၊ ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်မှုနှင့်ဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်နိုင်မှုအခြေအနေ၊ ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေ၊ အိုမီခရွန် ကူးစက်ပြန့်ပွားမှုနည်းပါးရေးအတွက် ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရေး စိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေ၊ ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဏ္ဍာငွေအလေအလွင့်နည်းပါးရေးအတွက် ချွေတာရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မှာကြားရာတွင် မိမိတို့နိုင်ငံ၌ စိုက်ပျိုးမြေများပြားစွာရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေကို အကျိုးရှိရှိ အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ လယ်စိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်း ပိုမိုကောင်းအောင် စိုက်ပျိုးနိုင်ပါက မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးထက်ပင် ပိုလျှံနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးမြေများ လျော့နည်းမှုမရှိစေရေးအတွက် အခြားနည်းဖြင့် အသုံးပြုမှုများကို အတတ်နိုင်ဆုံးမဖြစ်မနေအခြေအနေမှသာ ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူရေကိုလည်း စိုက်ပျိုးရေးအတွက် အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ နိုင်ငံအတွင်းစီးဆင်းနေသည့် မြစ်၊ ချောင်းများမှ ရေကို ငွေ၊ မိုး၊ ဆောင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် လူသားအကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးချကြစေလိုပြီး ယင်းသို့ အသုံးချနိုင်ပါက ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ မြစ်၊ ချောင်းများတွင်လျှပ်စစ်ထုတ်လုပ်နိုင်ပါက ဓာတ်အားမဂ္ဂဝပ် ၄၀၀၀၀ ကျော် ထုတ်လုပ်နိုင်မည်ဟု ပညာရှင်များက ခန့်မှန်းထားကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်နိုင်သည့်အခြေအနေများလည်း များစွာရှိကြောင်း၊ လျှပ်စစ်မီးနှင့် စက်သုံးဆီချွေတာရေးကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်မီးသုံးစွဲရာတွင် ဓာတ်အားသုံးစွဲမှုကို လျော့နည်းစေသည့် လျှပ်စစ်ပစ္စည်းများကိုသုံးစွဲခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားကိုအသုံးပြုသည့် ရာခိုင်နှုန်းများစွာ လျော့နည်းသွားမည်ဖြစ်ပြီး ငွေကြေးကုန်ကျမှုသက်သာစေမည်ဖြစ်ကြောင်း၊ စက်သုံးဆီကို ပြည်ပမှအများဆုံး မှာယူတင်သွင်းနေရသည့်အတွက် နှစ်စဉ် တိုင်းပြည်မှနိုင်ငံခြားငွေ များစွာသုံးစွဲနေရကြောင်း၊ သို့ဖြစ်၍ အမှန်တကယ်သုံးစွဲရန်လိုအပ်သည့် ကိစ္စရပ်များ၌သာသုံးစွဲကြစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ကောင်းမွန်ရေးနှင့်မြို့ပတ်ရထားများ အပြည့်အဝပြေးဆွဲနိုင်ရေးကို အလေးထားစီစဉ်ဆောင်ရွက်သွားစေလိုကြောင်း၊ ထို့ပြင် ကုန်စည်ပို့ဆောင်မှုကောင်းမွန်စေရေးအတွက် ရထားများပုံမှန်ပြေးဆွဲနိုင်ရေး၊ ဘူတာရုံများ စနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းနှင့်ကားလမ်းနယ်နိမိတ်များအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်မှုမရှိစေရေး တာဝန်ရှိသူများကကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခြိုးခြံချွေတာ၍ စနစ်တကျ သုံးစွဲရေးကို တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် တာဝန်ရှိသူအားလုံးအနေဖြင့် ရင်းရင်းနှီးနှီး တိုင်တိုင်ပင်ပင် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

■ ■ ■

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၆ - ၂ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့မှ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရှမ်း၊ လားဟူ၊ အခါ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်း၊ မိုင်းခတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုး၊ မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် မြို့မိမြို့ဖများက ဒေသဆိုင်ရာအချက်အလက်များ၊ မိုင်းခတ်မြို့ပေါ်သောက်သုံးရေ လိုအပ်ချက်၊ ပညာရေးဝန်ထမ်းလိုအပ်ချက်များ၊ မိုင်းခတ်မြို့အဝင်လမ်းနှင့် မိုင်းခတ်-မိုင်းညှင်းလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးရေး၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးဆောင်ရွက်နေသည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်း ချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ မိုင်းယောင်းမြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ရှေးဟောင်း

သမိုင်းဝင် ထပ်လုံးစေတီတော်သွားလမ်း၊ ယမ်းပုန်း-ဝမ်ဖြတ်-ဝမ်ယွတ် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ပေးစေလိုသည့်အခြေအနေများ၊ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ပြိုကျပျက်စီးနေသည့် နမ့်ဖွန်ချောင်းကူး ဒွန်းနွဲ့တံတားအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင်ပေးစေလိုသည့် အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းပြောကြား**

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးလှမိုး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာညွှန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းတို့က သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားရာ ကျေးလက်ချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ မိုင်းခတ်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ ပညာရေးဝန်ထမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပညာရေးဝန်ထမ်းများကို ခေါ်ယူထားရှိသည့်အခြေအနေနှင့် လိုအပ်သည့်နေရာဒေသများကို အမြန်ဆုံးဖြည့်ဆည်း

**နိုင်ငံတော်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်ပေးထားပြီး ပညာတတ်များပေါ်ကြွယ်ဝရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများသည် ပညာရပ်ဆိုင်ရာများအလိုက် မွေးထုတ်ပေးထားသည့်ဝန်ထမ်းများဖြစ်။**

ခန့်အပ်ပေးသွားမည့်အခြေအနေများကိုပြန်လည်ဆွေးနွေးပြောကြားကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ပြောကြားရာ၌ မိမိအနေဖြင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်ထမ်းဆောင်စဉ် မိုင်းခတ်နှင့် မိုင်းယောင်းဒေသသို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ဖူးကြောင်း၊ မိုင်းညှင်းလမ်းကို စတင်ဖောက်လုပ်ရာတွင် များစွာကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိုင်းခတ်မြို့ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် နမ့်လွေချောင်းမှရေကို ခေတ်မီနည်းစနစ်များဖြင့် သန့်စင်၍ သုံးစွဲနိုင်မည်ဆိုပါက သောက်သုံးရေလုံလောက်စွာရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နမ့်လွေချောင်းတွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို သုတေသနပြုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လမ်းအဆင့်မြှင့်တင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုရောက်ရှိသည့် အချိန်တွင် မိုင်းခတ်ဒေသနှင့် မိုင်းယောင်းဒေသတို့သည် ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့ရှိရပြီး ရောင်းဝယ်ဖောက်ကားမှုများ ပိုမိုကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ သို့သော်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှိပြီးသားဖြစ်သည့် မြေ၊ ရေ သယံဇာတများကို အကျိုးရှိအောင်အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မိုင်းယောင်းဒေသသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ စပါးကျီဖြစ်ပြီး စပါးအပြင် အခြားသီးနှံများ စိုက်ပျိုးမှုများကိုလည်း လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ရေခံမြေခံကောင်းပြီးဖြစ်သဖြင့် အရည်အသွေးပြည့်မီသည့် ဆန်ထွက်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိုးတွင်း၌သာမက အခြားရာသီများတွင်လည်း ရေသွင်းစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း Agricultural Base Industry သို့သွားနိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဆန်ကိုအခြေခံသည့်ထုတ်ကုန်နှင့် အခြားအဆင့်မြင့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ရာသီစိုက်ပျိုးမှုနှင့်ပတ်သက်၍ ဒေသခံများ၏ စီးပွားရေးလုပ်ငန်းများဖြစ်ရန်လိုပြီး ဒေသခံများ၏

အမည်ခံ၍ အခြားသူများက လာရောက်လုပ်ကိုင်မှုများ မရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျလှောင်မွေးသည့်စနစ်ဖြင့် မွေးမြူပါက စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့်ဇီဝမြေသြဇာများကိုရရှိနိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့စနစ်တကျ မွေးမြူခြင်းဖြင့် အသားအထွက်နှုန်းတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယှဉ်တွဲဆောင်ရွက်ပြီး ဒေသတွင်းဖူလုံလာပါက အနီးနားရှိဒေသများနှင့် အိမ်နီးချင်းနိုင်ငံများသို့ အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ တင်ပို့နိုင်မည်ဖြစ်သဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

စီးပွားရေးကောင်းမွန်အောင်ဆောင်ရွက်ရာတွင် ရေ ခံမြေခံကောင်းမွန်ပြီးဖြစ်သဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်၍ရကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အသိပညာနှင့်အတတ်ပညာများလိုအပ်သဖြင့် ပညာရေးကို အားပေးရန်လိုကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့သည် ပညာရေးအားပေးမှု နည်းပါးပြီး ဘာသာစကားကန့်သတ်ချက်၊ သွားလာမှုအခက်အခဲများရှိသည်ဖြစ်သော်လည်း ပညာရေးကိုအားပေးဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိဘများကလည်း မိမိတို့သားသမီးများ၏ ပညာရေးကိုအားပေးရန် လိုအပ်သကဲ့သို့ စီးပွားရေးတိုးတက်အောင်လည်း လုပ်ဆောင်ကြရန်လိုကြောင်း၊ မိမိအနေဖြင့် ရောက်ရှိသည့်နေရာတိုင်းတွင် ပညာရေးကို အားပေးဆောင်ရွက်ရေးအတွက် အမြဲတစေတိုက်တွန်းပြောကြားခဲ့ပြီး လိုအပ်သည်များကိုလည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကိုပြန်လည်ဖွင့်လှစ်ပေးထားပြီး ပညာတတ်များပေါ်ကြွယ်ဝရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများသည် ပညာရပ်ဆိုင်ရာများ အလိုက် မွေးထုတ်ပေးထားသည့်ဝန်ထမ်းများဖြစ်ကြောင်း၊ နိုင်ငံရေးအခြေအနေကြောင့် CDM ပြုလုပ်သွားသည့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ တာဝန်ပြန်လည်ထမ်းဆောင်ရေး အတွက်လည်း တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း၊ အတန်းပညာများကို သင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအနေဖြင့် အရည်အချင်းပြည့်ဝရန်လိုအပ်သကဲ့သို့ ကျောင်းသားကျောင်းသူများ အနေဖြင့်လည်း စနစ်တကျဖြင့် ကြိုးစားသင်ယူရန်လိုကြောင်း၊ ကျောင်းသား၊ မိဘ၊ ဆရာနှင့် အုပ်ချုပ်သူများအားလုံး ပါဝင်ဆောင်ရွက်မှုသာ ပညာရေးမြင့်မားလာမည်ဖြစ်ကြောင်း၊ အလယ်တန်းအဆင့်အောင်မြင်ပြီးမြောက်ပြီးပါက စိုက်ပျိုးမွေးမြူရေးနှင့်သက်ဆိုင်သည့် ပညာရပ်များ သင်ယူရန်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် တက္ကသိုလ်ပညာရပ်များကို အဆင့်ဆင့်တက်ရောက်သင်ယူရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာသင်ယူရာတွင်လည်း ကျိုင်းတုံမြို့ရှိ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြား၍ရကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများအလိုက် ထူးချွန်သူများ ပေါ်ထွန်းလာစေရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပညာသင်ကြားရေးနှင့်ပတ်သက်၍ တတ်နိုင်သည့်ဘက်မှအားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဒေသတွင်းမှ ပညာတတ်အရင်းအမြစ်များ ပေါ်ထွက်လာစေရေး အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံနှင့် ဒေသတိုးတက်ရေးအတွက် ပညာရည်မြင့်မားရေးဆိုင်ရာကိစ္စရပ်များကို ဒေသခံပြည်သူများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ဒေသစီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်၍ရကြောင်း၊ ယခုဒေသသည် ယခင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် နာမည်ဆိုးများရှိခဲ့သော်လည်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်မှတားဆီးဆောင်ရွက်ခဲ့မှုများကြောင့် ယခုအခါ နည်းပါးသွားပြီဖြစ်ကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ထိန်းသိမ်းကြရန်လိုကြောင်း၊ စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းတို့ဖြင့် တိုးတက်မှုကိုသာ မြင်တွေ့လိုကြောင်း။

မိမိအနေဖြင့် မိုင်းခတ်ဒေသကို မူးယစ်ဆေးဝါးကင်းစင်ပြီး ဒေသတွင်းရှိ လူမှုစီးပွားဘဝများ တိုးတက်မှုများရှိသည့် ဒေသတစ်ခုဖြစ်စေလိုကြောင်း၊ ယခုကာလတွင် လုံခြုံရေးအရ တည်ငြိမ်အောင်၊ နိုင်ငံရေးအရ ငြိမ်းချမ်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေး မတည်ငြိမ်မှုများရှိပါက နိုင်ငံတိုးတက်မှုရှိမည်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေး၊ လူမျိုးရေးများနှင့်ပတ်သက်၍

လက်နက်ကိုင်ဆောင်ရွက်ခြင်းကို အားမပေးပါကြောင်း၊ ဒီမိုကရေစီအရေးဆောင်ရွက်ရာတွင် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းစဉ်ကိုသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုနှင့်ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်သည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ခေတ္တလာရောက် တာဝန်ထမ်းဆောင်သည့်ဧည့်သည်အနေဖြင့် မဆောင်ရွက်ကြစေလိုဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား စစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၆ - ၂ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၆ ရက်၊ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများလိုက်ပါ၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု၊ နယ်စပ်ဒေသများတွင် နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှု၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိမှု၊ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက် လျက်ရှိမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများနှင့် နယ်မြေဒေသလုံခြုံရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေသည် သွားလာရေးအခက်အခဲရှိသည့် တိုင်းစစ်ဌာနချုပ်တစ်ခုဖြစ်ပြီး မိမိကိုယ်တိုင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် နယ်မြေတစ်ခုဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ ကိုဗစ် -၁၉ ရောဂါဖြစ်ပေါ်ခဲ့သည့် ကာလများတွင်လည်း တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေသည် အလှမ်းဝေးသည့် နယ်မြေဒေသတစ်ခုဖြစ်သဖြင့် ဆေးပစ္စည်းများ အချိန်မီပို့ဆောင်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ဒေသတွင်းလုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည်မှန်သမျှကို ကာကွယ်တားဆီးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ လျော့နည်းစေရေး လုပ်ဆောင်နေခြင်းသည် အမျိုးသားအကျိုးစီးပွားကို

ကာကွယ်နေခြင်းပင် ဖြစ်ကြောင်း။

**အမြဲမပြတ်လေ့ကျင့်**

တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရန်လိုအပ်မည်ဖြစ်ပြီး တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးသင်တန်းကျောင်းများကလည်း အမြဲမပြတ်လေ့ကျင့်ပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သောခေါင်းဆောင်များ ကိုယ်တိုင်က စည်းကမ်းကောင်းမှသာလျှင် စည်းကမ်းကောင်းမွန်ပြီး တိုက်စွမ်းရည်တိုက်စွမ်းအား ကောင်းမွန်သည့် တပ်များဖြစ်လာမည်ဖြစ်ကြောင်း၊ ညီညွတ်မှုတပြီး တပ်မှူးကောင်းစိတ်ထား၍ မိမိတို့၏ လက်အောက်ငယ်သားများကို အုပ်ချုပ်ဆောင်ရွက်ရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်း၏ ရပိုင်ခွင့်များနှင့် သက်သာချောင်ချိမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မှူးများအနေဖြင့် စစ်သည်တစ်ဦးချင်း၏ အခြေခံစိတ်နေ သဘောထားများကို သိရှိနေမှသာလျှင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်မည်ဖြစ်ပြီး ၎င်းတို့၏ အားနည်းချက်၊ လိုအပ်ချက်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လက်အောက်ငယ်သားများအနေဖြင့်လည်း လိုက်နာရမည့် ကျင့်ဝတ်အပါး ၆၀ ကို တိတိကျကျ လိုက်နာကျင့်သုံးရန် လိုအပ်မည်ဖြစ်ကြောင်း။

**အားပေးဆောင်ရွက်လျက်ရှိ**

ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင် စာဖတ်ရန်လိုအပ်သကဲ့သို့ မိမိကွပ်ကဲအုပ်ချုပ်နေရသူများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက်လည်း အားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စာပေဗဟု သုတရှိမှသာလျှင် အမှားအမှန်ခွဲခြားသိမြင်နိုင်မည်ဖြစ်ပြီး တစ်ဦးချင်းကြုံတွေ့လာရသည့် အခက်အခဲများကို ကျိုးကြောင်းဆီလျော်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း တပ်မတော်တစ်ရပ်လုံး၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စွမ်းရည်စွမ်းအားရှိသော တပ်ဖြစ်လာစေရေးအတွက် ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်ဖြစ်သောကြောင့် တပ်မှူးများအနေဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်နှင့်အညီ ချိန်ထိုးသုံးသပ်ဖြည့်ဆည်းဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်က စစ်သည်တစ်ဦးချင်း၏ စားရေး၊ နေရေး၊ ဝတ်ရေး၊ ကျန်းမာရေးတို့ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သည့်အတွက် ၎င်းတို့၏လူနေမှုဘဝမြှင့်တင်ရေးနှင့် စည်းကမ်းစနစ်တကျနေထိုင်သွားလာ စားသောက်မှုဖြစ်စေရေးအတွက် အနီးကပ်ကွပ်ကဲနေရသည့် တပ်မှူးများက ထိန်းသိမ်းတည့်မတ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ စစ်သားပီသသည့် စစ်ခေါင်းဆောင်များဖြစ်အောင် နေထိုင်ကျင့်ကြံကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နယ်မြေခံပြည်သူလူထု၏ အကျိုးစီးပွားကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ပညာရေးအားပေးမှု နည်းပါးသည့် နယ်မြေဒေသဖြစ်သည့်အတွက် ပညာရည်အဆင့်အတန်းမြင့်မားလာစေရေး တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၁၆ - ၂ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား သီးခြားစီ သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

**မဲမသမာမှုဖြစ်စဉ်ကြောင့်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်တို့သည် အလှမ်းကွာဝေးသည့်တပ်နယ်များဖြစ်ပြီး တိုင်းမှူးတာဝန်ထမ်းဆောင်စဉ်ကလည်း မကြာခဏ လာရောက်တွေ့ဆုံခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ရသည်မှာ တစ်နှစ်ကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် ကြီးမားသော မဲမသမာမှုဖြစ်စဉ်ကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရသည်ကို အရာရှိ၊ စစ်သည်၊ ရဲမေများ သိရှိနားလည်သဘောပေါက်ရန်လိုကြောင်း။

ယခင် တပ်မတော်အစိုးရအုပ်ချုပ်စဉ်ကာလအတွင်း ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေရသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး ပုံဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ထို့နောက် NLD ပါတီကိုရွေးကောက်ပွဲသို့ ဝင်ရောက်နိုင်

ရေးဆောင်ရွက်ပေးခဲ့ကာ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD ပါတီ အနိုင်ရခဲ့ပြီး အစိုးရဖြစ်လာကြောင်း၊ NLD အစိုးရအုပ်ချုပ်စဉ် အစောပိုင်းကာလအတွင်း၌ပင် ဥပဒေကိုလက်တစ်လုံးခြားဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း ၎င်းတို့တာဝန်မထမ်းဆောင်မီအချိန်၌ NCA လက်မှတ်ရေးထိုးခြင်းမပြုရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုက်တွန်းခဲ့ခြင်းများရှိသကဲ့သို့ ၎င်းတို့တာဝန်ယူထမ်းဆောင်ချိန်၌လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုအပိုင်း၌ အားနည်းခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ အလားတူ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ယိမ်းယိုင်စေခဲ့သည့် လုပ်ဆောင်မှုများရှိခဲ့ပြီး နိုင်ငံအတွက် စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိခဲ့ကြောင်း။

**ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်**

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးခြင်း မရှိခဲ့ခြင်းနှင့် ပြည်ပမှတင်သွင်းမှုများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများ များစွာ ဖြစ်ပေါ်ခဲ့ရကြောင်း၊ အချို့ပြည်ပချေးငွေရယူဆောင်ရွက်ခဲ့သည့် စီမံကိန်းများကို လုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးလုနီးပါးအခြေအနေတွင် ရပ်တန့်ခဲ့သဖြင့် နိုင်ငံအတွက်များစွာနစ်နာခဲ့ရကြောင်း၊ အလားတူ ပြည်ပမှ ချေးငွေများအဆမတန်ရယူခဲ့ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် နှစ်စဉ်ပြည်ပကြွေးမြီများကို ပေးဆပ်နေရလျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ အထိ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့်ရှိခဲ့ပြီး ယခု ၂၀၂၁ မှစ၍ ကုန်သွယ်မှုပိုငွေရှိအောင် ဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို
ထမ်းဆောင်နေသည့် တပ်မတော်ကို
တည်ဆောက်ရာတွင် စွမ်းအားရှိသည့်
တပ်မတော်ဖြစ်ရန်လို၊ စွမ်းအားရှိသည့်
တပ်မတော်ဖြစ်စေရေး တပ်မတော်သား
တစ်ဦးချင်းအနေဖြင့် စစ်သားပီသရန်နှင့်
စစ်သည်ကောင်းတစ်ဦးဖြစ်အောင်
နေထိုင်ရမည်ဖြစ်၊ ခေါင်းဆောင်များအနေဖြင့်
လည်း စစ်သားပီသသည့် ခေါင်းဆောင်အဖြစ်
တပ်မတော်ကို ဦးဆောင်ရမည်ဖြစ်၊
ခေါင်းဆောင်ဆိုရာတွင် ဒုတိယတပ်ကြပ်မှ
စတင်၍ အဆင့်ဆင့်သော၊ အမျိုးမျိုးသော
ခေါင်းဆောင်များရှိပြီး စစ်သားပီသသည့်
ခေါင်းဆောင်များဖြစ်မှသာ စွမ်းရည်နှင့်
စွမ်းအားရှိသည့် တပ်မတော်ဖြစ်လာမည်ဖြစ်။

၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများကြောင့်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးပြဿနာများအပေါ်အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှအခွင့်အရေးယူ၍ဆောင်ရွက်နေမှုများရှိကြောင်း၊ မဲစာရင်းမှားယွင်းမှုနှင့်ပတ်သက်၍ တပ်မတော်မှ ၂၀၂၀ ပြည့်နှစ်ဒီဇင်ဘာလတွင် စတင်ကြေညာခဲ့ပြီး မဲစာရင်းမှားယွင်းမှုအပေါ်ဖြေရှင်းပေးရန်အတွက် အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် အဆိုပါမဲသမာမှုကိစ္စရပ်များအား ဖြေရှင်းပေးမှုမရှိခဲ့ကြောင်း၊ မဲစာရင်းမသမာမှုရလဒ်များဖြင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များက လွှတ်တော်ခေါ်ယူရေးဆောင်ရွက်ခဲ့သဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး မလွှဲသာမရှောင်သာဘဲ နိုင်ငံတော်တာဝန်အား ရယူခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်ချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရှေ့လုပ်ငန်းစဉ်တွင်ပါဝင်သည့် မဲစာရင်းများပြန်လည်စိစစ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ် -၁၉ ကပ်ရောဂါထိန်းချုပ်ရေးအတွက်လည်း ကျန်းမာရေးဝန်ထမ်းများတာဝန်ထမ်းဆောင်မှုနည်းပါးခြင်းနှင့် အခြားသော အခက်အခဲများကြားမှ ခက်ခက်ခဲခဲကြိုးပမ်းဆောင်ရွက်ခဲ့ရပြီးယခုအခါ ကူးစက်မှုနှုန်းနည်းပါးသွားပြီဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးဆောင်ရွက်ခဲ့ချိန်တွင်ပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုများ၊ စုပေါင်းလှူဒါန်းမှုများနှင့် နိုင်ငံတော်တာဝန်အား ကျေပွန်စွာထမ်းဆောင်လိုစိတ်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်း

ဆောင်ရွက်ခဲ့မှုများကြောင့် ကိုဗစ် – ၁၉ တတိယလှိုင်းအား အောင်မြင်စွာဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါကြောင့် ကျဆင်းခဲ့သည့် နိုင်ငံ၏စီးပွားရေးပြန်လည် ဦးမော့ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အထိုက်အလျောက် တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း။

ငြိမ်းချမ်းရေးရရှိရေးအတွက်လည်း ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပေးထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ထားကြောင်း၊ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေးအတွက် မိမိတို့အနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း။

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးက မည်သည့်ပုံစံနှင့်မဆို ခြိမ်းခြောက်ခံရမှုမရှိဘဲ မိမိတို့ဆန္ဒအတိုင်း မဲပေးနိုင်ရန်လိုအပ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲ၌ အထွေထွေရွေးကောက်ပွဲဖြစ်သဖြင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိကျင်းပနိုင်ရမည်ဖြစ်ပြီး မြို့နယ်အားလုံး၌ ရွေးကောက်ပွဲကိုလွတ်လပ်၍ တရားမျှတစွာကျင်းပပြုလုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ တရားမျှတမှုနှင့် ခြိမ်းခြောက်မှုမရှိစေရေး လက်နက်ကိုင်ပဋိပက္ခများလည်း ချုပ်ငြိမ်းရန်လိုသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးနှင့်လုံခြုံရေးအရ အမြန်ဆုံးတည်ငြိမ်မှုရရှိရေး ကြိုးပမ်းလျက်ရှိကြောင်း။

တပ်မတော်၏တာဝန်နှင့်ပတ်သက်၍ နိုင်ငံတော်ကိုကာကွယ်ရန်၊ နိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပြည်သူများကို ကာကွယ်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံကို ကာကွယ်ရန်အတွက် စွမ်းရည်ရှိသည့်တပ်မတော်ဖြစ်စေရန်၊ လေ့ကျင့်သားပြည့်ဝရမည်၊ စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ စစ်စည်းကမ်းကို တပ်မတော် သားများအတွက် စစ်အခြေခံသင်တန်းမှစတင်၍ အခြေခံကျကျဖြင့် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါအချက်ကို အလေးအနက်ထားပြီး လိုက်နာကျင့်သုံးရန်လိုကြောင်း၊ စည်းကမ်းစိတ်ဓာတ်ကောင်းသည့်တပ်မတော်သားများဖြစ်အောင် တစ်ဦးချင်းလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်တွင် စစ်သည်တော်ကျင့်ဝတ် ၆၀ ရှိပြီး တိုက်တွန်းချက်၊ တားမြစ်ချက်များပါဝင်ကြောင်း၊ စည်းကမ်းလိုက်နာပါက အရည်အချင်းရှိသည့် တပ်တစ်ခုဖြစ်မည်ဖြစ်ကြောင်း၊ အမိန့်နာခံမှုရှိမှသာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံအတွက်ခိုင်မာသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး တစ်ဦးချင်းနှင့်အဖွဲ့လိုက်၊ အဖွဲ့တစ်ခုလုံးကောင်းမွန်စွာ လေ့ကျင့်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် တပ်မတော်ကိုအလေးထားကြပြီး နိုင်ငံ့ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြကြောင်း။

**စစ်သားပီသရန်**

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေသည့် တပ်မတော်ကိုတည်ဆောက်ရာတွင် စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန်လိုကြောင်း၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သားတစ်ဦးချင်းအနေဖြင့် စစ်သားပီသရန်နှင့် စစ်သည်ကောင်းတစ်ဦးဖြစ်အောင် နေထိုင်ရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့်လည်း စစ်သားပီသသည့်ခေါင်းဆောင်အဖြစ် တပ်မတော်ကို ဦးဆောင်ရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်ဆိုရာတွင် ဒုတိယတပ်ကြပ်မှစတင်၍ အဆင့်ဆင့်သော၊ အမျိုးမျိုးသော ခေါင်းဆောင်များရှိပြီး စစ်သားပီသသည့် ခေါင်းဆောင်များဖြစ်မှသာ စွမ်းရည်နှင့်စွမ်းအားရှိသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း၊ အထက်အောက် ရိုသေလေးစားမှုရှိရန်နှင့် အမိန့်နာခံတတ်မှုများရှိရန်လိုကြောင်း၊ အုပ်ချုပ်သူများဖြစ်သည့် ဒုတပ်ကြပ်မှစ၍ တပ်မှူးများအထိ ဖခင်သဖွယ်စိတ်ဓာတ်၊ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်ဖြင့် လက်အောက်ကို ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ကြရန်လိုကြောင်း၊ တပ်မတော်သားအားလုံး ခေါင်းဆောင်ကောင်းစိတ်ဓာတ်၊ နောက်လိုက်ကောင်းစိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်၍ မိမိကိုယ်ကို အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းကောင်းမွန်စေရန်အတွက် အသိပညာရှိရန်နှင့် အသိပညာများရှိရန်အတွက် အတန်းပညာများရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအတွက် အခြေခံပညာမြှင့်တင်ခြင်း

လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြင်ပဗဟုသုတစာပေများကိုလည်း အမြဲမပြတ်ဖတ်ရှုလေ့လာပြီး အသိပညာများမြှင့်တင်နေရန်လိုကြောင်း၊ ပြင်ပဗဟုသုတစာပေများကို ဖတ်ရှုခြင်းဖြင့် လူတစ်ဦး၏ အသိဉာဏ်ကို ပိုမိုမြင့်မားစေသည်ကို တွေ့ရှိရသောကြောင့် စာပေများဖတ်ရှုလေ့လာကြရန်လိုကြောင်း၊ မိမိတို့သက်ဆိုင်ရာ ဘာသာတရားများအလိုက် လိုက်နာကျင့်ကြံထိန်းသိမ်းနေထိုင်ကြရန်လိုကြောင်း၊ မိမိတို့သားသမီးများကို မိမိတို့ထက်သာလွန်အောင် မြေတောင်မြှောက်ပေးကြရန်လိုပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများကို ကိုဗစ် -၁၉ ကာကွယ်ဆေးများ ရာခိုင်နှုန်းပြည့် နီးပါး ထိုးနှံပြီးစီးပြီ ဖြစ်ကြောင်း၊ ပညာတတ်များပေါ်များလာပါက နိုင်ငံအတွက် လူသားအရင်းအမြစ်များ ပေါ်များလာမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးထားပြီး လာမည့်မတ်လ နောက်ဆုံးပတ်မှစ၍ ပထမအပတ်တွင် စာမေးပွဲများကျင်းပမည်ဖြစ်ကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးထားခြင်းသည် ကျောင်းနေအရွယ်ကလေးတိုင်း စာပေသင်ကြားနိုင်ရေးအတွက် ဖြစ်သဖြင့် ပညာသင်ကြားမှုမရှိပါက မိမိတို့ကလေးငယ်များ၏ ဘဝတိုးတက်ရေးကိုသာ ထိခိုက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကလေးငယ်များ၏ ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍လည်း မပေါ့ဆကြရန်နှင့် အမြဲသတိထား၍ လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်များဖြင့် နေထိုင်သွားလာကြရန်လိုကြောင်း ပြောကြားသည်။

■ ■ ■

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့တို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၁၇ - ၂ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အဆိုပါမြို့နယ်များရှိ မြို့နယ်ခန်းမများ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ လွိုင်လင်ခရိုင်၊ နမ့်စန် မြို့နယ်နှင့် ခိုလမ်မြို့မှပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဥက္ကဋ္ဌ ဦးရဲနိုင်၊ မိုင်းပျဉ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၊ နမ့်စန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မိုးနှင့် မြို့မိမြို့ဖများက ဒေသဆိုင်ရာအချက်အလက်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လမ်း၊ တံတားများတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်ဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှု၊ နယ် စပ်ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ပြန်လည်

လည်ပတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှု၊ စိုက်ပျိုးရေး ထွက်ကုန်များ အထွက်နှုန်းတိုးတက်စေရေးကြိုးပမ်း ဆောင်ရွက်နေမှုနှင့် သဘာဝဓာတ်မြေဩဇာများရရှိနိုင်ရေးဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု၊ ဒေသအတွင်း လျှပ်စစ်ဓာတ်အား ဖူလုံမှုရှိစေရေးအတွက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စီမံကိန်းများဖော်ဆောင်ပေးရန်လိုအပ်မှု၊ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံများအဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများနှင့် အခြားဒေသ၏ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းပြောကြား**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းတို့က ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအလိုက် ရှင်းလင်းပြောကြားရာတွင် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများတွင် လမ်း၊ တံတားများတည်ဆောက်ပေးမှု၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် လူသားအရင်းအမြစ်များပေါများစေရေး ဒေသခံပြည်သူများ ပညာရည်မြင့်မားစေရေး ဖွံ့ဖြိုးရေးသင်တန်းများ၊ ဒီဂရီကောလိပ်များနှင့် တက္ကသိုလ်များ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီးကို ရှေးဟောင်းသမိုင်းဝင်အဖြစ် သတ်မှတ်ပေးသွားမည့် အခြေအနေ၊ စာသင်ကျောင်းများအတွက် လိုအပ်သည့်စာအုပ်စာစောင်များကို စာကြည့်တိုက်များအတွက် ပြည့်စုံစေရေးဖြည့်ဆည်းဆောင်ရွက်ပေးထားမှု၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နေမှုနှင့် ခေတ်မီစက်ကိရိယာပစ္စည်းများ လိုအပ်နေမှု၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နေမှု ဌာနဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ပြောကြားရာတွင် မိမိအနေဖြင့် ယခုကဲ့သို့ နိုင်ငံတော်အဆင့်တာဝန်ရှိသူများနှင့်အတူ လာရောက်ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှန်မှန်ကန်ကန်နှင့် မြန်ဆန်စွာ ဖြည့်ဆည်းပေးရေးလာရောက်ခြင်းဖြစ်သည့်အတွက် ဒေသ၏ ယေဘုယျအခြေအနေနှင့် ဒေသ၏လိုအပ်ချက်များကို အချိန်တိုအတွင်း ထိထိရောက်ရောက် တင်ပြကြရန်လိုကြောင်း၊ ဒေသအတွင်း လာရောက်၍တာဝန်များကို ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်များနှင့် ဒေသခံပြည်သူလူထုတို့ လက်တွဲညီညီ ဆောင်ရွက်ပြီးဒေသနှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းပူးပေါင်း ဆောင်

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် အသိပညာ၊ အတတ်ပညာများလိုအပ်သဖြင့် ပညာရည်မြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လို၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ပညာရေးအရ အားနည်းသည်ကိုတွေ့ရှိရပြီး ဘာသာစကားဆိုင်ရာအခက်အခဲများနှင့် အခြားသောအကြောင်းအမျိုးမျိုးကြောင့် ဖြစ်သည်ကို တွေ့ရှိရ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကိုအားပေးရန်လို၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် ရှမ်းပြည်နယ်အနေဖြင့် ပညာရေးဆိုင်ရာများကို ယခုထက် ပိုမိုအားပေးဆောင်ရွက်ကြရန်လို။**

ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် ကျိုင်းတုံမြို့သို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ကြောင်း၊ မဟာမြတ်မုနိဘုရားကြီး၏ ရာပြည့်အခမ်းအနားကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲ့က တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့ နံနက်ပိုင်းတွင်လည်း စော်ဘွားကြီး၏ ကျိုင်းတုံဟော်နန်း ပုံစံတူပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရတနာ အုတ်မြစ်တော်စီအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် မိုင်းပွန်မြို့ရှိ မိုင်းပွန်ဟော်နန်းနှင့် သိန်းနီမြို့ရှိ သိန်းနီဟော်နန်းအဆောက်အဦတို့သည်လည်း ပျက်စီးယိုယွင်းလျက်ရှိသဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိရာ မိုင်းပွန်ဟော်နန်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းနှင့် သိန်းနီဟော်နန်းကြီးသည် ပြီးစီးမှုရာခိုင်နှုန်း ၆၀ ကျော်ရှိပြီဖြစ်ကြောင်း၊ တိုင်းရင်းသားများအားလုံးတွင် သမိုင်းကြောင်းများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းမှ ဦးဆောင်၍ ဆောင်ရွက်ခဲ့ခြင်းရှိသကဲ့သို့ အခြားသော နိုင်ငံ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်များလည်းရှိကြောင်း၊ အဆိုပါ တိုင်းရင်းသားခေါင်းဆောင်များ၏သမိုင်းကို အားလုံးပြည့်ပြည့်စုံစုံဖြင့် ဖော်ပြရန်လိုကြောင်း၊ အခြားပြည်ပနိုင်ငံများတွင်လည်း ၎င်းတို့၏ ဘုရင်အဆက်ဆက်အသုံးအဆောင်များ၊ အဆောက်အအုံများကို နိုင်ငံအလိုက်ထုံးတမ်းစဉ်လာများနှင့်အညီ တည်ဆောက်ပြသထားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် သမိုင်းများကိုပြန်လည်ဖော်ထုတ်ရန်အတွက် ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျိုင်းတုံဟော်နန်း တည်ဆောက်ပြီးစီးချိန်တွင်လည်း အသုံးအဆောင်ပစ္စည်းများကို ပြသသွားမည်ဖြစ်ကြောင်း၊ သမိုင်းကို ဖော်ထုတ်ခြင်းဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ဂုဏ်ကိုဖော်ပြနိုင်မည်ဖြစ်ကြောင်း။

**ရေအရင်းအမြစ်များစွာရှိ**

ယခင်က ကျိုင်းတုံမြို့သည် လမ်းပန်းဆက်သွယ်မှုခက်ခဲခဲ့ကြောင်း၊ မိမိအနေဖြင့် ကျိုင်းတုံမြို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ကျိုင်းတုံလေဆိပ်အဆင့်မြှင့်တင်ရေးအတွက်လည်း အဆင့်ဆင့်တင်ပြ၍ ဆောင်ရွက်ခဲ့ကြောင်း၊ လျှပ်စစ်မီးနှင့်ပတ်သက်၍လည်း ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များစွာရှိပြီးဖြစ်ကြောင်း၊ ယခင်က ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော်နိုင်မှုမရှိခဲ့ကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းသည် ရေမြေသဘာဝအားဖြင့် အရင်းအမြစ်များစွာရှိသော်လည်း အသုံးချနိုင်မှုနည်းပါးကြောင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ယခင်က တာချီလိတ်ဒေသတွင် မူးယစ်ဆေးဝါးပြဿနာများရှိခဲ့ပြီး ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုစာရင်းများ စစ်ဆေးဆောင်ရွက်ရာ၌ တိုင်းရင်းသားမဟုတ်ဘဲ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရယူကိုင်ဆောင်ထားခဲ့သည်ကို တွေ့ကြုံခဲ့ရကြောင်း၊ ယခုအခါ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရာတွင် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစား၍ဆောင်ရွက်ရကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်း စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ မိမိအနေဖြင့် တိုင်းမှူးတာဝန်ထမ်းဆောင်ချိန်တွင် စပါးစိုက်ပျိုးမှုများ အထွက်နှုန်းတိုးစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊

အလားတူ လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး အတွက်လည်း သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသအတွင်းလက်ဖက်စိုက်ပျိုးမှု တိုးတက်စေရေးအားပေးဆောင်ရွက်ပေးခဲ့ကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ခိုလမ်၊ နမ့်စန်၊ ဟိုပုံး၊ အောင်ပန်း၊ ဟဲဟိုး ဒေသများသည် မြေပြန့်လွင်ပြင်များဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများစွာရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် သမ္မာအာဇီဝကျသည့် စီးပွားရေးလုပ်ငန်းများဖြင့်သာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိအနေဖြင့် အမျိုးသားရည်မှန်းချက်များချမှတ်ထားပြီး အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်နှစ်ခုအဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် ငြိမ်းချမ်းရေးသည်အရေးကြီးသဖြင့် ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအားလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် ကိုယ့်ဘဝကိုယ် တိုးတက်အောင်ဆောင်ရွက်နိုင်အောင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကိုးကွယ်ရာဘာသာတရား အဆုံးအမများဖြင့် အားလုံး အေးအေးချမ်းချမ်းဖြင့်နေထိုင်နိုင်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ ရှိပြီးသား ရေနှင့်မြေ အရင်းအမြစ်များကို အပြည့်အဝအသုံးချ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဓာတ်မြေသြဇာထုတ်လုပ်ရေးနှင့်ပတ်သက်၍ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းများကို လှောင်မွေးသည့်စနစ်ဖြင့်စနစ်တကျမွေးမြူ ဆောင်ရွက်မည်ဆိုပါက ဇီဝမြေသြဇာများရရှိနိုင်မည်ဖြစ်ကြောင်း၊ တိရစ္ဆာန်များအတွက် လိုအပ်သည့် အစာနှင့်ရေများကိုလည်း စနစ်တကျဖြင့်ကျွေးမွေးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမှုများမှ တိရစ္ဆာန်များအတွက် လိုအပ်သည့်အစာများကို ထုတ်လုပ်၍ တိရစ္ဆာန်များအား အာဟာရပြည့်ဝအောင် ကျွေးမွေးနိုင်ခြင်းဖြင့် အသားထုတ်လုပ်မှုပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်၍ ကုန်ချောများထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချ၍ရကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်သဖြင့် ပညာရည်မြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ပညာရေးအရ အားနည်းသည်ကိုတွေ့ရှိရပြီး ဘာသာစကားဆိုင်ရာ အခက်အခဲများနှင့် အခြားသောအကြောင်းအမျိုးမျိုးကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကိုအားပေးရန်လိုကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် ရှမ်းပြည်နယ်အနေဖြင့် ပညာရေးဆိုင်ရာများကို ယခုထက် ပိုမိုအားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတစ်ဝန်းပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်နေခြင်းမှာ နိုင်ငံ၏အမျိုးသားအကျိုး စီးပွားတိုးတက်ရေး၊ တစ်ဦးချင်း၏ ပညာတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပညာတတ်များပေါကြွယ်ဝခြင်းသည် ဒီမိုကရေစီစနစ်ဖော်ဆောင်ရန်နှင့် တိုင်းပြည်၏ အနာဂတ်ကောင်းကို ပိုင်ဆိုင်ခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံတကာတွင်လည်း နိုင်ငံအလိုက်ပညာရည်မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒေသတွင်းနှင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်စေရေး အမြဲမပြတ်ကြိုးပမ်းဆောင်ရွက် နေကြရန်လိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

နယ်စပ်ကုန်သွယ်မှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တိုးတက်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကုန်သွယ်မှုပိုငွေများ တိုးတက်လာပြီဖြစ်ပြီး ဆက်လက်၍လည်း တိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ ပြည်ပသို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့ရာတွင် အရည်အသွေးမီ အဆင့်မြင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များ ပေါကြွယ်ဝစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါများ

လာပါက ပြည်ပသို့ သွားရောက်လုပ်ကိုင်ဆောင်ရွက်မှုများ နည်းပါးသွားမည်ဖြစ်ကြောင်း။

ကိုဗစ် -၁၉ ရောဂါကာကွယ် ကုသထိန်းချုပ်ရေးနှင့် ပတ်သက်၍ တတိယလှိုင်းဖြစ်ပွားနေချိန်တွင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သကဲ့သို့ အခက်အခဲဖြစ်ပေါ်လာချိန်၌ ရဟန်းရှင်လူ၊ ပြည်သူများအားလုံး၏ ဝိုင်းဝန်းကူညီလှူဒါန်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများကြောင့် အောင်မြင်စွာကျော်လွှားနိုင်ခဲ့ကြောင်း၊ အဆိုပါ ကိုဗစ် - ၁၉ ရောဂါသည် လက်တလောအချိန်တွင် ပျောက်ကင်းသွားနိုင်မှုမရှိသေးဘဲ ယခုအချိန်တွင် ခြောက်ရာခိုင်နှုန်းခန့် ကူးစက်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ရာတွင် မျှော်မှန်းထားသည့် ၅၀ ရာခိုင် နှုန်းထက်ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ဂရုစိုက်နေထိုင်ကြရန်လိုကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါသည် အရှင်းပျောက်ကင်းသွားမည့်ရောဂါမဟုတ်သဖြင့် တတ်နိုင်သရွေ့ ကြိုတင်ကာကွယ်ခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်မည်ဖြစ်ကြောင်း၊ နေရာဒေသအလိုက် ဒေသတွင်း လာရောက်တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအနေဖြင့် ဒေသအတွက် အမှန်တစ်ကယ်အကျိုးရှိမည့်လုပ်ငန်းများကို တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၁၈ - ၂ - ၂၀၂၂ )



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနကပြုလုပ်သည့် မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ Jean Phang နော်တောင်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမျိုးစေ့အသင်းနှင့် မျိုးစေ့ကုမ္ပဏီများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ စိုက်ပျိုးရေးတောင်သူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံမျိုးစေ့အသင်း၊ မျိုးစေ့ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ ပြပွဲမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံရေးလုပ်ငန်းစဉ်အနေဖြင့် သာယာဝပြောမှုရှိစေရန်၊ နိုင်ငံတော်တွင် စားရေရိက္ခာပေါများပြီး နိုင်ငံသူနိုင်ငံသားများအားလုံး စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝစွာရရှိစေရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ ၃၈ သန်းမျှသော နိုင်ငံသူ၊ နိုင်ငံသားများသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ကြောင်း၊ နိုင်ငံ၏အဓိကဝင်ငွေရရှိရေးအတွက်လည်း ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများထုတ်ယူရာတွင် နည်းပညာကို အခြေခံပြီးလုပ်ဆောင်ကြကြောင်း၊ လက်ရှိမိမိတို့ နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၌ အများစုသည် လုပ်အားကိုအခြေပြု၍ဆောင်ရွက်နေကြခြင်းဖြစ်သည့်အတွက် လုပ်ဆောင်သည်နှင့်ညီမျှသည့် အကျိုးအမြတ်များရရှိအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများအတွက် မျိုးကောင်းမျိုးသန့်များရရှိ စိုက်ပျိုးထုတ်လုပ်နိုင်ရေးသည် လယ်ယာကဏ္ဍအတွက် အရေးကြီးဆုံး လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဖြစ်ထွန်းအောင်မြင်လိုပါက မျိုး၊ မြေ၊ ရေ၊ နည်းစသည့် လေးချက်ကိုအလေးထားဆောင်ရွက်ရန် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ ထို့ကြောင့် မျိုးကောင်းမျိုးသန့်များကိုအခြေခံပြီး အခြားလုပ်ငန်းရပ် ၃ ခုဖြင့် ဖြည့်တင်းဆောင်ရွက်သွားကြရခြင်းဖြစ်ကြောင်း၊ မြေနှင့်ပတ်သက်၍ စိုက်ပျိုးရေးပြုလုပ်ရာတွင် မြေကိုစနစ်တကျပြင်ဆင်ခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများထည့်သွင်းခြင်းဖြင့် သီးနှံများအတွက် အာဟာရပြည့်ဝစွာရရှိအောင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း တိရစ္ဆာန်များအတွက် မြေကိုကောင်းအောင်ဆောင်ရွက်ပေးခြင်းနှင့် အာဟာရပြည့်အောင် အစာကျွေးမွေးခြင်းများကို ဆောင်ရွက်ရကြောင်း။

**အကျိုးကျေးဇူးများ ရရှိနိုင်မည်**

မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် ရောဂါပိုးမွှားဒဏ်ခံနိုင်မှု၊ ရေငတ်ဒဏ်ခံနိုင်မှု၊ ရေဝပ်ဒဏ်ခံနိုင်မှု၊ အပူချိန်နိမ့်မြင့်ဒဏ်ခံနိုင်မှု၊ အထွက်ပိုမိုရရှိမှုစသည့် အကျိုးကျေးဇူးများကိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ တောင်သူများအနေဖြင့် သီးနှံများအရည်အသွေးနှင့် အထွက်နှုန်းပါ တိုးတက်လာပြီး ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံသော လယ်ယာထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဝင်ငွေများမြင့်မားတိုးတက်လာစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုနှစ်မျိုးစေ့ပြပွဲ၏ ဆောင်ပုဒ်အနေဖြင့် "လူမှုစီးပွားတိုးတက်ဖို့၊ မျိုးကောင်းမျိုးသန့်သုံးကြစို့" ဟု သတ်မှတ်ပြီး ကျင်းပခြင်းဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် လယ်ယာထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီပြည့်စုံစွာရရှိစေရန်အတွက် သီးနှံ

**မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ အနေဖြင့်လည်း တည်ဆဲမျိုးစေ့နှင့်သက်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားကြရန်အတွက်လည်း အထူးမှာကြားလို။**

တန်ဖိုးကွင်းဆက်တစ်လျှောက်လုံးတွင် မျိုးစေ့စတင်ထုတ်လုပ်သည်မှ ဖြန့်ဖြူးခြင်းအပါအဝင် ထိန်းသိမ်းသိုလှောင်ခြင်း၊ ခေတ်မီနည်းပညာများဖြင့် တန်ဖိုးမြင့်ပစ္စည်းများထုတ်လုပ်ခြင်း၊ စနစ်တကျထုပ်ပိုးပြီး ဈေးကွက်သို့တင်ပို့ရောင်းချခြင်းများအထိ အကျိုးရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

**အရေးကြီးသောအခန်းကဏ္ဍ**

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ရေမြေအခြေအနေ ကွဲပြားခြားနားမှုရှိသည့် ဒေသအလိုက် ကောင်းစွာဖြစ်ထွန်းပြီး၊ အရည်အသွေးစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် မျိုးစေ့များထုတ်လုပ်နိုင်ရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်သည့် တစ်နှစ်တာကာလအတွင်း နိုင်ငံတော်၏ အဓိကသီးနှံများဖြစ်သည့် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် စီးပွားဖြစ်မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရန်အတွက် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ဆီထွက်သီးနှံနှင့်ပဲမျိုးစုံ မျိုးစေ့ထုတ်စိုက်ဧကပေါင်း (၄၅၅၂)ဧက၊ စပါးသီးနှံအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မျိုးစေ့ထုတ်စိုက်ဧကပေါင်း (၈၀၄၈) ဧက စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်ကို စာရင်းများအရ သိရှိရသည့်အတွက် ရှေ့လာမည့်နှစ်များတွင် ယခုထက်မက ပိုမိုထုတ်လုပ်နိုင်ရန် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများမှ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်စေရေးကို အားပေးရန်တိုက်တွန်းလိုပါကြောင်း။

**"မျိုးစေ့မမှန်၊ ပင်မသန်"** ဆိုသည့်စကားအတိုင်း မျိုးစေ့မကောင်းပါက အထွက်နှုန်းလျော့နည်းပြီး တောင်သူလယ်သမားများ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာမည်ဖြစ်သဖြင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးသည့်အနေဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံလိုသူများကိုစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ ကူညီပံ့ပိုးထောက်ခံချက်များဖြင့် နိုင်ငံသားကုမ္ပဏီများသာမက နိုင်ငံခြားသားကုမ္ပဏီများပါ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်နေနိုင်ကြပြီဖြစ်ပါကြောင်း၊ မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်းလိုအပ်ချက်အတွက်သာမက ပြည်ပသို့ မျိုးစေ့တင်ပို့မှုအတွက်ကိုပါဆောင်ရွက်နိုင်ပြီး အကျိုးအမြတ်ကောင်းစွာရရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးတစ်ခုလည်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံ့အကျိုး၊ တောင်သူလယ်သမားများ၏ အကျိုးကိုရှေးရှုပြီး၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာဌာနများ၊ ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍများပါ ဟန်ချက်ညီပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**အခြေအနေကောင်းများစွာရှိ**

ထို့ပြင် မိမိတို့နိုင်ငံ၏ ကွဲပြားခြားနားသည့် ဒေသရေမြေရာသီဥတု အနေအထားအရ သီးနှံမျိုးပေါင်းများစွာကို မျိုးစေ့ထုတ်လုပ်နိုင်ရန်အတွက်အခြေအနေကောင်းများစွာရှိနေရာ မျိုးစေ့ထုတ်လုပ်တင်ပို့သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်လိုအပ်သည့်ပြင်ဆင်မှုများ၊ ဖြေလျှော့မှုများ၊ ပံ့ပိုးကူညီမှုများကိုသာ ဖန်တီးပေးနိုင်ပါက မျိုးစေ့ထုတ်လုပ်တင်ပို့သည့် နိုင်ငံတစ်နိုင်ငံအဖြစ်ပေါ်ထွန်းလာပြီး တောင်သူလယ်သမားများနှင့် မျိုးစေ့ထုတ်လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသောလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မျိုးစေ့ကို နိုင်ငံခြားမှ တင်သွင်းဖြန့်ဖြူးခြင်းထက် ပြည်တွင်း၌ မျိုးစေ့ထုတ်လုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ပြီး၊ ပြည်တွင်းလုံလောက်မှုရှိရုံသာမက နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်ကိုပါ ကြိုးပမ်းဆောင်ရွက်သွားကြရန်အတွက်လည်း ထပ်လောင်း ပြောကြားလိုပါကြောင်း။

**ထုတ်လုပ်ဖြန့်ဖြူး**

မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြ သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ အနေဖြင့်လည်း တည်ဆဲမျိုးစေ့နှင့်သက်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်း မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားကြရန်အတွက်လည်း အထူးမှာကြားလိုပါကြောင်း။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ရည်ရွယ်ချက်များနှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များတွင် အပါအဝင်ဖြစ်သည့် "တောင်သူလယ်သမားများ သွင်းအားစု(မျိုးစေ့)

များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီစီမံဆောင်ရွက်ရန်” ဆိုသည့် ပြဋ္ဌာန်းချက် နှင့်အညီ မျိုးစေ့ပြပွဲများကို ၂၀၁၈ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ယခု “Seed Fair 2022” သည် စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေမှသည် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်အဆင့်များအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန်နှင့် အစိုးရဌာနနှင့် ပုဂ္ဂလိကတို့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မျိုးစေ့ကဏ္ဍပိုမိုဖွံ့ဖြိုးလာစေပြီး တောင်သူလယ်သမားများ၏အကျိုးစီးပွားကို ဆတက်ထမ်းပိုး တိုး၍ထမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖွင့်ပွဲအခမ်းအနားပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့တက်ရောက်ကြသူများသည် မျိုးစေ့ပြပွဲအတွင်း ခင်းကျင်းပြသထားသော ပြခန်းများနှင့် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းအတွင်းရှိစိုက်ခင်းများကို စိတ်ပါဝင်စားစွာဖြင့် ၄ နာရီခန့်ကြာ အသေးစိတ်ပြန်လည်လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး ရေရှားပါးသည့် ဒေသများရှိတောင်သူများစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာ၌ ရေအစက်ချစနစ်ဖြင့်ဆောင်ရွက်နိုင်ရေး၊ တိရစ္ဆာန်အစာ ရှားပါးသည့်ဒေသများတွင်လည်း နှံစားပြောင်း၊ ကောက်ရိုးနှင့်မြက်စသည့် တိရစ္ဆာန်အစာများ ချဉ်ဖတ်ပြုလုပ်ခြင်းကဲ့သို့ တန်ဖိုးမြင့်အစားအစာများကျွေးမွေးနိုင်ရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုတွဲဖက်၍ မိတ်ဖက်ကုန်ထုတ်လုပ်ငန်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသအလိုက်ကိုက်ညီသည့် ရာသီမရွေးစိုက်ပျိုးနိုင်သည့် နည်းစနစ်များသုတေသနပြုလုပ်၍ တောင်သူများ သိရှိနိုင်စေရေးစသည်တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တီထွင်ကြိုးပမ်းပြီး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး အခြားလိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့သည်။

**ရည်ရွယ်ကျင်းပ**

မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022)ကို မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များအသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုပြပွဲကို “လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့် သုံးကြစို့” ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ဦးစီးဌာနများရှိ သုတေသနခြံများ၊ မျိုးသန့်မျိုးပွားခြံများမှ ထုတ်လုပ်ထားသော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံ မျိုးစေ့၊ ပျိုးပင်၊ ပြခန်းပြကွက်များနှင့် စိုက်ခင်းများ၊ ပုဂ္ဂလိကပြခန်းများ စုံလင်စွာ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး မျိုးစေ့ဆိုင်ရာ အချက်အလက်များကိုလည်း www.myanmar seed portal.gov.mm တွင်အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုလေ့လာနိုင်ကြောင်းနှင့် မျိုးစေ့ပြပွဲ ၂၀၂၂ အခမ်းအနားကို ၅ ရက်ကျင်းပသွားမည်ဖြစ်ကာ ပြပွဲရက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများ၊ တောင်သူနှီးနှောဖလှယ်ပွဲများနှင့် နည်းပညာအခြေပြု စိုက်ပျိုးပညာပေးရေးလုပ်ငန်း များကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား)အတွင်းရှိ သမိုင်းဝင် အဆောက်အအုံများဖြစ်သည့် စက်မှုဌာန၊ ကျောင်းရုံးခန်းနှင့် ရှေးဟောင်း လယ်ယာသုံးစက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ လက်သမားပစ္စည်းများနှင့် အခြားပစ္စည်းများကို လှည့်လည် ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများကို ရှေးဟောင်းလက်ရာများအတိုင်း စနစ်တကျထိန်းသိမ်းထားရှိရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

■ ■ ■

# အကြိမ် (၅၀) မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားသို့ ပေးပို့ပြောကြားသည့် အမှာစကား

( ၂၁ - ၂ - ၂၀၂၂ )



**အားလုံးမင်္ဂလာပါ–**

ဒီနေ့ကျင်းပပြုလုပ်တဲ့ “အကြိမ်(၅၀)မြောက် ရွှေရတု အထိမ်းအမှတ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ”ကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ဘောင်တန်းဆောင်ရွက်နိုင်စေဖို့ရည်ရွယ်ပြီး မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို နှစ်စဉ်ကျင်းပလာခဲ့တာ ယခုအခါ ရွှေရတုအဖြစ် အကြိမ်(၅၀)တိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ၁၉၆၅ ခုနှစ်မှာ ပထမအကြိမ်ညီလာခံကို စတင်ကျင်းပနိုင်ခဲ့ပြီး အချို့သောနှစ်တွေမှာ ကျင်းပမှုမပြုနိုင်ခဲ့တဲ့အတွက် ယခုနှစ်မှာ အကြိမ် (၅၀)မြောက် ရွှေရတုအဖြစ် ကျင်းပနိုင်တာဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။

ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေချိန်မှာ ယခုညီလာခံကို ကျင်းပပြုလုပ်ရတာဖြစ်တဲ့အတွက် Virtual Conference ပုံစံနဲ့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီးအနေနဲ့ လုပ်ငန်းတာဝန်များခွဲခြားသတ်မှတ်ပြီး လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီများဖွဲ့စည်းကာ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြတာလို့ သိရှိရပါတယ်။

ကျန်းမာရေးဆိုင်ရာ သုတေသနတွေကနေပေါ်ထွက်လာတဲ့ ခိုင်မာတိကျတဲ့ ရလဒ်အခြေပြု သုတေသနတွေ့ရှိချက် (Evidence–based research finding) များဟာ

မိမိတို့နိုင်ငံရဲ့ ခေတ်စနစ်နဲ့ ကိုက်ညီသင့်တော်တဲ့ ကျန်းမာရေးဆိုင်ရာ မူဝါဒများချမှတ်ရာမှာလည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်အကျိုးရှိစေရေးအတွက်လည်းကောင်း၊ မိမိတို့နိုင်ငံမှာ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ရရှိစေရေးလုပ်ငန်းစဉ်ဖော်ဆောင်ရာမှာလည်းကောင်း များစွာအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။

မိမိတို့နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းက (၆၇ ဒသမ ၄၂)နှစ်ခန့်သာ ရှိနေတာမို့ ဒေသတွင်းနိုင်ငံများနဲ့ နှိုင်းယှဉ်ရင် နိမ့်ကျလျက်ရှိပါတယ်။ ဒီအခြေအနေနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာရတဲ့အကြောင်းရင်းများကို သုတေသနလုပ်ငန်းတွေနဲ့ ရှာဖွေဖော်ထုတ်ပြီး မိမိတို့နိုင်ငံအတွက် အရေးတကြီးလိုအပ်တဲ့၊ ခေတ်စနစ်နဲ့ကိုက်ညီတဲ့ နိုင်ငံတော်အဆင့် ကျန်းမာရေးဆိုင်ရာမူဝါဒများပေါ်ထွက်လာအောင် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေရဲ့ အားနည်းချက်၊ အားသာချက်များကို အချိန်နဲ့တစ်ပြေးညီ ရှာဖွေဖော်ထုတ်ပြီးဝန်ကြီးဌာနနဲ့ နိုင်ငံတော်ကိုအထောက်အကူပြုနိုင်အောင် ဆောင်ရွက်ခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစနစ်ပေါ်ထွန်းအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ယခုကဲ့သို့ ကျန်းမာရေးသုတေသန ညီလာခံများကျင်းပပြုလုပ်ခြင်း၊ သုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲများ ပြုလုပ်ခြင်းနဲ့ သုတေသနတွေ့ရှိမှုတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ပြည်သူများသိရှိစေဖို့ ပုံမှန်ထုတ်ပြန်ပေးခြင်း လုပ်ငန်းတွေကိုလည်း ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကူးစက်တတ်တဲ့ ရောဂါတွေ၊ ဆီးချို၊ သွေးတိုး၊ ကင်ဆာစတဲ့ မကူးစက်တတ်တဲ့ နာတာရှည်ရောဂါတွေနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေကိုလည်း နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အထူးသဖြင့် မိမိတို့ပြည်သူများ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ဖို့အတွက် လက်တွေ့အသုံးချ ကျန်းမာရေးသုတေသနများစွာ တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူများ သိရှိစေရေး နည်းလမ်းပေါင်းစုံအသုံးပြုပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရမှာဖြစ်ပါတယ်။

ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကျန်းမာရေးဝန်ကြီးဌာနရှိ ဆေးနဲ့ဆေးနီးနွယ်တက္ကသိုလ်များ၊ ဆေးရုံများ၊ ရောဂါတိုက်ဖျက်ရေးစီမံချက်များ၊ အခြေခံကျန်းမာရေး ဝန်ထမ်းများနဲ့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့လည်း လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဆေးနဲ့ဆေးနီးနွယ်တက္ကသိုလ်များရဲ့ သုတေသနဆောင်ရွက်နိုင်မှုစွမ်းရည်ကို ပိုမိုမြှင့်တင်နိုင်ရေး အလေးထားပူးပေါင်းဆောင်ရွက်ပေးဖို့ မှာကြားလိုပါတယ်။

တိုင်းရင်းဆေးပညာနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချသုတေသနတွေကတစ်ဆင့် ပြည်သူများ လက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်များ နိုင်ငံတကာအထိ ထိုးဖောက်နိုင်ရေးအတွက် တိကျခိုင်မာတဲ့၊ သုတေသနပြုထားတဲ့ အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးကို အသုံးပြုပြီး ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ကုသနိုင်ဖို့အတွက် သုတေသနဆောင်ရွက်လျက်ရှိတဲ့နေရာမှာ တိုးတက်မှုတွေရရှိနေကြောင်းသိရှိရပါတယ်။ ဒီလိုသုတေသနပြုလုပ်ပြီး တိကျခိုင်မာတဲ့ အချက်အလက်တွေ ပေါ်ထွက်လာခဲ့ရင် တိုင်းရင်းဆေးကို အသုံးပြုပြီး ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ကုသနိုင်မှာဖြစ်ပြီး မိမိတို့ပြည်သူများအတွက် များစွာအကျိုးရှိမှာ ဖြစ်ပါတယ်။

တိကျမှန်ကန်တဲ့ သုတေသနရလဒ်များအပေါ် မူတည်ပြီး ရလဒ်အခြေပြုမူဝါဒများရေးဆွဲခြင်း (Evidence-based Policy Making)၊ ကျန်းမာရေးစီမံချက်များ ရေးဆွဲခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ရတဲ့အတွက် သုတေသနလုပ်ငန်းတွေဆောင်ရွက်နေကြတဲ့ သုတေသီများ ကိုယ်တိုင်ကလည်း မိမိတို့သုတေသနရလဒ်များရဲ့ အရေးပါပုံကို သေချာစွာသိရှိနားလည်ပြီး သုတေသနကျင့်ဝတ်များကို တိကျစွာလိုက်နာဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာလည်း

အမြဲမပြတ် သတိပြုရမှာဖြစ်ပါတယ်။ ဒါကြောင့် သုတေသနကျင့်ဝတ်များနဲ့ ပတ်သက်လို့လည်း စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြဖို့ ပြောကြားလိုပါတယ်။ မိမိတို့နိုင်ငံမှာ အရာရာကို လေ့လာစူးစမ်းသုတေသနပြုလုပ်ပြီးရရှိလာတဲ့ သုတေသနရလဒ်များအပေါ်မှာ အခြေခံထားတဲ့လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ၊ ပညာရှင်တွေများစွာ ပေါ်ထွက်လာအောင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်၊ မတ်လ(၂၃)ရက်နေ့မှာ ကိုဗစ်-၁၉ ရောဂါပိုး မြန်မာနိုင်ငံကို စတင်ရောက်ရှိချိန်မှစပြီး ဆေးသုတေသနဦးစီးဌာနအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်ပိုးရဲ့ မျိုးရိုးဗီဇအစီအစဉ်တစ်ခုလုံးကို လေ့လာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ယခုအခါ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ကိုဗစ်-၁၉ ရောဂါပိုးရဲ့ မျိုးရိုးဗီဇပြောင်းလဲမှုအဆင့်ဆင့်ကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးမှတ်တမ်းတင်ထားနိုင်ခဲ့ကြောင်း သိရပါတယ်။ အခုနောက်ဆုံး ပေါ်ပေါက်လာတဲ့ ကိုဗစ်-၁၉ မျိုးဗီဇပြောင်း မျိုးကွဲအိုမီခရွန်နဲ့ ပတ်သက်လို့လည်း ပိုမိုသိရှိနိုင်ဖို့အတွက် သုတေသနပညာရှင်များအနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

**သုတေသနပြုလုပ်ခြင်းဟာ ရလဒ်ကောင်းများရရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်လို့ တွေ့ရှိချက်များအပေါ်မှာအခြေခံပြီး မြန်မာနိုင်ငံရဲ့ အမျိုးသားကျန်းမာရေးကဏ္ဍ မြင့်မားရေးမှာ ကျန်းမာရေးနဲ့ နီးနွယ်တဲ့ပုဂ္ဂိုလ်များအားလုံးက ကိုယ့်တိုင်းပြည်အတွက် ပြုလုပ်ခြင်းဖြစ်တယ်ဆိုတဲ့ ခံယူချက်နဲ့ ပူးပေါင်းလုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်။**

နှစ် (၅၀) ရွှေရတုခရီးလမ်းမှာ အောင်မြင်မှုများအနေနဲ့ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနမှတ်ပုံတင်ခြင်း (Myanmar Health Research Registry) online website ကိုထူထောင်နိုင်ပြီး ကျန်းမာရေးဆိုင်ရာ သုတေသနပေါင်း တစ်သောင်းကျော်ကို မှတ်တမ်းတင်ခဲ့ကြောင်းသိရှိရပါတယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသီများရဲ့ ကြိုးပမ်းမှုရလဒ်အဖြစ် ဆေးသုတေသနဦးစီးဌာနကို ငှက်ဖျားရောဂါတိုက်ဖျက်ရေးမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အသိအမှတ်ပြုစင်တာ (WHO Collaborating Centre) အဖြစ် (၂၀၀၃) ခုနှစ်မှာ အသိအမှတ်ပြုခံခဲ့ရပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ဒါ့အပြင် ဆေးသုတေသနဦးစီးဌာနအနေနဲ့ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးကို ပြည်တွင်းမှာ ထုတ်လုပ်နိုင်ဖို့ ကိုရီးယားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး စက်မှုဝန်ကြီးဌာနကို နည်းပညာလွှဲပြောင်းပေးခဲ့ရာကနေ အဲဒီအချိန်ကစပြီး စက်မှုဝန်ကြီးဌာနအနေနဲ့ အသည်းရောင် အသားဝါ (ဘီ) ကာကွယ်ဆေးကို (၁၉၉၆) ခုနှစ်မှာ စတင်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ အရည်အသွေးပြည့်ဝကောင်းမွန်တဲ့ မြွေဆိပ်ဖြေဆေး ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနတွေ ကိုလည်း နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဆက်လက်ဆောင်ရွက်နေကြောင်းလည်း သိရှိရပါတယ်။

ယခု အကြိမ်(၅၀)မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံရဲ့ ဆောင်ပုဒ် (Congress Theme)က "မျှဝေခံစားအသိတိုးပွား - ကိုဗစ်တတိယလှိုင်း အတွေ့အကြုံများ" (Response to COVID-19 in Myanmar : Reflections after the Third Wave) ဖြစ်တယ်လို့ သိရှိရပါတယ်။ ဒါကလည်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလအတွင်း နိုင်ငံတော်နဲ့ ပြည်သူများ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့လို့ အောင်မြင်မှုရလဒ်များရရှိခဲ့တဲ့ အတွေ့အကြုံ အရ ပြည်သူတစ်ဦးချင်းစီအနေနဲ့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်ရေး အရေးကြီးပုံကို မီးမောင်းထိုးပြနိုင်ဖို့အတွက်ရည်ရွယ်ပြီး ညီလာခံဆောင်ပုဒ်ကို ရွေးချယ်ခဲ့တာလို့ သိရပါတယ်။

နိဂုံးချုပ်အနေနဲ့–

ယခုလို သုတေသနညီလာခံတွေ ကျင်းပခြင်းဖြင့် လူငယ်တွေမှာ စူးစမ်းလေ့လာသုတေသနပြုလိုတဲ့ Research culture ကိုပြုစုပျိုးထောင်ပေးသွားရမှာဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အကျိုးရှိစေမယ့် ကျန်းမာရေးသုတေသနလုပ်ငန်းတွေကို ရေတို၊ ရေရှည်ပန်းတိုင်များ ချမှတ်ဆောင်ရွက်သွားကြဖို့ မှာကြားလိုပါတယ်။ နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပြီးရရှိလာတဲ့ သုတေသနရလဒ်တွေကို စနစ်တကျမှတ်တမ်းတင်ထားရှိပြီးတော့ နိုင်ငံတကာ အသိအမှတ်ပြုဂျာနယ်များ ၊ စာစောင်များ ထုတ်ဝေပြီး နိုင်ငံတော်ရဲ့ ကျန်းမာရေးသုတေသန အဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်ပေးကြပါ။

အလားတူ ပြည်သူများ ဆေးကုသမှုခံယူတဲ့အခါမှာ စိတ်အေးချမ်းသာစွာနဲ့ ဘေးကင်းလုံခြုံစိတ်ချရပြီး အရည်အသွေးပြည့်ဝတဲ့ ကုသစောင့်ရှောက်မှုများ ရရှိနိုင်ရေးအတွက် ကုသရေးဆိုင်ရာနဲ့ ဆေးရုံစီမံ/အုပ်ချုပ်မှုဆိုင်ရာ လက်တွေ့အသုံးချသုတေသန လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးသွားဖို့လည်း မှာကြားလိုပါတယ်။

သုတေသနပြုလုပ်ခြင်းဟာ ရလဒ်ကောင်းများရရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်လို့ တွေ့ရှိချက်များအပေါ်မှာအခြေခံပြီး မြန်မာနိုင်ငံရဲ့ အမျိုးသားကျန်းမာရေးကဏ္ဍမြင့်မားရေးမှာ ကျန်းမာရေးနဲ့ နှီးနွှယ်တဲ့ပုဂ္ဂိုလ်များအားလုံးက ကိုယ့်တိုင်းပြည်အတွက် ပြုလုပ်ခြင်းဖြစ်တယ်ဆိုတဲ့ခံယူချက်နဲ့ ပူးပေါင်းလုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်။

သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ (Research and Development)ဟာ ဆက်စပ်နေတာဖြစ်တဲ့ အတွက်ကြောင့် မိမိတို့အစိုးရအနေနဲ့ သုတေသနလုပ်ငန်းများကို အထူးအားပေးသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးသုတေသနလုပ်ငန်းတွေကတစ်ဆင့် မိမိတို့နိုင်ငံရဲ့ မျှော်မှန်းသက်တမ်း ယခုထက် ပိုမိုမြင့်မားလာစေရေးနဲ့ လူတိုင်းလက်လှမ်းမီပြီး အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အားလုံးကိုယ်စီရရှိပြီးတော့ မိမိတို့နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ပိုမိုမြင့်မားလာစေဖို့ ယခုကျင်းပတဲ့ ညီလာခံကနေ အခြေခံအုတ်မြစ်ကောင်းများ ပေါ်ထွန်းလာစေဖို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# (၇၅) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၇-၂-၂၀၂၂)

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား -**

ယနေ့ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

ရှမ်းပြည်နယ်သည် မိမိတို့နိုင်ငံ၏ အရှေ့ဘက်တောင်တန်းဒေသများဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ခြောက်သောင်းခန့်ရှိကာ တစ်ဖက်နိုင်ငံများနှင့်လည်း ဆက်စပ်နေသဖြင့် နိုင်ငံအတွက် အရေးပါသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ ရှမ်း၊ ကချင်၊ ကယား၊ ပလောင်၊ ပအိုဝ်း၊ ဝ၊ ဓနု၊ ကိုးကန့် စသည့် တိုင်းရင်းသားမျိုးနွယ်စု များစွာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ဖြင့် စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ စုပေါင်းနေထိုင်လျက်ရှိကြပြီး တောတောင်ရေမြေသဘာဝ အလှအပများနှင့် ပြည့်စုံသောဒေသဖြစ်ပါသည်။ ထို့ပြင် မြေပေါ်မြေအောက်သယံဇာတများဖြစ်သည့် သတ္တုရိုင်းတွင်းထွက်များ၊ ကျောက်မျက်ရတနာများ၊ ကျွန်းသစ်နှင့် သစ်တောထွက်ပစ္စည်းများဖြင့် ရေခံမြေခံကောင်းများလည်းရှိပြီး နယ်စပ်ဒေသကုန်သွယ်ရေးများဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နှစ်ပေါင်းများစွာကတည်းကပင် သမိုင်းအထောက်အထား အခိုင်အမာနှင့် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများထွန်းကားခဲ့ပြီး တိုင်းရင်းသားလူမျိုးစုအားလုံးတို့ ခေတ်အဆက်ဆက် အေးအတူပူအမျှ အခြေချနေထိုင်လာခဲ့ကာ ကမ္ဘာ့အလယ်တွင် ထင်ရှားစွာ ရပ်တည်လာခဲ့ကြပါသည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်တိုင်တိုင် တိုက်ခိုက်သိမ်းယူခဲ့ခြင်းကြောင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

**တိုက်ထုတ်နိုင်ခဲ့**

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တို့နှင့်ပူးပေါင်း၍ နယ်ချဲ့အင်္ဂလိပ်ကို မောင်းထုတ်နိုင်ခဲ့သလို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့မြေပေါ်မှ အပြီးတိုင် တိုက်ထုတ်နိုင်ခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည့်နောက် ဗြိတိသျှစစ်တပ်များသည် ဗမာနိုင်ငံအား ပြန်လည်သိမ်းပိုက်ခဲ့ကြပါသည်။ ယင်းအချိန်၌ ရှမ်းပြည်နယ်စော်ဘွားများ၊ လူထုခေါင်းဆောင်များနှင့် ပြည်သူလူထုသည် စစ်ဘေးစစ်ဒဏ်ကို အလူးအလဲ ခံစားခဲ့ရသည့်ကြားမှာပင် နိုင်ငံရေးအရ နိုးကြားတက်ကြွလာခဲ့ကြပါသည်။

စစ်မှန်သော လုံးဝလွတ်လပ်ရေးမရရှိမချင်း တိုက်ပွဲပေါင်းစုံ ဆင်နွှဲနေကြမည်ဟူသော တိုင်းရင်းသားအားလုံး၏ ရင်တွင်းမှ ခိုင်မာပြင်းပြသော သန္နိဋ္ဌာန်ဖြင့် တိုင်းရင်းသားခေါင်းဆောင်များသည် တညီတညွတ်တလုံး

တစည်းတည်းစုပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့လွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြရာတွင် ရှမ်းပြည်နယ်မှ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၊ ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားများကလည်း ရှုပ်ရှုပ်ချွံချွံ ပူးပေါင်းပါဝင်ခဲ့ကြသည်မှာ ရှမ်းတိုင်းရင်းသားများ၏ မျိုးချစ်စိတ်ဓာတ်ကို ပေါ်လွင်စေခဲ့ပါသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားခေါင်းဆောင်များနှင့် လှည့်လည်တွေ့ဆုံဆွေးနွေးချိန်တွင် တောင်ကြီးမြို့သို့ဝင်ရောက်၍ ရှမ်းပြည်နယ်မှ စော်ဘွားများ၊ ကိုယ် စားလှယ်များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် လန်ဒန်သို့သွားရောက်ပြီး တောင်တန်းဒေသများအပါအဝင် မြန်မာတစ်နိုင်ငံလုံးကို အတူတကွ လွတ်လပ်ရေးပေးရန် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များသည် ဗမာပြည်မနှင့်အတူပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့် သဘောတူဆုံးဖြတ်ချက်များကို ရှမ်းပြည်နယ် ပင်လုံမြို့၌ ချမှတ်နိုင်ခဲ့ပါသည်။ ထိုသို့ တောင်တန်း၊ ပြည်မမခွဲခြားဘဲ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးကို အတူတကွရယူရန် ဆုံးဖြတ်နိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် ကျင်းပပြုလုပ်လာခဲ့သည်မှာ (၇၅) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ထို့ပြင် မကြာမီကျရောက်တော့မည့် (၇၅)နှစ်မြောက် စိန်ရတုပြည် ထောင်စုနေ့ အကြိုကာလလည်းဖြစ်သဖြင့် ထူးခြားလေး နက်သည့်သဘောကို ဆောင်နေပါသည်။ ထို့ကြောင့် ရှမ်း ပြည်နယ်နေ့သည် တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သော နေ့ထူးနေ့မြတ်အခါသမယပင် ဖြစ်ပါသည်။

**အသက်တမျှအရေးပါလျက်ရှိ**

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးပါလျက်ရှိသလို နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက်ကြီးမားသော မောင်းနှင်အားတစ်ရပ်လည်း ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရမည် ဖြစ်ပါသည်။ ယနေ့အချိန်တွင် ငြိမ်းချမ်းရေး မရရှိသေးသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် ရည်ရွယ်ချက်မဲ့သော စစ်ပွဲများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်ပါသည်။ မိမိတို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ နေထိုင်လိုခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး၏ တူညီပြင်းပြသော ဆန္ဒပင်ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန်နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှုတို့ကို တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးတစ်ရက်စောပြီး တည်ဆောက်နိုင်လျှင် ပြည်သူများအတွက် တစ်ရက်စောပြီး အကျိုးရှိမည် ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အစဉ်တစိုက် ကြိုးပမ်းမှုများကြောင့် ဆွေးနွေးပွဲများကျင်းပနိုင်ပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အကျိုးကျေးဇူးများ တိုးတက်ရရှိနိုင်တော့မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကိုချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိပါသည်။ မြန်မာနိုင်ငံကြီးအား လွတ်လပ်မှု၊ လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ် လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

တိုင်းရင်းသားညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင် တည်ဆောက်ခဲ့သော စည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးတို့ကို ပြန်လည်ရရှိအောင် တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

လွန်ခဲ့သော ၇၅ နှစ်က ပင်လုံမြို့ကလေးတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သလို ယနေ့အချိန်အခါတွင်လည်း တိုင်းရင်းသားစည်းလုံး ညီညွတ်

မှုကို အမြန်ဆုံးပြသနိုင်ဖို့ အားလုံးဝိုင်းဝန်း ကြိုးစားသွားကြရမည်ဖြစ်ပါသည်။

**သတိပြုသင့်**

နိုင်ငံအတွင်း ယနေ့ဖြစ်ပေါ်ကြုံတွေ့နေရသည့် ဆူပူအကြမ်းဖက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှု မရှိခြင်းအတွက် တိုင်းရင်းသားပြည်သူများအနေဖြင့် ဆင်းရဲဒုက္ခများစွာ ကြုံတွေ့ကြရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေလျက်ရှိပါသည်။ နိုင်ငံနှင့် ပြည်သူအကျိုးကိုမကြည့်ဘဲ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲစိတ်ဖြင့် လွဲမှားစွာဆောင်ရွက်နေသည့်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက အသိ၊ သတိဖြင့် သုံးသပ်ဆင်ခြင်ပြီး လမ်းကြောင်းမှန်ပေါ်ရောက်ရှိရေး သတိပြုသင့်ကြပါသည်။ ထိုသို့မဟုတ်ပါက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုထိခိုက်စေပြီး နိုင်ငံ၏ရှေ့ရေးမှာရင်လေးဖွယ်ရာကောင်းပါသည်။ သို့ဖြစ်ပါ၍ မိမိတို့တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသော ဖက်ဒရယ်စနစ်ကိုအခြေခံသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံး ပင်လုံစိတ်ဓာတ်အရင်းခံကာ ချစ်ကြည်စည်းလုံးစွာဖြင့် နိုင်ငံတော်အစိုးရနှင့်အတူပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

■ ■ ■

# ၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၁၂ - ၂ - ၂၀၂၂ )

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမ များခင်ဗျား-**

ကျက်သရေ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ မင်္ဂလာအခါသမယ တွင် မိဘပြည်သူ တိုင်းရင်းသားသွေးချင်း ညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ပြီး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေ ကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သ အပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်း ကြောင်းကို ပြန်ပြောင်းသုံးသပ်ကြည့်မည်ဆိုလျှင် တိုင်းရင်းသားသွေးချင်းများ၏ ချစ်ကြည်စုစည်းမှုကို တည်ဆောက်နိုင်သည့် ကာလများတွင် နိုင်ငံ့အင်အား တောင့်တင်းခိုင်မာ၍စည်ပင်သာယာဝပြောခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားသွေးချင်း များအကြားတွင် စည်းလုံးညီညွတ်မှုလျော့ပါးခဲ့သည့် ကာလများတွင်မူ နိုင်ငံ့အင်အား ဆုတ်ယုတ်ခဲ့ပြီး နောက် ဆုံးတွင် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည့် ခါးသီးသော အတွေ့အကြုံကို ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါသည်။

သူ့ကျွန်ဘဝ၌ နယ်ချဲ့အုပ်စိုးသူတို့က ၎င်းတို့၏ စိုး မိုးခြယ်လှယ်မှု အစွန့်ရှည်တည်တံ့စေရေးအတွက် တိုင်းရင်းသား သွေးချင်းတို့အကြားတွင် အမျိုးမျိုးသွေးခွဲ သပ်လျှိုခဲ့ကြခြင်းကြောင့် တိုင်းရင်းသားများ၏ စည်းလုံး ညီညွတ်မှု ပိုမိုလျော့ပါးခဲ့ရပြီး ပြည်ထောင်စုစိတ်ဓာတ် ပြိုကွဲခဲ့ရသည်မှာလည်း သတိပြုဆင်ခြင်ဖွယ် သမိုင်းပေး သင်ခန်းစာတစ်ရပ်ပင် ဖြစ်ပါသည်။

ဆုံးရှုံးခဲ့ရသည့် နိုင်ငံ့လွတ်လပ်ရေး ပြန်လည်ရရှိရန် အတွက် တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့် လက်တွဲကာ အသက်သွေးချွေးပေါင်းများစွာပေးဆပ်၍ မလျှော့သော ဇွဲလုံ့လဖြင့် အခက်အခဲများစွာကို ရင်ဆိုင် ဖြတ်သန်းကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းရာတွင် နိုင်ငံ့ခေါင်းဆောင်များ၏ ဖြောင့်မတ်တည်ကြည်သည့် ဦးဆောင်မှုဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အကြား စည်းလုံးညီညွတ်မှုကို ရယူကာ ပြည်ထောင်စု စိတ်ဓာတ်ကို အခိုင်အမာ ပြန်လည်တည်ဆောက်နိုင်ခဲ့ ကြပါသည်။ ယင်းသို့သော ပြည်ထောင်စုစိတ်ဓာတ် အရင်းခံသည့် စည်းလုံးညီညွတ်မှု၏ အထိမ်းအမှတ် သက်သေအဖြစ်တောင်တန်းနှင့်မြေပြန့်တပေါင်းတစည်း တည်း လွတ်လပ်ရေးရယူကြရန် သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခု နှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ တိုင်းရင်း သားသွေးချင်းတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ (၁၂) ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင် သတ်မှတ်ဂုဏ်ပြုခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၅)နှစ် ပြည့်မြောက်ခဲ့ပြီး စိန်ရတုအခါသမယသို့တိုင် ရောက်ရှိ

ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား–**

ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် တောင်တန်းနှင့် မြေပြန့်ဒေသများ ညီညွတ်ပေါင်းစည်းပြီး မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ယင်းသို့ နိုင်ငံတော်တစ်ဝန်းလုံးစုစုစည်းစည်းဖြင့် လွတ်လပ်ရေးကိုပြန်လည်ရယူပေးနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်းများအကြား ထာဝစဉ်ကိန်းအောင်းတည်တံ့စေရန် ဆက်လက်ထိန်းသိမ်းကာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မမှိတ်မသုန် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင်အကြောင်းအမျိုးမျိုးကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားကာ စတင်ဖြစ်ပွားခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ယနေ့ကာလထိတိုင်အောင် အပြီးတိုင် မဖြေရှင်းနိုင်သေးခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာမတည်ဆောက်နိုင်သေးခြင်းတို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေရသည်ကို တိုင်းရင်းသားညီနောင်များအားလုံး ကောင်းစွာသဘောပေါက်သိမြင်ကြပြီး ဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြည့်အဝဖော်ဆောင်နိုင်ခြင်း မရှိသေးသမျှကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်ထောင်စုသားအချင်းချင်း ဝေမျှခံစားနိုင်ရန် အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်ပါသည်။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ပကတိလိုအပ်ချက်သည် ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ပါ သည်။ နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသား ညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀)ဖွဲ့အထိ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် ဘုံသဘောတူညီချက်များ ရယူနိုင်ခဲ့ပြီး ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်များကို သဘောတူညီခဲ့ကြပြီးဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို မိမိတို့တိုင်းရင်းသားအားလုံးကပင် မဖြစ်မနေ ဖော်ဆောင်ကြရမည်ဖြစ်ရာ သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူအားလုံးအနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) ပါ သဘောတူညီချက်များအတိုင်း တတ်နိုင်သမျှ အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား–**

အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲ မှန်ကန်လှသည့် ထာဝရအမှန်တရားပင် ဖြစ်ပါသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး အချင်းချင်း အပြန်အလှန် ချစ်ခင်လေးစားယုံကြည်မှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်နိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် အရည်အချင်း ပြည့်ဝ၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည် အလွန်အရေးကြီးပါသည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့်လူမျိုးကိုထိပါက မချိအောင်နာသည့် စိတ်ပင်ဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်အားနည်း

ပါက တိုင်းပြည်နှင့်လူမျိုးအတွက် များစွာအန္တရာယ်ရှိနိုင်ပါသည်။

ထို့ကြောင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းရေးတို့သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အရေးကြီးသော တာဝန်ပင်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအားလုံးက မိမိတို့၏ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကာ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရန် လိုအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား-**

ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးပင် ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်နှင့်အတူ ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အလေးအနက်တိုက်တွန်းလိုပါသည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်းၕ ရင်ဆိုင်ကြုံတွေ့နေရသော ကူးစက်မြန်ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ရောဂါကူးစက်ဖြစ်ပွားမှု သိသိသာသာလျော့နည်းလာပြီး ဆက်လက်၍လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကပ်ရောဂါကာလအတွင်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှု လျော့ပါးစေရေးနှင့်အတူ ကပ်ရောဂါဘေးအလွန် ကာလတွင်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့် အလမ်းများတိုးတက်အောင်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းလိုပါသည်။

သို့ပါ၍ ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်ဖြစ်သော-

(၁) ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး၊

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်း တည်ဆောက်ရေး၊

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး၊

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေးတို့ကို

အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် ဤနေ့ထူးနေ့မြတ်ဖြစ်သော စိန်ရတုပြည်ထောင်စုနေ့ အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။ ။

■ ■ ■

# (၇၄) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

## ( ၁၀ - ၂ - ၂၀၂၂ )

**ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ကျရောက်သည့် ဖေဖော်ဝါရီလ (၂၀)ရက်နေ့သည် ချင်းပြည်နယ်နှင့် ဒေသအသီးသီးတွင် နေထိုင်ကြသော ချင်းတိုင်းရင်းသားအားလုံးအတွက် ထူးခြားလေးနက်၍ ကျက်သရေမင်္ဂလာပြည့်ဝသော (၇၄) နှစ်မြောက် ချင်းအမျိုးသားနေ့ဖြစ်ပါသည်။ ယခုကဲ့သို့သော ချင်းတိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်တွင် ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ချင်းပြည်နယ်၊ ဖလမ်းမြို့၌ လူထုညီလာခံကျင်းပကာ စော်ဘွားများအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသော သတ္တမအကြိမ်မြောက် ချင်းရေးရာကောင်စီညီလာခံတွင် ချင်းအမျိုးသားနေ့သတ်မှတ်ရေးအဆိုများတင်သွင်းမှုအပေါ် တက်ရောက်လာသော အမတ်အားလုံး၏ဆန္ဒကိုရယူလျက် ဖလမ်းမြို့တွင် လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို "ချင်းအမျိုးသားနေ့"အဖြစ် ရွေးချယ်သတ်မှတ်အတည်ပြုခဲ့ပါသည်။ ၁၉၄၈ ခုနှစ်ကို အစပြု၍ သတ်မှတ်ခဲ့သော ချင်းအမျိုးသားနေ့သည် ယခုနှစ်ဆိုလျှင် (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ချင်းအမျိုးသားနေ့သည် ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ထုံးတမ်းအရတူညီသည့် ချင်းလူမျိုးအားလုံး၏ နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။

ချင်းပြည်နယ်သည် သဘာဝပထဝီအနေအထားအရ မြောက်မှတောင်သို့ သွယ်တန်းနေသော အနောက်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်သို့ စီးဝင်နေသော ကုလားတန်မြစ်၊ ရှားပါးအပင်များ ပေါက်ရောက်ရာနှင့် ရှားပါးသတ္တဝါများ ခိုအောင်းရာ နတ်မတောင်၊ ခေါန့်စုမ်တောင်၊ ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားသော စစ်မြေပြင်ကနေဒီတောင်ထိပ်၊ လှပသောရိဒ်ရေကန်၊ တသွင်သွင်စီးဆင်းနေသော မဏိပူရ်မြစ်၊ ဘွေနူးမြစ်၊ ဘုံတလာရေတံခွန်စသည့် သဘာဝအရင်းအမြစ်များနှင့် မြေပေါ်မြေအောက် သယံဇာတများ တည်ရှိရာနေရာတစ်ခု ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံဖြင့် နှစ်ပရိစ္ဆေဒကြာမြင့်စွာ အတူတကွရင်းနှီးချစ်ကြည်နေထိုင်ခဲ့ကြပါသည်။ သို့ရာတွင် ၁၉ ရာစုအတွင်း ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့၏ ကိုလိုနီနယ်ချဲ့ ကျူးကျော်မှုများကြောင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှနယ်ချဲ့တို့က သိမ်းပိုက်ကျွန်ပြုပြီး တောင်တန်းဒေသနှင့် မြေပြန့်ဒေသကို ခွဲခြားအုပ်ချုပ်ခဲ့ပါသည်။ ဤကဲ့သို့ တိုင်းတစ်ပါးသားတို့၏ မတရားကျူးကျော်အုပ်ချုပ်ခြင်းကို သူ့ကျွန်မ

ခံလိုသော ချင်းတိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများနှင့် ပူးပေါင်းကာ နယ်ချဲ့တို့အား တွန်းလှန်တိုက်ခိုက်ခဲ့ကြသည့် နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ လက်တွဲပူးပေါင်းတိုက်ပွဲဝင်ခဲ့ကြသည့် ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်ခိုင်ကမ်းစသည့် ချင်းတိုင်းရင်းသား ခေါင်းဆောင်များ၏ မျိုးချစ်စိတ်ဓာတ်မှာ ချင်းပြည်နယ်အတွက် ဂုဏ်ယူဖွယ်ရာ သမိုင်းကောင်းအစဉ်အလာပင် ဖြစ်ပါသည်။

ထို့ပြင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ဦးလှျုရ်မှုန်၊ ဦးထောင်ဇခုပ်၊ ဦးကီယိုမန်းစသည့်တိုင်းရင်းသားခေါင်းဆောင်များသည်လည်း ချင်းပြည်နယ်၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ပြနိုင်ခဲ့သည့် လေးစားဂုဏ်ယူဖွယ် သာဓကများပင်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများစွာဖြင့် စုစည်းနေထိုင်လျက်ရှိသော မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့မှာ မည်မျှအရေးကြီးကြောင်း သမိုင်းကပြသလျက်ရှိပါသည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံးသည် မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်ကြပြီး စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတော်ကြီးထာဝရ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ကာ ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ချင်းပြည်နယ် နေရာဒေသအချို့အပါအဝင် နိုင်ငံနေရာအနှံ့အပြား၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံအတွက် အန္တရာယ်အလွန်ကြီးမားလှပါသည်။ ထိုသို့ဖြစ်ပေါ်ခဲ့သည့် မတည်မငြိမ်ဖြစ်ရခြင်း၏ အကြောင်းရင်းအမှန်တရားများကို သိရှိနားလည်ပြီး နိုင်ငံတော်ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေကြသူများနှင့် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်သမားများ၏ လုပ်ဆောင်နေမှုများ၊ ပယောဂများကို သိမြင်ခံစားသတိထားကြပြီး အဖျက်လုပ်ရပ်များကိုဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရန်လိုအပ်ကြောင်း အသိပေးအပ်ပါသည်။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရမည့်အချိန် ကျရောက်နေပြီဖြစ်ပါကြောင်း တိုက်တွန်းအသိပေးအပ်ပါသည်။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်ကိုယူနေရသည့် သတ်မှတ်ကာလအတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဦးတည်ချက်များနှင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အတိုင်း အောင်မြင်အောင်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက် အလေးထားကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်း၊ ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်ရှိပြည်သူများ မျှော်လင့်တောင့်တနေသော ချင်းပြည်နယ်အနှံ့အပြား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး

ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် ပြည်မနှင့်လွယ်ကူစွာဆက်သွယ်သွားလာနိုင်သော အဝေးပြေးလမ်းများနှင့်ပြည်နယ်တွင်းလမ်းများကိုတိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ဆိပ်ကမ်းတည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုလုပ်ငန်းများသည် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများဖြစ်ပါသည်။

ချင်းပြည်နယ်တွင် သွားလာရန်ခက်ခဲသော သဘာဝမြေမျက်နှာပြင်နှင့် မြင့်မားသော တောင်တန်း၊ တောင်စွယ်များတည်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့နေရသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါလှပါသည်။ ထိုသို့တည်ဆောက်လျက်ရှိရာတွင် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

■ ■ ■